www.burmeseclassic.com

# မမသဒ္ဒါမောင်

## ရင် ထဲ မှာ ထာ ဝ ရ



GRAPHIC DESIGNED BY YUWO

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး


### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မမသဒ္ဒါမောင်




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၄၂၈၀၃၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၅၂၉၀၅၀၉ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၀၉၊ ဩဂုတ်လ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်၃၁/၃၃၊ ၅၃လမ်း ဗိုလ်တထောင်မြို့နယ်၊ |
| ဖြန့်ချေး | - | ၁၄၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

၈၉၅. ၈၃

မမသဒ္ဒါမောင်

ရင်ထဲမှာထာ၀ရ / မမသဒ္ဒါမောင် ။ - ရန်ကုန်၊

ရွှေဥစာပေ၊ ၂၀၀၉။

၂၆၈ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) ရင်ထဲမှာထာ၀ရ




လောကမှာ ကိုယ်ကချစ်ပြီး ကိုယ့်ကို မသိမမြင်၊ မချစ်နိုင်တဲ့လူတစ်ယောက်ကို တစ်ဖက်သတ်စွဲလမ်းမိတာလောက် ကံမကောင်းတာဘာရှိတော့မှာလဲ။ အထူးသဖြင့် အရာရာကိုစောင့်စည်းထိန်းချုပ်တတ်တဲ့ သူမလိုမိန်းကလေးတစ်ယောက်အတွက် ပိုပြီးဆိုးရွားတာပေါ့။ အမှန်တကယ်တော့---အချစ်ဆိုတာ အင်မတန်ထူးခြားဆန်းကြယ်တဲ့အရာတစ်ခုပါ။ အဲဒီ'အချစ်'ဆိုတာနဲ့ သူမဘ၀နဲ့က တကယ့်ကို တသီးတခြားနဲ့ တစ်ခန်းတစ်ကဏ္ဍဆီပါပဲ။ ဒါပေမဲ့--- သူမရင်ထဲကို သူက တစိမ့်စိမ့်ဝင်ရောက်တွယ်ငြိပြီး ချစ်ခြင်းတစ်ခုဖန်ဆင်းပေးခဲ့တာအမှန်ပါ။

အံ့ဩစရာကောင်းတာကတော့ သူ့အပေါ်မှာ သိပ်ကိုချစ်မြတ်နိုးနေမိတဲ့ သူမရဲ့ချစ်ခြင်းတွေကို သူ မသိနိုင်တာကိုပဲဖြစ်ပါတယ်၊ ဘာပဲဖြစ်ဖြစ် သူ့ကို, သူ့အတွက် ဘာမဆိုလုပ်ပေးချင်တာ။ လုပ်ပေးခွင့်ရခဲ့တာတွေအတွက် ဝမ်းသာပီတိဖြစ်ရင်း သူမမြင်နိုင်တဲ့တစ်နေရာကနေ တိတ်တဆိတ်ငေးကြည့်ရင်း---သူ့ကိုသိပ်ချစ်တဲ့ချစ်ခြင်းတွေကို ရင်ထဲမှာ ထာဝရသော့ခတ်သိမ်းဆည်းထားရင်း---သူမဘဝကို 'ပေးဆပ်ခြင်း' ဆိုတဲ့ခေါင်းစဉ်အောက်မှာ အပြီးသတ်မြှုပ်နှံထားခဲ့တာကိုတော့ သူမက လွဲလို့ ဘယ်သူ့ကိုမှမသိစေခဲ့ပါ။

မ[illegible]ဖြူ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁ )

www.burmeseclassic.com

www.burmeseclassic.com



*Love looks not with the eyes, but with the mind.*

***William Shakespeare***

အချစ်ဟာ မျက်လုံးနဲ့တင် ကြည့်တာမဟုတ်ဘူး။ စိတ်နဲ့ပါ ကြည့်တာပါ။

ဝီလျမ်ရှိတ်စပီးယား



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

သူ့ကို စတင်ဆုံစည်းခဲ့ပုံက အတော်လေးကိုထူးဆန်းခဲ့ပါ၏။ ထိုနေ့က သူမ၏အသက် (၂၀)နှစ်မြောက်မွေးနေ့မှာ တိုက်တိုက်ဆိုင်ဆိုင် သူ့ကိုတွေ့ခွင့်ရခဲ့ခြင်းဖြစ်သည်။ မနက်အစောကြီး, ကိုကိုနှင့်အတူ ရွှေတိဂုံစေတီအတူဖူးပြီးအပြန်၊ ဖေဖေရှိရာ ပုဂ္ဂလိကဆေးရုံသို့ရောက်ခဲ့ရလေ၏။

စိတ်ထဲမှာ မွေးနေ့အမှတ်တရအဖြစ် သွေးလှူချင်သည့်အာသီသကြောင့် ကိုကိုက ဖေဖေရှိရာဆီရောက်အောင်ခေါ်ခဲ့ခြင်းဖြစ်သည်၊ မနက်အစောကြီးမို့ ဆေးရုံထဲမှာ လူရှင်းနေလေ၏၊ သူမနှင့်



www.burmeseclassic.com

www.burmeseclassic.com



ာကို, ဖေဖေ့ရုံးခန်းမှာ ခဏထိုင်စောင့်နေစဉ် ရုတ်တရက် လူနာ
ဝင်ယာဉ်ဖြင့် လူနာတစ်ဦးကို ဆေးရုံတွင်းသို့သယ်လာလေသည်။

ရုံးခန်းတွင်းသို့ ဖေဖေဝင်လာပြီး သူမနဖူးလေးကို ငုံ့နမ်းလိုက်လေ၏။

"Happy Birthday သမီး၊ ဖေဖေ Night duty မထွက်ရသေးဘူး။ Emergency ထပ်ရောက်လာလို့ သွေးရှာရဦးမယ်။ ဒီကိုလာတာ ဘာပူဆာချင်လို့လဲသမီး။ Birthday Present ကို ညနေမှယူလေ. . . နော်"

"ပူဆာဖို့မဟုတ်ပါဘူး. . . ဖေဖေရ။ ညီမလေးက မွေးနေ့မှာ အမှတ်တရသွေးလှူချင်လို့တဲ့"

"ဖြစ်ပါ့မလားသမီးရယ်. . . နဂိုကတည်းက ကျန်းမာရေးကခပ်ကောင်းကောင်း"

"ကျွန်မ လှူပါရစေဖေဖေ။ ကျွန်မဘဝမှာ ကျွန်မခွန်အားနဲ့အလှူမျိုး တစ်ခါမှမလှူဖြစ်ခဲ့လို့ပါ"

"သမီးရယ်, ဖေဖေက သမီးအတွက်ပြောနေတာပါ။ သမီးကိုဖေဖေဘယ်လောက်ချစ်သလဲဆိုတာ သမီးသိပါတယ်"

"ကျွန်မကိုတကယ်ချစ်တယ်ဆိုရင် ကျွန်မဆန္ဒကိုဖြည့်ပေး





ပါလားဖေဖေရယ်"

ဖေဖေ တစ်ချက်မျှငိုင်သွားစဉ် အခန်းဝသို့ Nurse မလေးတစ်ယောက် လာရပ်လေ၏။

"ဒေါက်တာ. . . လူနာက သွေးလိုနေပြီ။ သွေးက AB ဆိုတော့ ဒီမှာအဆင်သင့်မရှိဘူး"

"ဪ. . . Appendicitis ဆိုတော့ အရေးကြီးတယ်ဆိုမှတဲ. . . သမီးဆီကပဲ ယူရတော့မှာပဲ။ နော်စတယ်လာ, သွေးဖောက်ဖို့ပြင်ဆင်ပေးပါ"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

သီးသန့်ခန်းထဲမှာ သူမကိုသွေးဖောက်ဖို့ ပြင်ဆင်ကြသဖြင့် ခဏလေးအတွင်း Nurse မလေးတွေ အလုပ်ရှုပ်သွားရလေသည်။ သူမ, ခုတင်ထက်မှာ အသာလေးငြိမ်နေမိ၏။ ကိုကိုက သူမအနီးမှာ ငိုးရိမ်တကြီးစောင့်ကြည့်နေလေသည်။

"ခေါင်းထဲမှာ မူးသလားသမီး"

"ဟင့်အင်းဖေဖေ"

"ရင်ဘတ်ထဲကရော. . . အောင့်လား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



သွေးထုတ်ပြီးသွားတော့ ခွဲစိတ်ဆောင်မှာ လူနာကိုသွေးမြန်မြန်သွင်း၍ Operation လုပ်ကြလေ၏။ သူမ ခုတင်ပေါ်မှအသာဆင်းလိုက်တော့ ကိုကိုက သူမကို ကြိုးသိုင်းဖိနပ်လေးဝတ်ပေးလေသည်။

"ဖြူလေး. . . လူနာက ကိုကိုတို့ကျောင်းက ကောင်လေးပဲ။ အားကစားမှာ အရမ်းထူးချွန်တာ။ အူအတက်ပေါက်လို့ ခွဲရမှာလေ၊ သနားစရာလေး"

"အခု. . . သူကိုခွဲနေပြီလားကိုကို"

"ခွဲနေပြီပေါ့. . . ခဏနေ, ကိုကိုတို့ပြန်ကြရအောင်"

သူမခေါင်းညိတ်ပြလိုက်၏။ အနည်းငယ်ကြာပြီးနောက်မှာ Operation က ပြီးဆုံးသွားလေပြီ။

"လူနာရှင်တွေက ဖြူလေးကိုကျေးဇူးတင်လွန်းလို့ တွေ့ချင်တယ်တဲ့"

"ဟင့်အင်း. . . ကျွန်မ,မတွေ့ချင်ဘူးကိုကို"

"ဒါဆို ကိုကို, သူမိဘတွေကို သွားနှုတ်ဆက်လိုက်ဦးမယ်နော်၊ ခဏစောင့်နေဦး"

သူမ ခေါင်းညိတ်ပြလိုက်ပြန်၏။ အခန်းထဲမှ ချိုင်းထောက်





နှစ်ခုဖြင့် ခပ်ဖြည်းဖြည်းထွက်လာစဉ် အခန်းတစ်ခုမှာ Drip ပိုက်ချိတ်ပေးနေသည့်နော်စတယ်လာက ပြုံး၍နှုတ်ဆက်လိုက်လေ၏။

"ပြန်တော့မလို့လား ညီမလေး"

"ဟုတ်ကဲ့မမ"

"ဒီမှာလေ. . . ညီမလေး သွေးလှူပေးလိုက်တဲ့လူနာ"

"ဟုတ်လား"

သူမ အခန်းဝမှ အသာလှမ်းကြည့်ရင်း မျက်နှာကိုသိပ်မမြင်ရသဖြင့် အခန်းထဲ အသာလေးဝင်လာခဲ့မိ၏။ အိပ်ရာခင်းဖြူဖြူထက်မှာ ဖြူဖျော့ဖျော့သူ့မျက်နှာလေးကို သူမ ငေးမောနေမိစဉ်ခဏလေးမှာပဲ သူမနှလုံးသားက တဒိတ်ဒိတ်နဲ့အခုန်မြန်ခဲ့လေသည်။

ဘုရားရေ. . . ထူးဆန်းလှချည်လား. . .

နဂိုရှိရင်းစွဲ အဝါရောင်သွေးနေတဲ့ အသားအရေက သူ့မျက်နှာလေးနဲ့ အလွန်တရာကိုလိုက်ဖက်လွန်းနေ၏။ မေ့ဆေးရှိန်ကြောင့် အိပ်ပျော်နေပုံကိုက ပုံပြင်တွေထဲက မင်းသားလေးတစ်ပါးလို သိပ်ကိုစွဲဆောင်မှုရှိလွန်းနေပါသည်။

အပြစ်ကင်းစင်လွန်းသည့်မျက်နှာလေးက ကြည်ကြည်လင်



www.burmeseclassic.com

www.burmeseclassic.com



လင်လေးမို့ တစိမ့်စိမ့်ကြည့်လို့မဝနိုင်တော့ပါဘူး။ တကယ့်ကိုမှ ဆန်းကြယ်တာပါပဲ။ သူ့ခန္ဓာကိုယ်ထဲမှာ, သူမကိုယ်ခန္ဓာထဲက သွေးတွေ စီးမျောနေခဲ့တာ. . . ဘယ်လောက်အံ့ဩဖို့ကောင်းလိုက်ပါသလဲ။

ကျေနပ်ခြင်းတွေအပြည့်ဖြင့် သူ့ကိုမခွဲချင်ပါဘဲ သူမကျောခိုင်းထွက်ခွာလာခဲ့ရ၏။ စဉ်းစားကြည့်ပါ. . .။ မထင်မှတ်တဲ့အချိန်, မထင်မှတ်တဲ့နေရာမှာ ထင်မှတ်မထားတဲ့ကောင်လေးတစ်ယောက်ကို သူမ,မြတ်နိုးခဲ့ရတာလေ။ ရင်ထဲမှာ ပီတိတွေပြည့်နှက်ခံစားရင်း သူ့အမည်ကို တီးတိုးရေရွတ်လိုက်မိလေ၏။ 'ကျော်ဇေယျာမင်း' တဲ့။ ဘယ်လောက်လှပတဲ့နာမည်လေးပါလဲ။

ကိုကိုက သူမလက်မောင်းကိုအသာကိုင်၍ lift ထဲသို့ဝင်တာအောက်ကိုဆင်းလာခဲ့၏။ အိမ်အပြန်လမ်း ကားပေါ်မှာ ဘာစကားမှမဆိုဖြစ်ဘဲ အတွေးတွေ နယ်လွန်နေမိသည်။ ကားပြတင်းမှ လေအေးတို့က တဖြူးဖြူးတိုက်ခတ်နေလေ၏။ လေတို့ကြောင့် သူမ၏ဖြောင့်စင်းရှည်လျားသည့်ဆံနွယ်ညိုတွေက တလူလူလွင့်နေလေသည်။

ခြံထဲသို့ ကားကိုကွေ့ဝင်လိုက်စဉ် ဆလွန်းအဖြူလေးနှင့်ထိပ်





တိုက်တိုးလေ၏။

"ဘယ်သွားမလို့လဲချိုလေး. . ."

"သူငယ်ချင်းတွေကို မွေးနေ့အတွက်လိုက်ကျွေးဖို့ ချိန်းထားလို့ကိုကို. . ."

"မွေးနေ့မှာ ဘုရားလေးဘာလေးဖူးမယ်မရှိဘူး"

"ငယ်ပါသေးတယ်ကိုကိုရယ်၊ အချိန်တွေအများကြီးရှိပါသေးတယ်။ သွားပြီနော်. . . တာ့တာ"

ကိုကို့ထံမှသက်ပြင်းချသံကို ကြားလိုက်ရ၏။ အိမ်ရှေ့မှာ ကားရပ်လိုက်စဉ် မေမေက အသင့်စောင့်ကြိုနေလေသည်။

"လာ. . . သမီးကြီး၊ ဒီနေ့ သမီးကြီးအကြိုက် ခေါက်ဆွဲကြော်ထားတယ်"

"ဖေဖေပြန်လာမှပဲ အတူတူစားကြမယ်လေမေမေ"

"သမီးသဘောပါ။ ဟဲ. . . ဒီမှာ သမီးအတွက် မေမေမွေးနေ့လက်ဆောင်ဝယ်ထားပြီးပြီ"

ခန္ဓာကိုမနည်းထိန်းမတ်၍ အိမ်ထဲသို့ဝင်လာခဲ့၏။ ဧည့်ခန်းစားပွဲပေါ်မှာ အဝတ်မည်းဖြင့်ဖုံးထားသောကြောင့် သူမစိတ်ဝင်စားသွားသည်။ မေမေက ပိတ်စကိုအသာဖယ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အို . . . တယောလေးပါလား။

"ကြိုက်ရဲ့လားသမီး"

"ဟုတ်ကဲ့ပါမေမေ"

"ဟင်းဟင်း. . . သမီးက မအေတူသမီးရယ်လို့မပြောရဘူး။ ဒီဂီတမှာ အတော့်ကိုဝါသနာပါရှာတာကိုး"

"ဒီမှာ. . . ဒါက ကိုကို့လက်ဆောင်"

သူမ မာခေါက်ခေါက်အရာလေးကိုယူ၍ Packing Paper ကို ဆွဲခွာလိုက်ပါ၏။ အထဲမှ ခဲရောင်,ဘာဂျာရှည်လေး ထွက်လာလေသည်။

"ဟယ်. . . လှလိုက်တာ၊ မေမေနဲ့ကိုကို့ကို အရမ်းကျေးဇူးတင်တာပဲ"

"ဩော်. . . သမီးရယ်၊ မိသားစုချင်း ဒီစကားပြောဖို့မလိုပါဘူး"

သူမ ဘာဂျာလေးကို လက်နှစ်ဖက်ဖြင့်သေချာကိုင်၍ အသံစမ်းနေစဉ် ဆေးရုံမှ ဖေဖေပြန်လာလေ၏။ နောက်မှ ကားကြီးတစ်စီးပါလာသဖြင့် သူမအိမ်ဝမှာ ရပ်စောင့်ကြည့်နေစဉ် ကားပေါ်မှ စန္ဒရားကြီးကို ချလာလေသည်။





"ဒါ. . . ဖေဖေ့ရဲ့လက်ဆောင်နော်သမီး"

"ကျေးဇူးတင်ပါတယ်ဖေဖေ၊ ကျွန်မအတွက်နဲ့ ပိုက်ဆံတွေတော့ ကုန်ပါပြီ"

"ဩော်. . . မေ့သမီးကလည်း တစ်နှစ်မှာမှတစ်ခါပဲ သမီးဖို့ကုန်ရတာ ကုန်စမ်းပါစေ၊ သမီးဖေဖေက ဒေါက်တာချမ်းသာကြီးဟာ. . ."

ရယ်သံတွေ တီးတိုးထွက်လာလေ၏၊ စန္ဒရားတို့ ဧည့်ခန်းထောင့်ရှိ ပြတင်းပေါက်နားမှာ ကပ်ချပေးပြီး အလုပ်သမားတွေပြန်သွားတော့ မေမေက Birthday Cake ကိုယူလာပြီး ဖယောင်းတိုင်တွေ ထွန်းနေလေပြီ။ ကိတ်ပေါ်မှ စာလုံးလေးတွေက ထင်းနေ၏။

*"Happy Birthday*

*Manall Phyu"*

ဖေဖေက စန္ဒရားအဖုံးကိုဖွင့်၍ လက်ကွက်တွေ စမ်းနေစဉ် မေမေက တယောကို ကြိုးညှိလေ၏၊ ကိုကိုက သူမလက်ထဲမှ ဘာဂျာကို ယူကိုင်လိုက်သည်။

*"One --- Two --- Three---"*



www.burmeseclassic.com

www.burmeseclassic.com



*"Happy Birthday to you --- Happy Birthday to you--- Happy Birthday dear Manall Phyu--- Happy Birthday to you---"*

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

လက်ခုပ်သံများနှင့်အတူ သူမ ဖယောင်းတိုင်မီးတို့ကိုမှုတ်လိုက်ပါ၏။ ဖယောင်းတိုင်တွေကို ဖယ်ရှားလိုက်ပြီး ငွေဓားလေးဖြင့် ကိတ်မုန့်ကို အရွယ်တော်လှီးကာ ကြွေပန်းကန်ပြားလေးထဲ ထည့်လိုက်သည်။ ငွေဇွန်းကလေးဖြင့်ဖဲ့ကာ မေမေ့ကို အရင်ခွံ့ကျွေး၏၊ ပြီးတော့. . . ဖေဖေ၊ နောက်မှ ကိုကိုက Cream ကို လက်ညှိုးဖြင့် အသာကော်ယူ၍ သူမနှာခေါင်းထိပ်လေးမှာ တို့ပေးလိုက်လေ၏။

အိမ်ဖော်မလေးမိနီပါ လိုက်ရယ်လေတော့သည်။ မိသားစုတွေ ပျော်ပျော်ပါးပါးခေါက်ဆွဲကြော်စားအပြီးမှာ သူမ, အခန်းထဲဝင်လာခဲ့ပါ၏။ ခုတင်ဘေး စားပွဲပေါ်မှာ တယောလေးကို အသာထောင်လိုက်ပြီး ဘာဂျာလေးကို ခပ်သာသာလေးမှုတ်လိုက်မိ၏။ သာယာငြိမ့်ညောင်းလှသည့်တေးသံလေးက အခန်းထဲမှ လွင့်ပျံ့ထွက်ပေါ်လာလေသည်။ More than I can say တဲ့. . .

တကယ်ပါကွယ်. . . ပြောတာထက် ပိုချစ်နေမိတဲ့ ကျွန်မရဲ့





ချစ်ခြင်းတွေကို 'ကျော်'သိနိုင်မှာမဟုတ်ပေမယ့်၊ ကျွန်မတစ်ယောက်တည်း သံစဉ်လေးတွေနဲ့ပြောနေမိတယ်။ အချစ်က ကြည့်မြင်ခြင်းက စခဲ့တာလား။

ဟင့်အင်း. . .။ ဒါဆိုရင် နှလုံးသားနေရာက တဒိတ်ဒိတ်စည်းချက်ညီညီ ခုန်ပေါက်နေခြင်းကရော ဘာလဲ၊ သေချာပါတယ် 'ကျော်'. . .၊ 'ကျော်'မမြင်. . . 'ကျော်' မသိ. . . 'ကျော်' ရှိမနေတဲ့နေရာတစ်ခုမှာ 'ကျော့်'ကို မြတ်မြတ်နိုးနိုးချစ်မိနေတဲ့မိန်းကလေးတစ်ယောက်ရှိနေတာအမှန်ပါ။ သူမ တိုးသဲ့သဲ့လေး ရယ်မောလိုက်မိလေသည်၊ စိတ်ချမ်းသာလိုက်တာနော်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

အရုဏ်ဦးအလင်းမှုန်မှုန်က မှန်ပြတင်းဝမှတစ်ဆင့် ခုတင်ထက် အိပ်ပျော်နေသည့်သူမမျက်နှာပေါ် ဖြာကျလာလေ၏။ မျက်လုံးအစုံကို ဖျတ်ခနဲဖွင့်လိုက်ရင်း မျက်နှာက အလိုလိုပြုံးမိသွားရသည်။

ကြည့်စမ်း. . . အရင်တုန်းကဆို အမြဲနိုးထလာမိတဲ့ မနက်ခင်းတိုင်းမှာ ဒီလိုဒုက္ခိတဘဝကြီးနဲ့ အသက်ဆက်မရှင်ချင်ဘဲ မြန်မြန်ဘဝကူးအောင် စိတ်မာတ်တွေကျပြီး ဆုတောင်းတတ်လေ့ရှိခဲ့တာ။ အခုတော့. . . သူမ၏မနက်ခင်းတိုင်းဟာ အဓိပ္ပာယ်ပိုရှိလာ



www.burmeseclassic.com

www.burmeseclassic.com



သလိုပါပဲလား။ စိတ်ကြည်နူးလိုက်တာ. . . ။

ခုတင်ဘေးစားပွဲကို မှီထောင်ထားသည့် Steel ချိုင်းထောက်ကိုလှမ်းဆွဲ၍ အားယူထလိုက်၏။ ရေချိုးခန်းတွင်းသို့ဝင်၍ ကိုယ်လက်သန့်စင်, မျက်နှာသစ်, သွားတိုက်ကာ၊ ဂါဝန်အဝါရောင်ဖျော့ဖျော့လေးကို လဲဝတ်လိုက်သည်။

ဖြောင့်စင်းရှည်လျားသည့် အလယ်ခွဲဆံနွယ်ညိုတွေကို ဘီးဖြင့် စိတ်ရှည်လက်ရှည်ဖြီးသင်နေစဉ် သူမအခန်းတံခါး ကလစ်ခနဲပွင့်သွားလေ၏။

"ဟာ. . . ကိုကို့ညီမက ဒီတစ်ခါ ကိုကိုလာမနှိုးခင် အစောကြီးနိုးနှင့်နေပါရောလား၊ ဂွဒ်မောနင်း. . . ဖြူလေး"

"မောနင်းပါ ကိုကို"

"ကိုကို့ညီမက သိပ်ကျက်သရေရှိတာပဲ"

ကိုကိုက သူမပခုံးကိုနောက်မှသိုင်းဖက်လိုက်ပြီး ဆံနွယ်ညိုတွေကို ငုံ့မွှေးလိုက်လေ၏။ သူမ ကိုကို့လက်တွေကိုပြန်ဆုပ်ကိုင်ထားဂါက်မိသည်။

"ကဲ. . . လာ. . . မုန့်ဟင်းခါးစားရအောင်။ ကိုကိုဝယ်လာပြီးပြီ"





"ဟင်. . . ကိုကိုက ထပြေးပြီး ပြန်ရောက်လာတာပေါ့လေ"

"ဒါပေါ့. . . ဒါမှ ကိုကို့ညီမအိပ်ရာထချိန်မှာ မဆာရမှာလေ၊ ကဲ. . . လာပါ။ ဒီနေ့ ကိုကို Pratical ရှိလို့ စောစောမယ်"

"ဘာလုပ်ရမှာလဲဟင်"

"ဘိလပ်မြေတိုက်တိုင်စပ်ပြီး ပန်းရန်လုပ်ရမှာလေ"

"ဟင်း. . . ဟင်း. . . ကျွန်မမြင်ယောင်သေးတယ်။ ကိုကိုတို့အုပ်စု သဲတွေထုံးတွေနဲ့လူးနေကြမှာပဲ"

"အမှန်ပဲ. . . သေချာတာပေါ့။ ဟိုကောင်. . . မျိုးဇင်ဆိုပိုဆိုး။ လူက ပိုးဟပ်ဖြူ မျက်မှန်က ပုလင်းဖင်၊ ဝဝဝေါဝါးဝါးနဲ့ cement တွေ အချိုးအဆမညီမှ ဆရာဦးခန့်ဝင်း နားပန်ကျင်းတာခံရမှာ"

"သနားပါတယ်ကိုကိုရယ်။ ကိုမျိုးက သဘောကောင်းလေးပါ။ ကိုကိုက ဘေးက,ကူပေါ့"

"အမယ်. . . အိမ်လာတိုင်း မုန့်ဝယ်လာပေးတဲ့ကောင်ကို တော်တော်စေတနာထားတယ်ပေါ့လေ၊ Group တစ်ခုတည်းကျရပ်မှကျမှာ. . . ဖြူလေးရဲ့၊ မိန်းကလေးတွေနဲ့ အုတ်ရောရောရော,



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ရောရော မဲခွဲပြီးလုပ်ရမှာ။ ကဲပါ. . . ထ"

သူမကို ချိုင်းမှ ဆွဲထူပေးလိုက်သဖြင့် ချိုင်းထောက်အကူအညီဖြင့် ခြေကို စလှမ်းလိုက်၏။ ထမင်းစားခန်းထဲမှာ ဖေဖေနှင့် မေမေက ကော်ဖီနှင့်မုန့်စားနေလေပြီ။

"Good morning သမီး"

"Morning ဖေဖေ"

"ကြည့်စမ်း. . . မေ့သမီး ခါတိုင်းနေ့တွေထက် ဒီနေ့ပိုထူးနေပါလား။ မျက်နှာလေးကအစ ကြည်လင်နေတာပဲ၊ အဝတ်အစားတောင်မှ ခါတိုင်းလို အရောင်မှိုင်းမှိုင်းမရွေးဘဲ အဝါနုလေးရွေးလို့"

"စိတ်ကြည်လို့ပါမေမေရယ်"

"မေမေစိတ်ချမ်းသာပါတယ်သမီးရယ်။ ဪ. . . ဒီနေ့ဒေါက်တာမိုးစပယ် သမီးကိုလာကြည့်ပေးမယ်နော်။ မေ့ပြီးအိပ်ပျော်မသွားနဲ့ဦး"

"ဟုတ်ကဲ့ပါမေမေ"

သူမ ထိုင်ခုံမှာ ဝင်ထိုင်လိုက်တော့ ကိုကိုက ကိုယ်တိုင် သူမကို မုန့်ပွဲပြင်ပေးလေသည်၊ အိုးဘဲဥ, ဘူးသီးကြော်, ပဲကြော်နှင့်





မုန့်ဟင်းခါးက ပန်းကန်ပြားဖောက်နက်ထဲမှာ အလျှံအပယ်။ ကိုကိုက သူမအေးရှိခုံမှာဝင်ထိုင်၍ ကော်ဖီသောက်နေလေ၏။

အိမ်ရှေ့မှာ ကားရပ်သံကြား၍ မိနီအပြေးထွက်သွားသည်။ သူမတို့ Breakfast စားသောက်ခြင်းက ပြီးသွားလေပြီ။ သူမထိုင်ခုံမှထလိုက်စဉ် မိနီက ဧည့်ခန်းထဲမှပြန်ဝင်လာလေ၏။

"ကိုကိုကြီး. . . ဧည့်သည်"

"ဪ. . . အေးအေး"

ကိုကိုထွက်သွားပြီးနောက် ဖေဖေက အဝတ်လဲရန် အပေါ်သို့တက်သွားလေ၏။ ကိုကို့သူငယ်ချင်းတွေဆိုရင် ဧည့်ခန်းထဲမှာ ဘယ်တော့မှထိုင်လေ့ရှိတာမဟုတ်။ မီးဖိုခန်းအထိ ဝင်လာတတ်ကြတဲ့သူတွေချည်းပါပဲ။

ဘယ်သူများလာတာပါလိမ့်။ သူမ အလယ်ခန်းကိုဖြတ်၍ ဧည့်ခန်းလိုက်ကာနားထိ တိုးကပ်လာမိ၏။ ချိုင်းထောက်နှစ်ဖက်လုံးမှာ ရာဘာတုံးစွပ်ထားသည်မို့ သူမခြေသံကို တော်ရုံလူမကြားနိုင်ပါချေ။ လိုက်ကာကို ဟရန်ရွယ်စဉ် ဧည့်ခန်းထဲမှ ကြည်လင်ပြတ်သားသည့်အသံကို စတင်ကြားလိုက်ရလေသည်။

"မတားပါနဲ့အစ်ကိုရယ်။ ဆေးရုံကို အချိန်မီရောက်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သွေးအလျင်မီမရရင် ကျွန်တော့်အသက်ကို ကယ်လို့မရနိုင်ပါဘူး။ ကျေးဇူးက ဘာနဲ့မှဆပ်လို့မကုန်ခန်းနိုင်တဲ့အရာတစ်ခုပါပဲ။ ဒါတွေကိုလည်းလက်ခံပါ။ ပြီးတော့ ကျွန်တော်ကန်တော့တာကိုလည်း ခွင့်ပြုပါခင်ဗျာ"

"ဟော. . . မှားနေပြီညီ၊ Operation လုပ်တာက ဖေဖေပါ"

"ဒါပေမဲ့. . . အစ်ကို့သွေးတွေ"

"မဟုတ်သေးဘူး။ ကိုယ့်သွေးက A သွေးပါ။ ညီကိုသွေးလှူတာ ကိုယ်မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူများပါလဲခင်ဗျာ"

"ကာယကံရှင်က မသိစေချင်လို့ ခွင့်လွှတ်ပါ. . . ညီ"

"ဟာဗျာ"

"သားရယ်. . . သူက မသိစေချင်လို့ဆိုတာကို အတင်းမမေးသင့်ဘူးလေ။ ဆရာဝန်ကြီးကိုကန်တော့ခွင့်ရရင်ပဲ ကျေနပ်လိုက်ပါကွယ်"

ခပ်ချိုချိုအမျိုးသမီးအသံကြောင့် သူမ မကြည့်ဘဲမနေနိုင်တော့၊ လိုက်ကာထောင့်စွန်းလေးကို အသာဆွဲမကြည့်လိုက်မိ၏၊





သူမသိပ်တွေ့ချင်နေသည့်ကောင်လေး၏နံဘေးတွင် အင်မတန်ချက်သရေရှိသည့်အန်တီကြီးထိုင်နေတာကို မြင်လိုက်ရလေသည်။ ဒါ့, သူနှင့်ချွတ်စွပ်တူသည့်သူ့မေမေထင်ရဲ့။

"သမီး. . . ဘာလုပ်နေတာလဲ"

"ရှူး"

နောက်နားမှလေသံဖြင့်မေးလိုက်သည့်မေမေ့ကို အသံတိတ်အချက်လှည့်ပြလိုက်တော့ မေမေက သဘောကျစွာပြုံးလိုက်လေ၏၊

သူမပုံစံက ခိုးကြောင်ခိုးဝှက်နှင့် လူမသိအောင်လုပ်နေသည့် ချာတိတ်မလေးနှယ်. . .၊

"ဘယ်သူ့ကိုကြည့်နေတာလဲ"

"ကျော်နဲ့ ကျော့်မေမေလေ"

"ဘယ်သူ"

"အာ. . . မေမေကလည်း တိုးတိုးလေ၊ ကြားသွားတော့မှာပဲ"

"ဟော့. . . ဒီသားအမိနှစ်ယောက် ဒီနားမှာ ဘာတွတ်ထိုးနေတာလဲ။ ညှော်ခန်းကိုထွက်ရင်လည်း ထွက်မှပေါ့။ ဘယ့်နှယ်,



www.burmeseclassic.com

www.burmeseclassic.com



အပေါက်မှာ ပြုံးတစ်ပြုံးတစ်လုပ်နေတာလဲ"

"ဟာ. . . သွားပါပြီ. . . ဖေဖေကလည်း"

မေမေက ရယ်မောလိုက်ပြီး ဖေဖေနှင့်အတူ ဧည့်ခန်းသို့ ထွက်စဉ် လိုက်ကာကိုဖယ်လိုက်ရာမှ သူ့မျက်ဝန်းတွေကို ဖျတ်ခနဲ မြင်လိုက်ရလေ၏။

ဘုရားရေ. . . သူမကိုမြင်သွားလေပြီလား။ နံရံဘေးမှာ မှီရပ်၍ တဒုတ်ဒုတ်ခုန်နေသည့်ရင်ကို အသာဖိထားမိလေသည်။

"ဒီမှာလေ. . . ဖေဖေ။ ကျော်ဇေယျာက ဖေဖေ့ကိုလာကန်တော့တာတဲ့"

"မလိုပါဘူး သားရယ်။ အန်ကယ်တို့က တာဝန်ကို ကျေပွန်အောင်လုပ်တတ်တဲ့ဆရာဝန်တွေပါ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်ဖြစ်တဲ့ရောဂါက အချိန် (၈)နာရီအတွင်း သေဆုံးနိုင်တဲ့ရောဂါကြီးပါ ဆရာကြီးရယ်။ သွေးသာ အချိန်မီမရရင် ကျွန်တော်အသက်ဆက်ရှင်ဖို့မဖြစ်နိုင်တော့ပါဘူး"

"ကုသိုလ်ကံလည်း ပါတာပေါ့သားရယ်။ သေနေ့မစေ့သေးလို့ သားအသက်ရှင်ခွင့်ရတာပါ"





"ဘာပဲဖြစ်ဖြစ် ဆရာကြီးကိုကျေးဇူးတင်လွန်းလို့ လာကန်တော့တာပါဗျာ။ ဒီပစ္စည်းတွေက တန်ဖိုးတော့မရှိပါဘူး။ စေတနာကိုအသိအမှတ်ပြုပြီးလက်ခံပေးပါလို့. . . ကျွန်တော်အနူးအညွတ်တောင်းပန်ပါတယ်"

"အားနာစရာကြီးဗျာ"

သန့်စင်ဖြူ ခုံမှအသာထလိုက်၏။ မေမေနှင့်အတူ နံဘေးမှာရပ်နေစဉ် ဖေဖေ့ကို ကျော်ဇေယျာမင်းက ထိုင်ကန်တော့လေ၏။ ဖေဖေက နှုတ်ဖျားမှ တီးတိုး ဆုတွေပေးနေလေသည်။ ပြီးနောက် သူက လည်ပင်းမှာဆွဲထားသည့် အသည်းပုံလော့ကတ်လေးပါသည့် ရွှေဆွဲကြိုးကို အသာဖြုတ်လိုက်ပြီး ဖေဖေ့လက်ထဲသို့ထည့်ပေးလိုက်လေ၏။

"ဒီပစ္စည်းလေးက ကျွန်တော် အင်မတန်မြတ်နိုးတဲ့ပစ္စည်းလေးပါ ဆရာကြီး၊ ကျွန်တော့်ကို သွေးလှူပေးခဲ့တဲ့ အသက်သခင်ကို ကျေးဇူးပြု၍ပေး,ပေးပါနော်"

"ဒါတော့. . ."

"ကျွန်တော်တောင်းပန်ပါတယ်ခင်ဗျာ. . . ရွှေလို့မမြင်ဘဲ အမှတ်တရပစ္စည်းအဖြစ် သူသိမ်းထားစေချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတာ လက်ဝါးဖြန့်ပေးလိုက်လေမှ သူမျက်နှာဝင်းပသွားလေ၏။ သားအမိနှစ်ယောက် ဦးညွှတ်၍ နှုတ်ဆက်ပြန်သွားလေမှ သူမ ဧည့်ခန်းသို့ထွက်လာခဲ့သည်။

ဖေဖေ့လက်ထဲမှဆွဲကြိုးကို ကိုကိုက သူမလည်တိုင်သွယ်သွယ်လေးထက်မှာ အသာဆွဲပေးလိုက်လေ၏။

ကြည့်စမ်း. . .။ ဘယ်လောက်ထူးဆန်းလိုက်တဲ့အဖြစ်လဲ။ သူမမြတ်နိုးနေမိတဲ့ကောင်လေးတစ်ယောက်ရဲ့အမြတ်နိုးဆုံးပစ္စည်းလေးကို သူမနှလုံးသားနဲ့အနီးဆုံးမှာ ထားခွင့်ရခဲ့တာလေ။

လော့ကတ်လေးကို ယူကြည့်လိုက်စဉ် ရွှေပြားပေါ်မှာ ထွင်းထားသည့်စာလုံးလေးကို ထင်ထင်ရှားရှားကြီးမြင်နေရလေ၏။

'ကျော်'တဲ့လား. . . ကျေးဇူးတင်လိုက်တာကွယ်။ ကျွန်မနဲ့အနီးဆုံးကို ရှင်ရောက်လာနေသလိုပါပဲ။ နွေးနွေးထွေးထွေးလေးခံစားလိုက်မိတာအမှန်ပါ။

"ဩော်. . . ကျော်ရယ်"

❁ ❁ ❁



အခန်း ( ၃ )

Lecture လိုက်နေစဉ် အာရုံက ဖျတ်ခနဲမြင်လိုက်ရသည့် မျက်ဝန်းလေးတစ်စုံဆီ ရောက်သွားရလေ၏။ သူသဘောတကျ တိတ်ပြုံးလိုက်မိသည်။ ရော်. . . ခက်နေပြီပဲ။ လူမမြင်အောင် တိတ်တခိုးလေးချောင်းကြည့်လိုက်သည့်အကြည့်ခိုးလေးကို သူဘာဖြစ်လို့များ စွဲနေရတာပါလိမ့်။

ဒါ, ကိုသန့်စင်ဖြူရဲ့ညီမလေးထင်ပါရဲ့။ ဒါဆိုရင်. . . သူ့ကို သွေးလှူတဲ့မိန်းကလေးများ ဖြစ်လေမလား။ ဖြစ်နိုင်တာပေါ့။ အဲဒီနေ့က ဆရာဝန်ကြီးရုံးခန်းထဲမှာ ကိုသန့်စင်ဖြူတို့မောင်နှမနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ထိုင်နေတာကို မေမေမြင်ခဲ့ရတာပဲ။

သူ ခေါင်းကိုခါလိုက်ရင်း ခပ်တိုးတိုးလေးရယ်လိုက်မိသည်။ မင်းဘယ်လိုလဲ. . . ကောင်မလေးရယ်။ ကိုယ့်ကိုထွက်တွေ့လိုက်ရင် ဘာဖြစ်သွားမှာစိုးလို့လဲ? ကိုယ့်ကို ဘာကြောင့်ရင်မဆိုင်ရဲတာလဲ? အရှက်ကြီးတာလား, ကြွေ့ရွံ့ရှိတာလား။ ဒါမှမဟုတ်. . . မိဘတွေက ထွက်မတွေ့ခိုင်းလို့များလား။ တစ်ခုမဟုတ်, တစ်ခုတော့ ဖြစ်နိုင်မှာပါလေ။

မဝံ့မရဲလေးကြည့်လိုက်တဲ့မျက်ဝန်းလေးတွေက စက္ကန့်ပိုင်းလေးမှာ စကားလုံးပေါင်းများစွာကိုပြောလိုက်သလိုမျိုး အဓိပ္ပာယ်တွေ ပြည့်ဝနေသလိုပါပဲလား။ ကောင်းပြီ. . . မျက်ဝန်းလေးရေ မင်းအကြည့်တွေကိုဖတ်နိုင်ဖို့ မင်းရှိရာဆီ ကိုယ်. . . မကြာခဏ အရောက်လာဖို့ ဆုံးဖြတ်လိုက်ပြီဆိုတာပါပဲ။

တစ်လခွဲလောက် အားကစားလုပ်တာကို ရပ်ထားရသဖြင့် သူငြိမ်နေရခြင်းဖြစ်သည်။ နောက်ဆို ကန်ဘောင်ပေါ် စက်ဘီးနင်း၍တက်တိုင်း သူမတို့အိမ်ရှေ့မှဖြတ်သွားရမည်။ ဒါမှ သူ့ကိုခိုးကြည့်သည့် အကြည့်သူခိုးမလေးကိုအမိဖမ်းနိုင်မှာလေ။

မင်းဘာတတ်နိုင်မှာလဲ။ တစ်နေ့မဟုတ် တစ်နေ့ မင်း, ကိုယ်





နဲ့ဆုံရမှာသေချာပါတယ်။ အဲဒီအခါမှာ မင်း, ကိုယ့်ကိုဘယ်လိုကြည့်ပြီး ဘယ်လိုစကားတွေပြောမှာလဲ? ပြီးတော့. . . ကိုယ့်ကိုမသိစေချင်တဲ့ ကိုယ့်ကိုယ်ခန္ဓာထဲက သွေးစက်တွေအကြောင်းကိုရော ဘယ်အချိန်ထိဖုံးဖိထားနိုင်မလဲဆိုတာ စောင့်ကြည့်ကြသေးတာပေါ့လေ။

ကျောင်းဆင်းတော့ သူငယ်ချင်းနှစ်ယောက်နှင့်အတူ သူဆလွန်းအဖြူလေးကိုမောင်း၍ ပြန်လာခဲ့၏။ အင်း. . . ကိုသန့်စင်ဖြူဆီ သူဘယ်လိုအကြောင်းပြချက်နဲ့ဝင်ရမလဲ? သူက အခုမှ ဒုတိယနှစ်၊ ကိုသန့်စင်ဖြူက နောက်ဆုံးနှစ်။

ကောင်းပြီ. . .။ စာနားမလည်လို့ အကြောင်းပြချက်ဖြင့် မကြာခဏစာသွားမေးရမှာပေါ့။ အိမ်ကိုပြန်ရောက်တော့ မေမေက ထမင်းပွဲအဆင်သင့်ပြင်ရင်း စောင့်နေလေပြီ။

"ခဏလေးနော်မေမေ။ ကျွန်တော် ရေမြန်မြန်ချိုးလိုက်ဦးမယ်"

"အင်းပါ. . . သားရဲ့။ ဖြည်းဖြည်းသာလုပ်ပါ၊ မေမေ ဟင်းတွေ ပြန်နွေးခိုင်းထားတုန်း"

သူ ရေအမြန်ချိုး၍ အဝတ်အစားလဲကာ မှန်ရှေ့မှာ ခေါင်းဖြီးနေရင်း အကြံရသွားသဖြင့် လက်ဖျောက်တစ်ချက်တီးလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက်. . . ဖုန်းစာအုပ်ကိုရှာ၍ ဒေါက်တာဘသက်ဖြူ၏အိမ်ဖုန်းနံပါတ်ကိုရှာ၍ နှိပ်လိုက်ပါသည်။

"ဟဲလို"

"ဒေါက်တာဘသက်ဖြူအိမ်ကပါလားခင်ဗျာ"

"ဟုတ်ပါတယ်"

"ကျေးဇူးပြု၍ ကိုသန့်စင်ဖြူနဲ့စကားပြောချင်လို့. . . ခဏလောက်ခေါ်ပေးပါလား"

"တိုကို ကျောင်းကပြန်မရောက်သေးဘူးရှင့်"

"ဟုတ်လား. . . ဒါဆို သူပြန်ရောက်လာရင် ပြောပေးပါနော်၊ ကျော်ဇေယျာမင်း, ဖုန်းဆက်တယ်လို့"

"ရှင်! "

သူ နှုတ်ခမ်းတစ်ဖက် ကွေးတက်သွားသည်ထိ ပြုံးလိုက်မိ၏၊ ကဲ. . . မင်း, ကိုယ့်ကိုကြိုသိနေလို့ အံ့ဩနေတာမဟုတ်လား။ ကိုယ့်ကိုမသိရင် ဒီလောက်ထိအံ့ဩစရာမှမလိုတာဘဲ ကောင်မလေးရယ်၊

"ဟဲလို. . . ကျွန်တော်ပြောတာ ကြားပါတယ်နော်"

"ဟုတ်. . . ဟုတ်ကဲ့"

"မင်းက ကိုသန့်စင်ဖြူရဲ့ညီမလေးလား"





"ဟင်. . . ဟုတ်"

"နာမည်ဘယ်လိုခေါ်လဲဟင်"

တစ်ဖက်မှ အသံတိတ်သွားသဖြင့် သူပြုံးလိုက်မိပြန်၏။ အတော့်ကို လျှို့ဝှက်ချင်သည့်မိန်းကလေးပါလား။

"မပြောချင်ဘူးလား၊ မင်းတော်တော်မာနကြီးတာပေါ့နော်။ ကျွန်တော်က. . ."

တစ်ဖက်မှ ဝှပ်ခနဲဖုန်းချသွားသဖြင့် သူ ဖုန်းကိုကိုင်ထားရင်း အံ့ဩသွားရသည်။ ကြည့်စမ်း. . . ရိုင်းလိုက်တာ။ ပြောလက်စစကားကိုပြီးဆုံးအောင် နားထောင်မပေးဘဲ ဒီလိုမျိုးရုတ်တရက်ချလိုက်ရသလား။ ဒီကောင်မလေး လူမှုဆက်ဆံရေးလိုအပ်နေပါသေးလားလေ။ သူ သက်ပြင်းကိုချလိုက်ရင်း အိမ်အောက်သို့ဆင်းလာ၏။ မေမေက သူ့အတွက် ထမင်းခပ်ပေးလေသည်။

"မေမေ့သားလည်း စာမေးပွဲနီးမှ ဆေးရုံတက်ရပါရော။ စာတွေရော ကူးပြီးပြီလား။ လိုက်နိုင်ရဲ့လား,သား"

"ဟုတ်ကဲ့. . . လိုက်နိုင်ပါတယ်မေမေ။ စာတွေကိုလည်း မင်းဝိုင်တို့ ကူးပေးထားလို့အဆင်ပြေပါတယ်"

"အေးအေး. . . မေမေ့သားက ဉာဏ်ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုသန့်စင်ဖြူကိုတော့ မမီပါဘူးမေမေရယ်။ သူက အတန်းတိုင်းမှာ နှစ်စဉ် First ရတာ"

"ဟုတ်လား. . . တော်လိုက်တာ"

"အဲဒါကြောင့် ကျွန်တော် saturday, sunday တွေမှာ စာသွားမေးရင် ကောင်းမလားလို့"

သူ့စကားကြောင့် မေမေက သူ့ကိုမော့ကြည့်၍ပြုံးလိုက်လေ၏။ ၁၃ မလုံမလဲဖြစ်သွားကာ မျက်လွှာကိုအသာချလိုက်မိသည်။

"မေမေ့သား မရိုးတော့ဘူးနဲ့တူတယ်"

"ဟာဗျာ. . . မေမေကလည်း"

"ဟုတ်တယ်လေ. . . ခါတိုင်း သူငယ်ချင်းတွေ စုကျက်ချင်ကျက်၊ မရရင် ကျောင်းက ဆရာအိမ်သွားမေးခဲ့ရာက ခုလမ်းစထွင်နေပြီကိုး"

"မဟုတ်ပါဘူးမေမေရာ"

"မေမေက သားကိုမွေးထားတာပါသားရယ်။ သားရဲ့အူဘယ်နှခွေရှိသလဲ. . . မေမေအကုန်မြင်နေရတာပါ"

သူအောင့်သက်သက်ပြုံးလိုက်မိတော့ မေမေက သူ့လက်ဖမိုးကို ဆွဲဆိတ်လိုက်လေ၏။





"ကလေးမလေးကို သားတွေ့လိုက်တယ်ပေါ့လေ"

သူဝန်မခံဘဲ ပြုံးစိစိလုပ်နေသဖြင့် မေမေက အသည်းယားသာပြီး သူ့နားရွက်ကို ဖျတ်ခနဲဆွဲလိမ်လိုက်လေသည်။

"အား. . . နာတယ်မေမေရ"

"တော်သေးတာပေါ့. . . စကားတတ်သေးလို့၊ မေမေကမေမေ့သား, အချစ်နဲ့တွေ့ပြီး ပီတိတွေစားလို့ ပြိတ္တာဖြစ်သွားပြီထင်နေတာ. . . ဟင်း. . . ဟင်း. . . ဟင်း"

"ဟာဗျာ. . . မေမေကလည်း, မဟုတ်တာ"

"ကောင်မလေးက ချောမချောတော့ မေမေလည်းသေချာမသိဘူး။ အဝေးကပဲ ဖျတ်ခနဲမြင်လိုက်ဖူးတာ။ ဆံပင်တွေက စင်းနေတာမှ တင်ပါးကိုဖုံးတယ်သားရဲ့၊ တော်တော်ဘုန်းရှိတဲ့ကလေး"

သူ့, မေမေ့အပြောကို သဘောကျလွန်းသဖြင့် မအောင့်နိုင်တော့ဘဲ တဟားဟားအော်ရယ်လိုက်မိ၏။ ဟုတ်တယ်လေ. . .။ သူက မိန်းကလေးဆိုရင် ဆံပင်ရှည်မှသဘောကျတတ်တာ မေမေနှင့်ထပ်တူမဟုတ်ပါလား။

❁



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို. . . သူဖုန်းဆက်တာ ဘာကိစ္စလဲ, မမေးထားဘူးလား ဖြူလေးရဲ့"

"ဟင့်အင်း. . . သူက ဘာမှ,မှမပြောတာ"

"မဖြစ်နိုင်ပါဘူး။ သူတစ်ခုခုပြောချင်လို့ ဆက်တာပဲဖြစ်မှာပါဖြူလေးရဲ့၊ ခက်တာပဲ"

သူမမျက်မှောင်လေးကြုတ်၍ငြိမ်သွားတော့ ကိုကိုက ပြုံးလိုက်လေ၏။ ပြီးတော့. . . သူမခေါင်းကို အသာဖိလိုက်လေသည်၊

"ဘာလဲ. . . သူ့အသံကြားတာနဲ့ နားဘဲကလေတွေ ထွက်လာရောလားဟင်"

"အာ. . . ကိုကိုကလည်း. . . ဟုတ်ပါဘူး"

"မဟုတ်ဘူးသာဆိုတယ်. . . ကိုကို့ညီမမျက်နှာက ပုံမှန်မှမဟုတ်ဘဲ"

"မသိဘူး။ ကျွန်မ သွားအိပ်တော့မယ်"

ဖြူလေး အိပ်ခန်းရှိရာဆီထွက်သွားစဉ် ဧည့်ခန်းရှိ ဖုန်းမြည်လာသဖြင့် သန့်စင်ဖြူကောက်ကိုင်လိုက်ပါ၏။

"ဟဲလို"

"အစ်ကို. . . ကျွန်တော်ကျော်ဇေယျာမင်းပါ"





"အင်း. . . ပြောလေ, ညီ။ ညနေက ဆက်သေးတယ်ဆို"

"ဟုတ်တယ်။ အစ်ကို့ညီမပြောတာလား"

"အင်း"

"ကျွန်တော်က အစ်ကို့ဆီကို စနေ, တနင်္ဂနွေနေ့တွေ စာလာမေးချင်လို့ ဆက်တာပါ"

"ရပါတယ် ညီ၊ ကိုယ်နားလည်သလောက် ပြန်ရှင်းပြပေးမှာပေါ့။ လာခဲ့ပါ"

"ကျေးဇူးတင်ပါတယ်အစ်ကို၊ တကယ်ပါ. . . အစ်ကို့ညီမက ကျွန်တော်ပြောလို့တောင်မဆုံးသေးဘူး ဖုန်းကို ဂွပ်ခနဲချသွားပါလေရော"

"အင်း. . . အခုပဲသူ့ကိုမေးနေတာ စိတ်ကောက်ပြီး ဝင်အိပ်လေရဲ့"

"ဟုတ်လား. . . မဆူပါနဲ့အစ်ကိုရယ်၊ ကျွန်တော်ကလည်း သူ့နာမည်သိချင်လို့မေးလိုက်မိတာကို ရှက်ပြီးဖုန်းချလိုက်တာပဲနေမှာပါ"

"ဟုတ်မယ်. . . ဖြူလေးက အရမ်းရှက်တတ်တယ်"

"နာမည်က ဖြူလေးလားအစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ပါဘူး။ ဖြူလေးဆိုတာ ကိုယ်ခေါ်နေကျနာမည်ပါ။ ာမည်ရင်းက မနော်ဖြူတဲ့”

“မနော်ဖြူ. . . လှလိုက်တာဗျာ”

“ကဲ. . . ဒါဆိုရင် စနေ၊ တနင်္ဂနွေကို နေ့လယ် (၁၁)နာရီ လောက်လာခဲ့ပါ, ညီ။ ကိုယ်ဖုန်းချတော့မယ်နော်”

“ဟုတ်ကဲ့၊ ကျေးဇူးပဲနော် အစ်ကို”

သူ ဖုန်းကိုချလိုက်ပြီး တီးတိုးရေရွတ်လိုက်မိ၏။ ‘မနော်ဖြူ’ တဲ့လား။ ချစ်စရာကောင်းလိုက်တဲ့အမည်လေးပါလားကွယ်၊ အစ်ကို က ညီမလေးကို ဖြူလေးလို့ ချစ်စနိုးလေးခေါ်တာပါလား။ သူရော ဘယ်လိုခေါ်ရင်ကောင်းမလဲ။ အစ်ကို့လိုတော့ လိုက်မခေါ်ချင်ပါ ဘူး။ မတူအောင် ခေါ်ချင်တာပေါ့။ ‘မနော်’. . . အင်း. . . မဆိုး ဘူး. . . ခေါ်လို့ကောင်းသားပဲ။ ‘မနော်’. . . ‘မနော်’. . .

မင်းနဲ့အနီးဆုံးကို ကိုယ်အရောက်လာခဲ့တော့မယ်မနော်ရေ၊ ကြွက်လေးလို လုံအောင်ပုန်းနေပေတော့။ ကြောင်ကြီးကိုကျော် လာ တော့မယ်။ အတွေးဖြင့် သူတစ်ယောက်တည်းရယ်လိုက်မိတော့ သည်၊ အင်း. . . သူလည်း ကြာရင်ရူးတော့မယ်ထင်ပါရဲ့။

✿ ✿ ✿



အခန်း ( ၄ )

မြက်ခင်းပေါ်သို့ ခြေဖဝါးနှစ်ဖက်ကို ခပ်ဖွဖွလေးချလိုက်၏။ နှင်းစိုထားသည့်မြက်ပင်လေးတွေ၏ အေးစက်စက်အတွေ့အထိ လေးကို ခံစားလိုက်ရသည်။

မိနီက သူမ၏ကွင်းထိုးကတ္တီပါဖိနပ်လေးကို မြက်ခင်းစပ် မှာ ချထားပေးပြီး အိမ်ထဲဝင်သွားလေ၏။ တဖြူးဖြူးတိုက်ခတ်လာ သည့်လေနုအေးတို့ကြောင့် ဆံစလေးများ လေထဲမှာလွင့်သွားသလို အပြာနုရောင်ဂါဝန်အနားစလေးကလည်းတလွင့်လွင့်. . .။

လေထဲမှာ လွင့်ပါလာသည့်စကားပန်းတို့၏အနံ့တို့ကို မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်၍ သူမရှုရှိုက်လိုက်မိသည်။ ခြံစည်းရိုးနား ကပ်စိုက်ထားသည့် ကားပင်ကြီးအောက်သို့ တရွေ့ရွေ့လျှောက်လာခဲ့၏။ လေချိုတစ်ချက်အသွေးမှာ တဝဲဝဲကြွေကျလာသည့် စကားပွင့်ဖြူဖြူလေးကို လက်နှစ်ဖက်ဖြင့် တယုတယလေး ဖမ်းလိုက်မိသည်။ ပွင့်ဖတ်တွေက ဖြူဖြူ၊ အလယ်မှာက အဝါဖျော့ဖျော့။ ရိုးတံဖင်နားမှာက အစိမ်းနုနု ချစ်စရာလေး။ မြက်ခင်းပေါ် တဖုတ်ဖုတ်ကြွေကျ၍ ကျဲကျဲလေးဖြန့်ကြက်ထားပုံက ပန်းချီကားလေးတစ်ချပ်သဖွယ်။ အတွေးဖြင့် သူမပြုံးလိုက်မိပြီး စကားပင်အောက်ရှိ ခုံတန်းဖြူလေးမှာ အသာဝင်ထိုင်၍ ချိုင်းထောက်ကို စကားပင်စည်မှာ ထောင်ထားလိုက်သည်။

သူမတို့ခြံစည်းရိုးက အုတ်တံတိုင်းမျိုးမဟုတ်ပါ။ ကျောက်တိုင်နှင့် သံဇကာကို ခပ်တင်းတင်းကာထားပြီး အပြင်မှမမြင်ရအောင် ဂျပန်ဂဏန်းပင်၊ ပုဏ္ဏရိတ်ပင်၊ ဆေးရိုးပင်တို့ဖြင့်ပိတ်နေအောင် စိုက်ထားလေသည်။ ခြံဖြင့်တံတွေ့ရာလမ်းမှ လှမ်းကြည့်လျှင် ခြံထဲကို လှမ်းမြင်နိုင်ပါ၏။ အပင်တွေ အရမ်းရှည်လာလျှင် ဖေဖေက မာလီဦးစိန်ကုလားကို ပန်းညှပ်ကတ်ကြေးဖြင့် ညှိခိုင်းလေ့ရှိသည်။





လက်ထဲမှပန်းပွင့်လေးကို လှည့်ပတ်ဆော့ကစားနေစဉ် အိမ်ထဲမှ ဖေဖေနှင့်ကိုကိုထွက်လာလေ၏။ ကိုကိုက မြက်ခင်းစပ်မှာ ချွတ်ထားသည့် သူမ၏ကွင်းထိုးဖိနပ်လေးကိုကောက်ယူ၍ သူမထံလျှောက်လာလေသည်။

"ဖြူလေးရယ် . . . မြက်တွေဒီလောက်စိုနေတာ ဖိနပ်ချွတ်ခဲ့ရလား"

"နှင်းစက်လေးတွေကို ထိချင်လို့ပေါ့ကိုကိုရဲ့"

"ဟင်း . . . ရှာကြံပြီး စိတ်ကူးယဉ်"

ကိုကိုက သူမရှေ့မှာဆောင့်ကြောင့်ထိုင်၍ သူမခြေထောက်ကို အသာမ,လိုက်ပြီး ဖိနပ်လေးကိုစွပ်ပေးလိုက်ပါ၏။

"ကန်တော့ပါနော် ကိုကို"

"ပြောစရာလား။ ကဲ . . . ညနေ ကိုကိုမြို့ထဲရောက်မယ်။ ဖြူလေး ဘာလိုချင်တာရှိလဲ။ ဘာမှာချင်လဲ"

"ဒါဆိုရင် John Christopher ရဲ့ In the beginning စာအုပ်တွေ့ရင် ဝယ်လာခဲ့ပေးပါကိုကို"

"ပြီးတော့ရော"

"ပြီးရင် . . . မာလကာသီးနဲ့စပျစ်သီး"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကော"

"ဩော်. . . ဟိုတစ်ခါဝယ်လာပေးတဲ့ ကီလိုနဲ့ချိန်တဲ့ နေကြာစေ့လှော်တွေ့ရင် ဝယ်လာပေးဦးနော်"

"တခြားဟာ မှာပါလားကွာ။ နေကြာစေ့က ဖြူလေးရောဝ်နဲ့မှမတည့်တာ"

"ဟင်. . . နည်းနည်းလေးပဲစားမယ်လေကိုကိုရာ"

"မရဘူး. . . အချိန်နဲ့ဝယ်ပေးထားမှတော့ အားနေရင်းတဖြောက်ဖြောက်စားနေတော့မှာပေါ့"

သူမနှုတ်ခမ်းစူလိုက်တော့ ကိုကိုက သူမနှာခေါင်းချွန်ချွန်လေးကို ဆွဲညှစ်လိုက်ပါသည်။

"ကိုကို အာလူးချောင်းကြော်ပဲ ဝယ်လာခဲ့ပေးမယ်။ ဟုတ်ပြီလား. . ."

"ဟုတ်ကဲ့"

"တီ. . . တီ"

"ကိုကို. . . ချို့ ကျောင်းနောက်ကျတော့မယ်"

"လာပြီ"

ဆင်ဝင်အောက်ရှိကားကို ဟွန်းတီး၍အော်ပြောလိုက်သည်။





မနောချိုကိုလှည့်ပြော၍ ကိုကိုက သူမနဖူးကိုငုံ့နမ်းလိုက်ပြီးမှ ထွက်သွားတော့သည်။ ဖေဖေ့ကားက ရှေ့ဆုံးမှထွက်သွားပြီး ကိုကိုနှင့်မနောချိုစီးသည့်ကားက နောက်မှလိုက်ထွက်သွားလေ၏။

မေမေက မိနီကိုခေါ်၍ ဈေးသို့ထွက်သွားသည်ကိုမြင်လိုက်ရသည်။ ဒါဆို မီးဖိုခန်းထဲမှာ ကြီးကြီးမြပဲ ချက်ပြုတ်ကျန်ခဲ့လိမ့်မည်။ ဦးစိန်ကုလားက နောက်ဖေးခြံထောင့်တွင်းထဲမှာ အမှိုက်တွေမီးရှို့နေလေ၏။

တစ်အိမ်လုံး ငြိမ်သက်တိတ်ဆိတ်သွားသလိုပင်။ နေပြောက်တ စကားပင်အောက်မှာရှိနေသည့် သူမပေါ် ဖြာကျလာ၍ အိမ်ထဲပြန်ဝင်ရန် သူမ ချိုင်းထောက်ကိုလှမ်းယူ၍ မတ်တတ်ရပ်လိုက်၏။

"ရှီ"

လမ်းမပေါ်မှ လေချွန်လိုက်သံကြောင့် သူမ ဖျတ်ခနဲလှမ်းကြည့်လိုက်စဉ် ရင်းနှီးနေသည့်မျက်နှာတစ်ခုကို အမှတ်မထင်တွေ့လိုက်ရလေ၏။ ပြိုင်ဘီးကို ခပ်ဖြည်းဖြည်းနင်း၍ သူမကို လှည့်ပြုံးပြလိုက်သဖြင့် စကားပင်စည်ကိုအကွယ်ယူ၍ ပုန်းလိုက်မိသည်။

ကြည့်စမ်း. . . ခုချိန်ထိ သူ့ကျောင်းမသွားသေးပါလား။ သူ့



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီး အဝေးကြီးကိုရောက်သွားမှ သူမ မြက်ခင်းကိုဖြတ်၍ အိမ်ထဲပြန်ဝင်လာခဲ့၏။

ညှော်ခန်းနံရံပေါ်မှာရှိနေသည့် ဖေဖေနှင့်မေမေ့ဓာတ်ပုံကြီးနှစ်ပုံ။ ပြီးနောက်. . . ကိုကို့ဓာတ်ပုံ။ ဒီဘက်တစ်ဖက်မှာ မနော်ချို၏ပုံ။ သူမပုံကတော့ ဘယ်နေရာမှာမှမရှိ။ သူမက ငယ်စဉ်ကတည်းက ဓာတ်ပုံရိုက်မည်ပြောတိုင်း ကြောက်လန့်စွာငိုလေ့ရှိခဲ့သူကိုး။

အမြွာညီအစ်မဟူ၍ တူယှဉ်တွဲရိုက်ခဲ့သည့်ဓာတ်ပုံရယ်လို့ တစ်ပုံတလေလေးတောင်မှ ရှိမနေခဲ့။ မနော်ချိုကတော့ ငယ်စဉ်ကတည်းက ဓာတ်ပုံရိုက်ဝါသနာပါခဲ့သူမို့ တစ်အိမ်လုံးမှာ မနော်ချို၏ဓာတ်ပုံတွေက တော်တော်များနေပါသည်။

မီးဖိုခန်းအဝထိ လျှောက်လာခဲ့စဉ် ကြီးကြီးမြကငါးပတ်ခွေ ဟင်းချက်နေရာမှ လှည့်ကြည့်လာလေ၏။

"ဗိုက်ဆာပြီလားသမီး။ ကင်ပွန်းချဉ်ရွက်နဲ့ ငါးခေါင်းဟင်းချို ကျက်ရင် စားလို့ရပါပြီ"

"ဟင့်အင်း. . . ကျွန်မ, မဆာသေးပါဘူးကြီးကြီးမြ။ မိနီမရှိတော့ ဘာဝိုင်းကူပေးရမလဲလို့လာကြည့်တာပါ"

"နေပါစေသမီးရယ်. . . အားလုံးပြီးနေပါပြီ။ တော်ကြာ





သမီးကူလုပ်မှ ဓားရှ, ရေနွေးလောင်တွေဖြစ်မှ မမရင်ဘတ်စည်တီးဖြစ်ကုန်မယ်။ ကိုကိုသိရင် ပိုဆိုးမှာနော်"

သူမ သက်ပြင်းကိုဖွဖွချလျက် မီးဖိုချောင်ရှိ စားပွဲခုံဘေးထိုင်ခုံမှာ ဝင်ထိုင်လိုက်၏။

"ကျွန်မက ဒီအိမ်မှာ လူပိုသက်သက်ပဲနော်"

"အို. . . မဟုတ်တာ။ သမီးကလည်း ဘယ်လိုပြောလိုက်တာလဲ"

"ဟုတ်တယ်လေ. . . ကြီးကြီးမြရဲ့။ အိမ်အလုပ်ကိုပဲကြည့်ကြည့်၊ တံမြက်စည်းလှည်း၊ ကြမ်းတိုက်၊ ဖုန်သုတ်၊ ပန်းအိုးထိုး. . . ကျွန်မ ဘာကိုမှလုပ်လို့မရဘူး။ ဘုရားကိစ္စဆို သာတောင်မှဆိုးသေး။ ဘုရားရှိခိုးဖို့တောင် ပုဆစ်တုပ်ထိုင်လို့မရတဲ့ဘဝ"

"သမီးရယ်"

"ကျွန်မလေ. . . လောကကြီးထဲမှာ အသက်ဆက်မရှင်ချင်တော့ဘူး။ မေမေနဲ့ဖေဖေ့ကိုသိပ်သနားတာပဲ။ ကျွန်မကြောင့် သူတို့ အမြဲစိုးရိမ်ပူပန်ပြီး စိတ်ထိခိုက်နေရတာ။ အထူးသဖြင့် ကျွန်မကို သိပ်ချစ်ရှာတဲ့ကိုကို့ကိုပဲ။ ကျွန်မက ငယ်စဉ်ကတည်းက ချူချာခဲ့ရတာလေ။ ဘာဖြစ်လို့များ ဒီအရွယ်ထိ ရှင်သန်နေခဲ့ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်လေးကတည်းက သေသွားခဲ့ရင်ပြီးရော။ ဒါဆိုရင်, ဒီထ
ဒုက္ခတဘဝကြီးနဲ့ ကျွန်မ ရှင်သန်စရာမလိုတော့ဘူး"

"ဒီစကားကို သမီးကိုကိုသာ ကြားသွားရင် သူကိုယ်သူသတ်
သေလိုက်လိမ့်မယ်သမီး"

"မေမေ"

ဈေးမှပြန်လာသည့်မေမေနှင့် မိနီက မီးဖိုခန်းထဲသို့ ခြင်း
တောင်းတွေ၊ အထုပ်တွေဖြင့် ဝင်လာလေ၏။ သူမမျက်ဝန်းမှ မျက်
ရည်စီးကြောင်းတွေကို မေမေက တယုတယလေး သုတ်ပေးလိုက်
ပါသည်။

"ဘာဖြစ်လို့ စိတ်ပျက်အားငယ်တဲ့စကားတွေကို ပြောနေ
တာလဲ။ သမီးကို မွေးတင်းစလေးကတည်းက သမီးကိုကိုက အချ
ပိုခဲ့တာအမှန်ပါ။ ဇက်ခိုင်တဲ့အရွယ် ချီလို့ရတော့. . . သူ့စချီခဲ့တာ
သမီးကိုပဲ။ သမီးတို့ညီအစ်မနှစ်ယောက်က မျက်လုံးနဲ့ ဆံပင်လေး
တွေကို ခွဲလို့ရတယ်။ သမီးမျက်လုံးလေးနဲ့ ဆံပင်က အညိုရောင်
လေး။ သမီးငယ်မျက်လုံးနဲ့ဆံပင်က အနက်ရောင်။ အငယ်ထ
မွေးကတည်းက အာခေါင်ခြစ်အော်ငိုသလောက် သမီးကတော့ 'အဲ
လို့မြည်ရုံလေးငိုတတ်လို့ကို ဝိုင်းချစ်ကြတာ"





"ဒါပေမဲ့. . . အဲဒီကလေးလေးကို မွေးကတည်းက ပိုးမွေး
သလို ယုယခဲ့ရတာမဟုတ်လားမေမေ"

"ကံပေါ့. . . သမီးရယ်။ မေမေတို့ဆွေမျိုးအသိုင်းအဝိုင်းမှာ
မိန်းကလေးသိပ်ရှားတာ။ မေမေ့အလှည့်ကျမှ သမီးမိန်းကလေးရ
တာ။ ရမယ့်ရတော့လည်း အမြွှာလေးတွေလေ"

"ဒါကြောင့် မမဖြူကို ဘဘကြီးတို့က အဲ့အဲ့လို့ခေါ်ကြတာ
ကိုး။ မိနီက သိမှမသိတာ"

"တကယ်ဆို ချို့တစ်ယောက်တည်းကိုပဲ မေမေရသင့်တာပါ။
ကျွန်မက ဒီလောကကြီးထဲရောက်လာတာ မေမေတို့ကိုဒုက္ခပေးဖို့
မွေးလာခဲ့သလိုပဲ ခံစားရတယ်။ ခုချိန်ထိ. . . ခုချိန်ထိ. . . ကျွန်မ
ရဲ့ဒုက္ခတွေကို မေမေတို့ဝိုင်းခံနေရတာလေ"

"သမီးရယ်. . . မေမေ့ဘဝထဲကို သမီးရောက်လာခဲ့တာ
ကောင်းသောလာခြင်းနဲ့ပါ။ သမီးတို့ကို မေမေ ကိုယ်ဝန်စရတော့
အိပ်မက်ထဲမှာ ကြာပွင့်တွေ တွေ့ခဲ့ရတာကွယ့်။ တစ်ပွင့်က အဖြူ
ရောင်၊ နောက်တစ်ပွင့်က အညိုရောင်လေ။ ဟော. . . သမီးကို
အရင်မွေးတော့ သမီးဖေဖေရော, ဆွေမျိုးတစ်သိုက်ပါ ပျော်ခဲ့ကြ
ရတာပါ။ အဲဒီအပျော်တွေရပြီး မိနစ်အစိတ်မှ အငယ်လေးကို မွေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာလေ"

သူမ အငိုရပ်သွားပါ၏၊ မမေက ပစ္စည်းတွေကို သိမ်းတန်သိမ်း၊ ဆေးတန်တာဆေးရင်း သူမကို အကဲခတ်ကြည့်လိုက်လေသည်။

"ကျွန်မနဲ့ချိုနဲ့က အမြွှာသာပြောတယ်. . . ချိုက ကျွန်မကို မချစ်သလိုပဲ"

"အငယ်လေ. . . သမီးရယ်။ အငယ်ဆိုတာ မစ္ဆရိယစိတ်လေးတော့ ရှိတာပေါ့။ တစ်ဆွေလုံးတစ်မျိုးလုံးက ဝိုင်းပုံချစ်တဲ့သမီးကို သူ့မနာလိုတာ ပိစိကလေးဘဝတည်းကကွယ့်။ သမီးကိုတစ်ယောက်ယောက် ကောက်ချီလိုက်တာနဲ့. . . သူက ဗြဲခနဲအော်ငိုတတ်တာ"

သူမနှုတ်ခမ်းလေးတွေ အလိုလိုပြုံးလာမိ၏။ ဟုတ်တယ်၊ သိတတ်ခါစအရွယ်ကတည်းက သူမကို အမြဲတမ်း ချိုက ဗိုလ်ကျခဲ့တာလေ။

"ကျွန်မကတော့ ချို့ကိုချစ်ပါတယ်။ ဒါပေမဲ့. . . ကိုကို့ကိုတော့ ပိုချစ်တာအမှန်ပဲမေမေရဲ့"

"မေမေသိတာပေါ့သမီးရယ်။ သမီးကိုကိုအပေါ်မှာ သမီး





ဘယ်လောက်ထိချစ်သလဲဆိုတာ သမီးခြေထောက်တွေထဲက steel ချောင်းတွေက သက်သေပါ"

မေမေ့အသံတိမ်ဝင်သွားလျက် သူမဦးခေါင်းလေးကို ရင်ခွင်ထဲ ထွေးပွေ့လိုက်လေ၏။

စိတ်မကောင်းဖြစ်သွားပြီလားမေမေ။ ကျွန်မစိတ်မကောင်းပါဘူး။ ဒီအကြောင်းတွေကို မေ့ထားလိုက်ချင်ပေမယ့် ဒါတွေကဘယ်တော့မှမေ့လို့မရနိုင်တဲ့ အတိတ်ရဲ့အပိုင်းအစတစ်ခုလေ၊

"ဟော. . . (၁၀)နာရီထိုးပြီမေမေ၊ ကျွန်မ ခြံဝမှာသတင်းစာသွားယူရဦးမယ်"

စကားလမ်းကြောင်းလွှဲ၍ ထိုင်နေရာမှ ကြိုးစားထရပ်လိုက်ပြီး ခြံထဲသို့ထွက်လာခဲ့သည်၊ ခြံစောင့်ဦးဖိုးကုလား ယူလာပေးလျှင်ရပါလျက် ဒီအလုပ်ကို သူမတာဝန်ယူလုပ်ပေးသည်မို့ မေမေဘာမှမပြောခြင်းဖြစ်၏။

ဘာများထူးခြားလာလို့လဲ။ လောကကြီးမှာ တာဝန်မဲ့လူပိုတစ်ယောက်။ ပြီးတော့. . . ဒုက္ခိတတစ်ယောက်က ကမ္ဘာမြေကြီးကို ပိုလေးစေဖို့ ရှင်သန်ရပ်တည်နေတာကို လူအများသိကုန်မှာ သူမရှက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဩော်. . . ဒါပေမဲ့. . . ဝဋ်ကြွေးတွေမကျေ၊ သေနေ့က မစေ့သေးလေတော့ သူမအသက်ရှင်နေရဆဲပါပဲ။

✿ ✿ ✿



## အခန်း ( ၂ )

"ဒီအိမ်မှာ ချို့ကိုဘယ်သူမှမချစ်ကြဘူးလား"

ထမင်းစားပွဲမှာ ပြောချလိုက်သဖြင့် အားလုံး၏အကြည့်က ခနောချိုထံ ပြုံကျသွားလေ၏။ သူမပန်းကန်ထဲသို့ ငါးကြော်နှပ် အညှပ်ပေးနေသည့်ကိုကို့လက်က ဇွန်းကိုင်လျက်သား ရပ်သွားရလေသည်။

"ဘာကိုဆိုလိုတာလဲသမီးငယ်"

"ချို့ကြည့်နေတယ်ဖေဖေ၊ ချို့ကို ဖြူ့လောက် ဘယ်သူမှဂရုစိုက်ကြဘူး၊ တူတူချင်းမွေးထားပါလျက်နဲ့ ဒီလိုမျက်နှာလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



တော့ မတရားလွန်းရာကျပါတယ်"

"သမီးရယ်. . . ဘယ်မိဘမဆို သားသမီးတိုင်းကို အပိုအလို မရှိ တစ်တန်းတည်းချစ်ကြတာပါ"

"အပြောပဲရှိတာပါမေမေ၊ ထမင်းပွဲမှာထိုင်လိုက်တိုင်း ချို မစားချင်တဲ့ငါးတွေချည်းပဲ၊ ဟင်းချိုထဲမှာတောင် ငါးထည့်ချက် တာကိုက သိသာလွန်းတယ်"

"သမီးအကြိုက် အမဲသားနှပ်ထားတယ်လေသမီး၊ ဒီမှာ ဝက် သားပေါင်းလည်းရှိတယ်၊ ပုစွန်တုပ်ဆီပြန်လည်း ကြိုက်တယ်ဆို သမီးစားချင်တယ်ဆိုလို့ ဝက်အူချောင်းနဲ့ အစိမ်းကြော်,ကြော်ပေး ထားတာပဲမဟုတ်လား"

"ဘယ်လိုပဲပြောပြော. . . ငါးဟင်းက အရေအတွက်ပိုများ ပါတယ်မေမေ"

"ကျွတ်. . . ချိုလေး ဂဂျီဂဂျောင်မကျနဲ့ကွာ၊ မဆာသေး ရင်လည်း မစားနဲ့ဦးပေါ့၊ ဒီလိုစားခါနီး ဂျစ်တာလောက် ကိုကို မကြိုက်တာမရှိတော့ဘူး"

မနောချို၏ စူးရှသည့်အကြည့်က ကိုကို့ထံ ဒိုင်းခနဲရောက် လာလေ၏၊ သူမ,ကိုကို့ပေါင်ကို ဘယ်သူမှမမြင်အောင် အသာလေး





လှမ်းကုတ်လိုက်တော့ ကိုကိုက သူမလက်လေးကို ဆုပ်ထားလိုက် လေသည်၊

"သိပါတယ်၊ ကိုကိုက ချို့ကိုဆို အမြဲအပြစ်မြင်နေတ မနောချိုဆိုတာ ကိုကို့ညီမပါပဲ၊ ဒါကို ကိုကိုမေ့မထားပါနဲ့"

"မဆိုင်တာကိုမရမ်းချင်နဲ့ မနောချို၊ အကြီးတစ်ယောက် အနေနဲ့ဆုံးမတာကို အငယ်က နာခံမှပေါ့၊ ဘယ်လိုဖြစ်ပြီး အရမ်း Hot ချင်နေရတာလဲ. . . ၊ ဒီအိမ်မှာ ကိုကိုကအစ ချိုလေးအဆုံး အကုန်ကျောင်းသား၊ ကျောင်းသူတွေပဲရှိသေးတာ။ မိဘလုပ်စာကို ထိုင်စားနေတဲ့သူတွေချည်းပဲ၊ စေတနာကိုအသိအမှတ်ပြုတတ်မှ ပေါ့"

"ကိုကိုက ချို့ကိုအလုပ်,လုပ်စေချင်နေပြီလား"

"သမီးငယ်"

"ဖေဖေစဉ်းစားကြည့်ပါ။ ချိုကြိုက်တာကို ချို့လုပ်အားခရ မှ ဝယ်စားရမယ့်ပုံစံမျိုး အပြောခံနေရပြီ"

"သမီးကလည်းကွယ်။ ကိုကိုက ချစ်လို့ဆုံးမနေတာကို. . . တော်တော့"

"ကိုကိုက ချို့ကိုမချစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ချင်စရာတစ်ကွက်တောင် ရှိလို့လား"

"ကိုကိုနော်"

"ကဲ. . . တော်ကြတော့။ သားလည်း ထပ်မပြောနဲ့တော့။ သမီးငယ်လည်းစား"

"ချို့, မစားချင်တော့ဘူးဖေဖေ။ မိနီ. . . ငါ့အခန်းထဲကို မာမားတစ်ထုပ်ပြုတ်ပြီးလာပို့ပေး။ ကြက်ဥ Half Fried နှစ်လုံးနဲ့ ဝက်အူချောင်းပါ ကြော်လာခဲ့ပေး"

ဖေဖေက ခေါင်းကိုခါ၍သက်ပြင်းချလိုက်၏။ မေမေက သူမမျက်နှာကို မသိမသာအကဲခတ်နေလေသည်။ စို့ဝဲတက်လာသည့်မျက်ရည်ဥတို့ကို စီးကျမလာအောင်ထိန်းလျက် ထမင်းကိုနှစ်ဇွန်းခပ်စားလိုက်၏။ ဝမ်းနည်းရှိန်ကြောင့် ထမင်းကမျိုမကျ။

"ကျောင်းမှာ ပေါက်ကရတွေစားလာပြီး တစ်ခုမဟုတ်တစ်ခု ရန်ရှာတယ်။ မေမေ့သမီးကို မေမေကြည့်ပြောထားဦး။ ကြာရင် ကျွန်တော်လက်ပါမိမယ်"

"သားကလည်း"

"ဟုတ်တယ်။ သမီးငယ်က ငယ်ငယ်တုန်းကထက် ပိုဆိုးလာပြီ။ သူ့ဆိုးပုံက ကလေးဆိုးမျိုးမဟုတ်တော့ဘူးမေ။ မေ, နားဝင်





အောင်ပြောထား"

"မေ, ပြောရင် ချိုက ဖြူ့ဘက်ကို ရမ်းချင်လာရောက်"

"ဟင်း. . . ခက်တာပဲ"

သူမ ဇွန်းနှင့်ခက်ရင်းကိုချကာ ချိုင်းထောက်တွေက် ၍ ပ်လိုက်၏။

"တော်ပြီလားသမီး"

"ဟုတ်ကဲ့မေမေ"

"နည်းလိုက်တာ။ သမီးရော ခေါက်ဆွဲပြုတ်စားမလား"

"နေပါစေမေမေ။ ကျွန်မအတွက် ဘာမှမလုပ်ပါနဲ့"

"နောက်ကို ကျွန်တော်နဲ့ဖြူလေး နောက်မှပဲထမင်းစားတော့ ယ်မေမေ။ ဒီလိုအမြဲတမ်းဖြစ်နေရင် နောက်ဆုံး. . . ဖြူလေးပဲ ိတ်ထိခိုက်ရတယ်။ ဖြူလေးကို နှုတ်ကမပြောနဲ့ မျက်စောင်းနဲ့ထိုး ာတောင်. . . ကျွန်တော် သည်းမခံနိုင်ဘူး။ မေမေက သမီးနှစ် ောက်ကို Black and White ဒွန်တွဲပြီး မွေးလာပေးခဲ့တာကိုး"

သူမနောက်မှ ကိုကိုလိုက်လာတာကို သိနေပါ၏။ အိမ်ရှေ့ ြတ်ခင်းစပ်ရှိဒန်းပေါ်မှာ အသာထိုင်ချလိုက်သည်။ စိမ့်ခနဲတိုက် တ်လာသည့်လေအေးတို့ကြောင့် လက်ပြတ်ဂါဝန်လေးဝတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ည့်သူမလက်မောင်းတစ်လျှောက် မွေးညင်းလေးတွေထောင်ထလေ၏။

ကိုကိုက ဆွယ်တာအဖြူလေးကို သူမလက်ကိုဆွဲ၍ဝတ်ပေးလေ၏။ ကိုကို့မျက်နှာကိုမော့မကြည့်ဘဲငြိမ်နေမိစဉ် ကိုကိုက သူမ ပုခုံးလုံးလေးကို ရင်ခွင်ထဲထွေးဖက်ထားလိုက်လေသည်။

"မငိုပါနဲ့. . . ဖြူလေးရယ်။ ဖြူလေးရဲ့မျက်ရည်တွေကို မြင်ရရင် ကိုကို, ကိုယ့်ကိုယ်ကို သတ်သေချင်စိတ်ပေါက်တယ်၊ ကိုကို့ကြောင့် ဖြူလေး အခုလိုခံစားနေရတာပါ။ ကိုကို့ကိုသာ သေခိုင်းခဲ့ရင်"

"တော်ပါတော့. . . ကိုကိုရယ်။ ကျွန်မတောင်းပန်ပါတယ်၊ ဆက်မပြောပါနဲ့၊ ကျွန်မက ကိုကို့အတွက် အမြဲဂုဏ်ယူနေတဲ့သူပါ၊ ကျွန်မသိပ်တက်ချင်တဲ့ကျောင်း, ကျွန်မသိပ်ဖြစ်ချင်တဲ့အင်ဂျင်နီယာကို မရနိုင်တော့ပေမယ့် ကိုကိုဆောက်ပေးတဲ့အိမ်လေးမှာ ကိုကိုနဲ့အတူတူနေဖို့ မျှော်လင့်ထားခဲ့တာပါ။ အဲဒီအခါကျရင် ကျွန်မမှာ တူလေးတွေ၊ တူမလေးတွေ သုံးလေးယောက်ရှိလောက်ပြီပေါ့၊ ကိုကို့ကလေးတွေကို သီချင်းဆိုပြဖို့, ပုံပြင်ပြောသိပ်ဖို့ကိုတွေးရုံနဲ့ သိပ်ကြည်နူးရတာပဲ၊ သိလား. . ."





"ဪ. . . ညီမလေးရယ်။ ဖြူလေးနေချင်ရင် ဟိုးခြံထောင့်မှာ သစ်သားအိမ်လေးဆောက်ပြီး ကိုကိုတို့နေကြမယ်လေနော်။ ကိုကိုက ဘယ်တော့မှ အိမ်ထောင်မပြုဖို့ဆုံးဖြတ်ထားပြီးသားပါ။ ကိုကို့ညီမနဲ့မခွဲနိုင်ပါဘူး"

သူမ ကျိတ်ပြုံးလိုက်မိ၏၊ ဖူးစာဆိုတာကို ကိုကိုမယုံရဲတာလား။ အချစ်ဆိုတာကိုများ တမင်မေ့ထားလေသလား. . . ကိုကို။

အသက်တွေကြီးလာရင် တစ်နေ့နေ့တော့ အချစ်ဆိုတာနဲ့ ကိုကို တွေ့ကိုတွေ့ဦးမှာပါလေ။

"စကားကို အကုန်မပြောနဲ့နော်။ တော်ကြာမှ ဒိတ်ခနဲရင်လည်းဆောင့်ခုန်ရော နှလုံးသားက ဖုတ်ခနဲပြုတ်ကျသွားမှ ဟုတ်ပေ့ဖြစ်နေဦးမယ်၊ အချစ်ဆိုတာကို မေ့မထားပါနဲ့ကိုကိုရဲ့"

"ကြည့်စမ်း. . . ကြည့်စမ်း! ဒီစကားတွေ ဖြူလေးဘယ်တုန်းက ပြောတတ်နေတာလဲ၊ မှန်း. . . ဒီမှာ, ကိုကို့ကိုကြည့်"

သူမလက်မောင်းနှစ်ဖက်ကိုဆွဲထူ၍ မေးဖျားလေးကိုကိုင်ကာ မော့ခိုင်းတော့ သူမရယ်ချလိုက်မိ၏။

"မေးနေတာဖြေဦးလေ။ ဒါ, ရယ်စရာလားကွ"

"ကိုကို့အသက် အခုဘယ်နှနှစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"(၂၅)နှစ်"

"ခုချိန်ထိ ခလုတ်တိုက်ပြီး အချစ်ကိုမတွေ့မိသေးဘူးလား"

"မဟုတ်သေးဘူးနော်။ ဒီည အတော့်ကိုထူးဆန်းနေတာ အမှန်ပဲ။ ဖြူလေးတစ်ခုခုဖြစ်နေတာ သေချာတယ်"

"ဟင်. . . ကျွန်မဘာမှမဖြစ်ပါဘူး"

ကိုကိုက ခေါင်းခါ၍ သူမကိုစိုက်ကြည့်နေသဖြင့် အကြည့်ကို မလင်းတလင်းသာနေသည့် လခြမ်းကွေးလေးထံသို့လွှဲလိုက်မိသည်။

"ဟုတ်တယ်. . . သေချာတယ်။ ပြော. . . ဖြူလေး။ ကိုကိုကို ညာလို့မရဘူးနော်။ ဖြူလေးရင်ထဲမှာ တစ်ယောက်ယောက်ရှိနေတာ သေချာပြီ။ ဘယ်သူလဲ"

"အာ. . . ပေါက်ကရတွေ"

"ကိုကိုမြင်နေရတယ်နော်။ ဖြူလေးမျက်ဝန်းတွေက စကားတွေ အများကြီးပြောတတ်တာ ကိုကိုအမြဲဖတ်တတ်ခဲ့တာပဲ။ ပြော ကွာ။ ကိုကိုအရမ်းစိုးရိမ်လာပြီ"

သူမမျက်နှာကို လက်ဝါးဖြင့်အုပ်ထားလိုက်တော့ ကိုကိုက အတင်းဆွဲခွာနေလေ၏။





"ဖြူလေးနော်. . . မပြောရင် ကိုကိုအတင်းဖျစ်ညှစ်မိလိမ့်မယ်။ အသည်းယားအောင်မလုပ်နဲ့"

သူမလက်ကို ဆွဲခွာ၍ရသွားတော့ သူမက တဟင်းဟင်း သဘောတကျရယ်မောနေမိပြန်သည်။

"ကြည့်ပါလား. . . ဖြူလေးနော်။ ကိုကို့ကို မကလိနဲ့လေ။ ပြောဆို"

"ဟုတ်ပါဘူး"

"ဘာမဟုတ်ဘူးလဲ. . . ကြည့်၊ မျက်လုံးလေးတွေက အရည်လေးကို လဲ့နေတာပဲ။ ပြောစမ်း. . . ကိုကို့ဖြူလေးရဲ့နှလုံးသားကို သိမ်းကျုံးပွေ့ယူသွားတာ ဘယ်ကကောင်လေးလဲ"

သူမ ရှက်ပြုံးလေးပြုံးလိုက်မိပြီး နှုတ်ခမ်းထက်မှာ လက်ညှိုးလေးကိုထောင်ကာ တားလိုက်ပါ၏။

"ရှူး. . . မေမေတို့ကြားသွားတော့မှာပဲ"

"ဒါဖြင့်ပြောလေ"

သူမက လည်တိုင်မှာ ဆွဲထားသည့်ဆွဲကြိုးလေးမှ လော့ကတ်လေးကို ထုတ်ပြလိုက်ပါသည်။

"ဟာ. . . သူလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဟောဗျာ. . . ဖြူလေးနဲ့ ဘယ်နှခါများ ဆုံဖူးလို့လဲကွ"

"တစ်ခါမှမဆုံဖူးပါဘူး။ သူ့ကို ကျွန်မ သွေးလှူပေးတဲ့နေ့ ဆေးရုံခုတင်ပေါ်မှာ တစ်ခါပဲတွေ့ဖူးခဲ့တာ"

"တစ်ခါတည်းနဲ့. . . နှလုံးသားက ဖုတ်ခနဲပြုတ်ကျသွားရောလား"

"ကိုကိုကလည်း"

ကိုကိုက တဟားဟားအော်ရယ်လျက် သူမနဖူးလေးကို မနာကျင်အောင်ထုလိုက်လေသည်။ ကျော်. . . ရှင့်ကို ကျွန်မ ချစ်မြတ်နိုးနေမိတာကို ရှင်သိနိုင်မှာမဟုတ်ပါဘူးနော်။

"ဒုက္ခပဲ. . . ဒုက္ခပဲ. . . ဇေယျာက စနေ၊ တနင်္ဂနွေတွေမှာ ကိုကို့ဆီ စာလာမေးမှာကွ"

"မေးပါစေပေါ့ ကိုကိုရဲ့"

"ကျွတ်. . . တော်ကြာ ဖြူလေးက သူ့ကို ဒီထက်ပိုပြီး စွဲစွဲလမ်းလမ်းဖြစ်လာရင် ဘယ့်နှယ်လုပ်မလဲကွ"

"မစိုးရိမ်ပါနဲ့ကိုကိုရယ်။ ကျွန်မက သူမြင်အောင်နေမယ့်သူမှမဟုတ်ဘဲ။ ကျွန်မချစ်နေတာကိုလည်း သူလုံးဝမသိစေရပါဘူး။





စိတ်ချပါ. . . ကျွန်မ ဒီလောက်တော့ နားလည်ပါတယ်ကိုကိုရာ"

"စောင့်ကြည့်ရသေးတာပေါ့လေ။ နောက်တော့မှ ကိုကိုရေ တယ်ပါလို့မပူဆာနဲ့။ ကဲ. . . လာ. . . ညဥ့်နက်ပြီ. . . အိပ်စို့"

"ကျွန်မ ဒီမှာထိုင်နေချင်သေးတယ်"

"စိတ်ကူးယဥ်မယ်မကြံနဲ့။ တော်ကြာ ဖျားမှ ဖေဖေ့အပ်ကြီးနဲ့ နှစ်ပါးသွား'က'နေရမယ်"

သူမနှာခေါင်းလေးရှုံ့တွသွားရပြီး ကိုကိုဆွဲထူလိုက်တာကို အလိုက်သင့်လေး ရပ်လိုက်ရသည်။ အိပ်ခန်းထဲကိုရောက်တော့ မိနီယူလာပေးသည့်နွားနို့ပူပူလေးကို ကြက်ဥပူတင်းနှင့် ကိုကိုခွံ့ကျွေးတာစားပြီးမှ အိပ်ရာထက် လှဲလိုက်လေ၏။

ပြတင်းတံခါးနှင့် အခန်းမီးချောင်းကိုပိတ်၍ ညကြည့်မီးဖါဝါလေးထွန်းပေးကာ သူမနဖူးကိုငုံ့မွှေးပြီးမှ တံခါးစေ့ပေးခဲ့ပြီး အာစ်ဖက်ခန်းသို့ကူးသွားတော့သည်။

နောက်တစ်နေ့ကို ကျွန်မ ကြိုတင်ရင်ခုန်ချင်နေတာကို ရှင်သိနေမလား. . . ကျော်ရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

ဦးစိန်ကုလား ဖွင့်ပေးလိုက်သည့်တံခါးမှခြံထဲသို့ ပြိုင်ဘီးတလေး ဝင်လာသည်နှင့် ယုဇနရုံနောက်သို့ သူမ ကွယ်ရပ်လိုက်မိသည်။ တီရှပ်နီနီရဲရဲလေးနှင့် ဘောင်းဘီရှည်အနက်ရောင်ကြောင့် သူ့အသားရောင်က ပို၍ဖြူဝင်းနေသယောင်။

ကြည့်စမ်း. . . သူမရဲ့ကောင်လေးတော့ အိမ်ကို စပြီးဝင်ထွက်လေပြီတော. . .။

ကိုကိုက အိမ်ဝမှာထွက်ကြို၍ ဧည့်ခန်းထဲခေါ်သွားမှ သူမ အိမ်အေားမှပတ်၍ မီးဖိုခန်းဆီ ဦးတည်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမယ်လေးနော်. . . သေချာတောင် မမြင်ရသေးဘူး။ ခြေဖျားလက်ဖျားတွေ အေးစက်လာသလိုပါပဲလား။

"ဟဲ့. . . သမီး။ အိမ်ရှေ့က မဝင်ဘဲ, ဘယ့်နှယ် နောက်က ဝင်ရတာလဲ"

"အိမ်ရှေ့မှာ ညွှသည်ရောက်နေလို့ပါမေမေ"

"ဘယ်သူလဲ"

သူမမျက်နှာလေး ပြုံးစိစိဖြစ်သွားတော့ မေမေက မျက်ခုံးနှစ်ဖက်မြင့်သွားလေ၏။ ဟင်းအိုးကိုချ၍ ညွှခန်းရှိရာဆီ ခပ်သွက်သွက်ထွက်ကြည့်လိုက်လေသည်။

"ဟောတော်. . . ညွှသည်ဆိုလို့ ဘယ်သူများလဲမှတ်တယ်၊ သားကျော်ကိုး"

"ဟုတ်ကဲ့အန်တီ၊ ကျွန်တော် အစ်ကိုကိုစာလာမေးတာပါ"

"အေးအေး. . . ဖြည်းဖြည်းပဲမဟုတ်လား,သား။ ထမင်းစားပြီးမှပြန်ပေါ့"

"ဟာ. . . နေပါစေအန်တီ၊ ကျွန်တော် အိမ်က စားလာခဲ့ပြီးပါပြီ"

"ကွယ်. . . ခုမှ (၁၀)နာရီရှိသေးတာ၊ ပြန်ဆာလာမှာပေါ့။





းသွားပါသားရဲ့။ ဟင်းတွေကျက်ကုန်ပါပြီ။ ခဏနော်. . ."

သူမ စတော်ဘယ်ရီကို ချိုချိုလေးဖျော်၍ ဖန်ခွက်လှလှလေးထည့်, ပန်းကန်ပြားဖြူဖြူလေးခံကာ လင်ပန်းလေးထဲ အဆင်င့်ပြင်ပေးလိုက်ပါသည်။

"ဟယ်. . . သမီးက ready လုပ်ပြီးပါရောလား။ တယ်လိုက်သိတဲ့သမီး။ အဲဒါလေးတွေကြောင့် မေမေက ချစ်နေရတာ"

မေမေက သူမနဖူးကိုငုံ့နမ်းလိုက်ပြီး ဖျော်ရည်ဗန်းလေးကိုသွားလေ၏။ ကြီးကြီးမြက Electric Stove တွေကို Switch တ်ပိတ်ပြီး သူမကိုလှည့်ပြောလိုက်လေသည်။

"ဖြူလေး. . . ဗိုက်ဆာနေပြီလား"

"ဟင့်အင်း. . . မဆာသေးပါဘူးကြီးကြီးမြ၊ နောက်မှပဲ စားမယ်"

သူမ မီးဖိုခန်းမှထွက်၍ အိပ်ခန်းထဲဝင်ကာ တံခါးကို lock တ်၏။ ကျော်ရယ်. . . ရှင့်ကိုကြည့်ချင်ပေမယ့် မတော်တဆ . . . ရှင်, ကျွန်မကိုမြင်တွေ့သွားမှာ စိုးရိမ်မိတယ်။ ဘာဖြစ်ဆိုတော့ ကျွန်မက အားနည်းချက်တွေရှိနေတဲ့လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူးနော်. . . စာမေးချင်တာရောဟုတ်ရဲ့လား ညီ။ မင်းကိုကြည့်ရတာ စာထဲစိတ်မဝင်စားသလိုပဲ။ စိတ်နဲ့လူနဲ့ မကပ်ဘူး"

"ဝင်စားပါတယ် အစ်ကိုရ"

"မင်း, တစ်ယောက်ယောက်ကိုမျှော်နေတာလား"

"ဟာဗျာ. . . မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲအစ်ကိုရ"

"ဟုတ်တယ်လေ။ စာရှင်းပြတာကို ခေါင်းကသာညိတ်ပြနေ တာ၊ မျက်လုံးတွေက အိမ်ထဲကိုငေးကြည့်နေပြီးတော့"

သူခိုးလူမိဖြစ်သွားတာကြောင့် သူအရှက်ပြေရယ်လိုက်ပြ အအေးခွက်ကိုကောက်မော့ရာမှ သီးသွားရလေ၏။

"အဟွတ်. . . အဟွတ်"

"ဖြည်းဖြည်းသောက်လေကွာ. . . မင်းကို ဘယ်သူမှရိုက်ပြ သောက်ခိုင်းနေတာမှမဟုတ်ဘဲ၊ ခဏနေရင် ထမင်းစားရမယ်"

"အားနာစရာကြီးအစ်ကိုရ။ နေပါစေ. . . မစားတော့ပါ ဘူး"

"ကြုံတုန်းစားရတာပဲကွာ. . . စားသွားပါ"

"အစ်ကိုရော စားမှာလား"





"အင်း. . . နည်းနည်းပါးပါးပေါ့"

မိနီက ထမင်းပွဲပြင်ပြီးပြီ လာပြောသဖြင့် အလယ်ခန်းကို ဖြတ်၍ သူ ထမင်းစားခန်းကိုရောက်ခဲ့ရ၏။

ဖြတ်ကျော်လာသည့်အခန်းတွေကို ငေ့ဝဲကြည့်မိသော်လည်း သူတွေ့ချင်သည့်မျက်နှာလေးကို မမြင်တွေ့ရချေ။

"စားနော်, သား. . . အားမနာနဲ့၊ ငါးရောစားရဲ့လား"

"ဟုတ်ကဲ့. . . ကျွန်တော်က အစားမရွေးပါဘူးအန်တီ"

အစ်ကိုက သူပန်းကန်ထဲသို့ ငါးဆီပြန်, ဝက်သားနှပ်, ငါး ခြောက်ထောင်းကြော်, ဂေါ်ဖီပန်းနှင့်ဘဲဥခေါက်၍ကြော်ထားသည့် ဟင်း, ဘဲဥချဉ်ရည်ဟင်းတို့ကို တစ်မျိုးပြီးတစ်မျိုး ထည့်ပေးလေ ၏၊ အရည်သောက်က ပဲနီလေးနှင့် ကြာဆံဟင်းချို။

"ကြိုက်ရဲ့လား, ညီ"

"ဟုတ်ကဲ့. . . ဟင်းတွေက အရသာသိပ်ရှိတာပဲ။ အိမ်မှာ မေမေချက်တာတောင် ဒီလောက်ဟင်းအစပ်အဟပ် မတည့်သလို ပဲအစ်ကိုရဲ့"

"ဟင်းဟင်း. . . မေမေက မော်လမြိုင်သူလေ,ညီ၊ ဟင်း ချက်ကောင်းတာတော့ပြောမနေနဲ့။ တစ်ခါစားပြီးရင် ဆွေမျိုးမေ့



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်ဆိုတာ မေမေ့လက်ရာကိုညွှန်းတာပေါ့”

ထမင်းဝိုင်းမှာ ရယ်သံတွေ စိုပြေသွားရ၏။ တစ်အောင့်နေ၊ စာလုပ်ပြီးမှ သူနှုတ်ဆက်၍ ထပြန်ခဲ့သည်။

ခြံဝသို့ ပြိုင်ဘီးကို ခပ်ဖြည်းဖြည်းလေးနင်းလိုက်စဉ် အိမ်ထဲမှ လွမ်းဆွေးဖွယ်ရာတယောသံက သာယာစွာမြည်လာလေ၏။

သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားရပြီး ခြံပြင်မှာ စက်ဘီးရပ်၍ နားစွင့်နေမိသည်။ ဩ. . . Crying in the Rain သံစဉ်ပါလား။ တယောသံပျောက်သွားမှ သူအိမ်သို့ပြန်ခဲ့၏။ မင်း ဘယ်မှာရှောင်ပုန်းနေသလဲမျက်ဝန်းလေးရယ်၊

ညနေစောင်းမှာရောက်လာသည့် ဒေါက်တာမိုးစပယ်၏စမ်းသပ်ကုသမှုကို သူမငြိမ်၍ခံယူနေရသည်။ ဆေးထိုးမှာကိုကြောက်လွန်း၍ ကိုကို့ကိုအနီးနားခေါ်ထားသဖြင့် ဒေါက်တာက ပြုံးနေလေ၏။ သူမပုံစံက တကယ့်ကလေးလေးလိုဖြစ်နေတာကိုး။

“ဖြူလေးတလေ. . . ကလေးလေးအတိုင်းပဲ၊ ဒီအရွယ်ထိ အပ်ကြောက်နေတုန်းလား”

“မကြောက်ဘဲရှိမလား အန်တီရယ်. ... ဖြူလေးက ငယ်စဉ်ကတည်းက အပ်နဲ့အမြဲနှစ်ပါးသွားခဲ့ရတာကိုး”





“နောက်ကို သွေးလှူခွင့်မရတော့ဘူးနော်။ အန်တီထင်ပါတယ်၊ သမီးနှလုံးရောဂါ,စဖြစ်တာ အဲဒီအချိန်က စတာပဲနေ့ ဆိုကတည်းက နှလုံးအားနည်းရတဲ့ကြားထဲ သွေးလှူလိုက်တာ”

“ကျွန်မ ကုသိုလ်ရချင်လို့ပါအန်တီ”

“နောက်ကိုမလုပ်ပါနဲ့သမီးရယ်။ အသက်အန္တရာယ်နဲ့အရမ်း ...တဲ့ကိစ္စကွယ်”

“ဟုတ်ကဲ့ပါအန်တီ။ အဲဒီတုန်းက ကျွန်မရဲ့မွေးနေ့လည်းဖြစ်၊ သူနာအတွက် တကယ်လည်း အရေးတကြီးသွေးလိုနေလို့ လှူဖြစ်ခဲ့တာပါ”

“အန်တီသတိထားမိတယ်နော်။ သမီးကို အားလုံးက ဝိုင်းပြီးချစ်သလိုပဲ။ သား,သန့်စင်က ပိုဆိုးတယ်”

“ဘယ်လိုပြောလိုက်တာလဲ အန်တီရယ်. . .၊ ဖြူလေးက ကျွန်တော်တို့မိသားစုအတွက် လာခြင်းကောင်းသောကလေးတစ်ယောက်ပါ။ ပြီးတော့. . . အမိက ကျွန်တော့်အတွက် မေမေပေးတဲ့ လက်ဆောင်လေးပါပဲ”

“အန်တီသိပါတယ်ကွယ်။ ချိုလေးက ဆိုးလည်းဆိုးတာကိုး”

“ကျွန်မ ချိုလေးကိုချစ်ပါတယ်အန်တီ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့. . . ချိုလေးကတော့ သမီးကိုမချစ်ဘူးလေ။ ထားက်ပါ. . . သူကအငယ်ပဲကိုး"

သောက်ဆေးပေးခဲ့ပြီး ဒေါက်တာပြန်သွားတော့ ညနေ (၆) နာရီရှိနေပြီ။

ညစ်ခန်းထဲမှာ မိသားစု, စုထိုင်၍ လက်ဖက်သုပ်စားနေကြသဖြင့် သူမ စန္ဒရားခုံမှာအသာထိုင်လိုက်၏။

"ဖေဖေကလည်း ချို့ပူဆာတာကျ ခေါင်းခါပြီး၊ ကိုကိုပြောတာကိုတော့ ခေါင်းတစ်ခါတည်းညိတ်ရတယ်လို့"

"သမီးရယ်. . . သမီးလိုချင်တာမှန်သမျှ ဖေဖေဘယ်နှခါညည်းညူငြင်းဆန်ဖူးလို့လဲ။ ခုကိစ္စက နိုင်ငံခြားထိ shopping ထွက်ချင်တဲ့ကိစ္စလေ။ သမီးငယ်သေးတယ်. . . ဖေဖေစိတ်မချပါဘူး"

"ဟွန်း. . . သက်စုတို့ဦးလေးတွေအဒေါ်တွေ ပါတာပဲဟာ၊ စိတ်မချစရာရှိလို့လားဖေဖေရ"

"သူတို့က သူ့စိမ်းတွေလေကွယ်။ သမီးသွားချင်ရင် နောက်တော့ ကိုကိုနဲ့အတူတူသွားပေါ့။ ဖေဖေလွှတ်မှာပါ"

"ကိုကိုကျတော့ နှစ်စဉ် ပုဂံဖြစ်ဖြစ်၊ ရှမ်းပြည်နယ်ဖြစ်ဖြစ် ငပလီတို့ချောင်းသာတို့တောင် အမြဲရောက်တယ်"





"ကိုကိုက ယောကျ်ားလေးလေကွယ်၊ ပြီးတော့ ကျောင်းကဆရာတွေဆရာမတွေနဲ့သွားကြတာ၊ သူငယ်ချင်းတွေနဲ့လေ ရေးသဘောပဲ။ သမီးက မိန်းကလေး. . . အိမ်မှာ ဘယ်နှနာဖူးသလဲ၊ ခြေထောက်မှာ ဖွေပါသလားမှတ်တယ်. . . အ[illegible]တမ်အပြင်မှာ"

"ဒါ, သမီးရဲ့ Hobby လေ. . . ဖေဖေရဲ့။ အိမ်ထဲမှာ အမြဲအောင်းမနေချင်ပါဘူး။ လွတ်လွတ်လပ်လပ်လေးတော့နေပါရစေ"

"အင်းလေ. . . သမီးကို ဖေဖေတားမြစ်ခဲ့ဖူးလို့လား။ ခုနေတော့ သမီးလိမ့်ချင်တိုင်းလိမ့်နေဦးပေါ့။ တစ်နေ့ကျရင် သမီးကိုဟန့်တားမယ့်သူ ပေါ်လာဦးမှာပါ"

မနောချို မျက်နှာစူပုပ်လျက် ငြိမ်သွားလေ၏။ ကိုကိုက Drawing ဆွဲထားသည့်စာရွက်ကို ဖေဖေ့လက်ထဲသို့ထည့်ပေးလိုက်ပါသည်။

"ဖေဖေ့သားက ကျောင်းပြီးပြီးချင်းဆောက်ပေးတာ သူညီမအတွက်ဖြစ်နေတာကိုး။ လှတယ်. . . လှတယ်. . . လုံးချင်းလေးပဲ။ ဝရန်တာလည်း ကျယ်တယ်၊ လေကောင်းလေသန့်လည်းရမှာ"

"ဘာလဲဟင်. . . ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ခြံထောင့်မှာ ဖြူလေးအတွက် သစ်သားအိမ်လေးဆောက်ဦး"

"အို. . . ငွေကုန်မှာပေါ့။ ဒီမှာလုံလုံခြုံခြုံနေရရဲ့သားနဲ့. . . အပိုတွေ"

"သမီးကလည်း. . . ဖြူလေး ဒီမှာနေရတာမလွတ်လပ်ဘူးလေကွယ်။ သမီးညည့်သည်ပဲလာလာ, ကိုကို့ဧည့်သည်ပဲလာလာ သူခမျာ အခန်းထဲဝင်ပုန်းနေရတာ"

"ဒါ. . . ရှက်စရာမှမဟုတ်ဘဲ"

"ကွယ်. . . ဖြူလေးရယ်"

မေမေဝင်ဟန့်လိုက်သော်လည်း မနောချို၏မျက်စောင်းက သူမထံရောက်လာလေ၏။ ကိုကိုက ဖေဖေ့ထံမှစာရွက်တွေကို ပြန်ယူ၍ သူမရှိရာဆီ လျှောက်လာပါသည်။

"ချိုပူဆာတာက အိမ်တစ်လုံးစာလောက်ထော့ မရှိပါဘူးဖေဖေ"

"မတွက်ကပ်ပါနဲ့သမီးငယ်။ သမီးကြီးက သမီးလို ဘာမှကုန်ကျစရိတ်ရှိတာမဟုတ်ဘူး။ သမီးက တစ်နှစ်ကျောင်းစရိတ်, အဝတ်အစား အသုံးအဆောင်, ဖိနပ်, အိတ်, မုန့်ဖိုး စတာတွေရှိတယ်"





"ဒါတွေကို ဖြူလည်းရတာပဲလေဖေဖေ"

"ဆယ်ကွေ့တစ်ကွေ့လေကွယ်"

"ချိုသိပါတယ်၊ ဖေဖေတို့က ချို့ထက် ဖြူ့ကိုပဲပိုချစ်ကြတာ။ ခွေးမျိုးတွေကအစ ဖြူ့ကိုပဲအချစ်ပိုတယ်။ သိသိကြီးနဲ့ ချို ငုံ့ခံခဲ့ရတာကြာပြီ၊ ဖေဖေတို့လုံးဝမတရားဘူး"

"သမီး. . . အဲဒီလိုမပြောရဘူးလေ"

မေမေပြောတာကိုပင် နားမထောင်ဘဲ မနောချို အိမ်ပေါ်သို့ ပြေးတက်သွားလေ၏။ သူမ,မိဘတွေကိုမကြည့်ရဲဘဲ စန္ဒရားခုံကို သာစိုက်ကြည့်နေဝိသည်။

ညီအစ်မချင်းယှဉ်ပြိုင်မှုတွေက ဘယ်သောအခါမှ ရပ်တန့်ပြီးဆုံးနိုင်မှာတဲ့လဲကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

ဧည့်ခန်းမှ ဖုန်းမြည်သံကြောင့် သူမ ဆက်တီမှာ ထိုင်နေရာမှ ထလာခဲ့၏။ အထိုင်အထခက်ခဲလွန်း၍သာ ဒီချိုင်းထောက်တွေကို အသုံးပြုနေရတာ။ တကယ်ဆို ဒီအရာတွေကို သူမ မလိုချင်တော့ပြီ။ ငယ်စဉ်တုန်းကလို လွတ်လပ်စွာပြေးလွှားလိုက်ချင်၏။

"ဟဲလို"

"ဟဲလို. . . အစ်ကိုရှိလားဟင်"

"ကိုကိုရေချိုးနေတယ်ရှင့်"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာရှိရင် ခဏနေမှပြန်ဆက်ပါနော်"

"ခုပြောနေတာ မနောပေါ့နော်"

"ရှင်! "

"အစ်ကိုညီမ. . . မနောလေ"

သူမအံ့ဩသွားရ၏။ ကိုကို့မှာ ညီမနှစ်ယောက်ရှိနေတာကို တကယ်မသိတာလား။ သူ့အသံကိုကြားရုံမျှဖြင့် သူ့မှန်းအတတ်သိနေသည့်စိတ်ကို အလိုလိုအံ့ဩနေရသည်။

"မနော အခုဘာလုပ်နေလဲ"

"ဟို. . . ဖုန်းပြောနေတယ်လေ"

"မဟုတ်ဘူးလေ။ ကျွန်တော်ပြောတာက ကျောင်းတက်လား၊ ဘာမေဂျာလဲ? အဲဒါမျိုးသိချင်တာပါ"

"ကိုကိုထွက်လာမှပဲ ပြောတော့နော်"

သူမ ဖုန်းကိုအမြန်ချလိုက်၏။

အမယ်လေး. . . ကျွန်မအကြောင်းတွေကိုများ စပ်စုနေလိုက်တာ။ ဘာဖြစ်လို့များ သိချင်နေရတာလဲရှင်ရယ်။ ကျွန်မနဲ့မပတ်သက်ချင်ပါနဲ့။ ရှင်, ကျွန်မနဲ့ပတ်သက်မိရင် ရှင်ပဲစိတ်ဆင်းရဲရမှာပါ. . . ကျော်ရယ်။





ကိုကိုထွက်လာတော့ ဖုန်းသံထပ်မြည်လာသဖြင့် ကိုင်လိုက်လေ၏။ သူမ ခြံထဲသို့ခပ်ဖြည်းဖြည်းဆင်းလာခဲ့သည်။ ကျွန်မ, လူတွေကို ရင်မဆိုင်ရဲဘူး. . . ကျော်။ ကျွန်မကိုသနားသလိုကြည့်လာမယ့်အကြည့်တွေကိုလည်းမခံနိုင်ဘူး။ မတော်တဆကြုံမိလို့ ကျွန်မအကြောင်းတွေကိုမေးမြန်းရင် ပြန်ဖြေရှင်းပြရတဲ့ အဖြစ်ဆိုးကြီးတိုလည်း မရပါရစေနဲ့တော့။ ရင်ထဲမှာနာကျင်တဲ့ဝေဒနာတွေကို ခံစားချင်တော့တာအမှန်ပါ။

လေညင်းနွဲ့နွဲ့က သူမ၏ဆံနွယ်ရှည်တွေကို ကလူကျီစယ်သွား၏။ ညအမှောင်ကို အမိပ္ပာယ်မဲ့ငေးကြည့်နေမိသည်။ အတူရှိနေသော်ငြား ရန်လိုနေသည့် မနောချို၏အရိပ်မှ လွတ်ကင်းအောင် သူမ မည်သို့ရှောင်ရှားရမည်နည်း။ ဝမ်းနည်းအားငယ်လာမှုနှင့်အတူ သူ့အပေါ်မြတ်နိုးနေမိသည့်စိတ်ကို ဖြေဖျောက်ပစ်ဖို့က သူမအတွက် ပိုမိုခက်ခဲနေပါ၏။

နောက်လဆိုရင် ဘဘကြီးပြန်လာတော့မှာပဲ။ ဒါဆိုရင် ဘဘကြီးနဲ့ပဲအတူသွားနေတော့မည်။ ဆုံးဖြတ်ချက်ချပြီးသည့်နောက်မှာ သက်ပြင်းကိုရှိုက်လိုက်မိ၏။ သူမချစ်သည့်ကိုကိုနှင့်ခွဲမနေချင်ပါ။ သို့သော်. . . ကံတရားက သူမဘက်မှာ ရှိမနေလေခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေတွေးနေပြန်ပြီလဲ. . . ဖြူလေးရယ်"

"ဟင့်အင်း. . . ဘာမှမတွေးပါဘူးကိုကို"

"ဘာမှမတွေးဘူးသာဆိုတယ်၊ ဖြူလေးအတွေးလွန်နေပုံက ကျောက်ရုပ်လေးတစ်ရုပ်လိုငြိမ်သက်လို့ပါလား"

ကိုကိုက သူမပခုံးကိုအသာဖက်လိုက်ရင်း ဒန်းပေါ်မှာထိုင်စေ၏၊ နောက်တစ်ပတ်ဆိုရင်တော့ သူမချိုင်းထောက်မပါဘဲ လမ်းလျှောက်နိုင်တော့မှာပါလေ။

"ကိုကို"

"ပြောလေ. . . ဖြူလေး"

"ကျွန်မ့အတွက် အိမ်ဆောက်ပေးမယ့်အစီအစဉ်ကို ဖျက်လိုက်ပါ။ ကျွန်မ,မလိုချင်တော့ဘူး"

"ဟင်. . . ဖြူလေးကလည်း ကိုကိုအစီအစဉ်တွေဆွဲထားပြီးသားကို"

"နေပါစေတော့ကိုကို"

"ဘာဖြစ်လို့လဲဖြူလေးရယ်။ ချိန္နောင့်ယှက်မှာစိုးလို့လား၊ သူက ဒီလိုပဲအကျင့်ဖြစ်နေပြီဟာကို"

"ကိုကို့ကို ကျွန်မပြောစရာရှိတယ်"





"အင်း"

"ကျွန်မ. . . ကိုကို့ကိုဘယ်လောက်ထိချစ်သလဲဆိုတာ ကိုကို အသိဆုံးပါနော်"

ကိုကိုက နားမလည်သည့်မျက်ဝန်းများဖြင့် သူမကိုကြည့်နေလေ၏။ သူမ ကိုကို့လက်ဝါးကို အသာဆုပ်ကိုင်ထားလိုက်ပါသည်။

ပြောပါရစေကိုကို၊ ဖြစ်နိုင်ရင် ဒီစကားကို ကျွန်မ, မပြောချင်ပါဘူး၊ ကိုကို ကျွန်မကြောင့်ခံစားရမှာကို မလိုလားတာအမှန်ပါကွယ်၊

"ကျွန်မပြောမယ့်စကားကြောင့် ကိုကို, ကျွန်မကိုအထင်မလွဲစေချင်ပါဘူး၊ လူဆိုတာ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ပိုဦးစားပေးရတယ်ဆိုတာ ကျွန်မထက် ကိုကိုပိုသိနေမှာပါ"

"ကိုကို ဘာတစ်ခုမှ နားမလည်သေးဘူးဖြူလေးရယ်၊ ရှင်းရှင်းပြောပါ"

"နောက်လဆို ဘဘကြီး စင်္ကာပူက ပြန်လာတော့မှာမဟုတ်လား"

"အဲဒီတော့"

"ကျွန်မ, ဘဘကြီးနဲ့ပဲလိုက်နေတော့မယ်ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"သဘောမတူဘူး။ ကိုကို လုံးဝသဘောမတူဘူး။ ဖြူလေး, ကိုကို့ကိုခွဲနိုင်လို့လား။ ပြီးတော့. . . မေမေတို့ကိုရောခွဲနိုင်လို့လား။ ပြောပါဦး"

"နေနိုင်အောင် လေ့ကျင့်မယ်ကိုကို။ ကျွန်မကြောင့် တစ်မိသားစုလုံး. . . ဝန်ထုပ်ဝန်ပိုးကြီးထမ်းထားရသလိုဖြစ်နေတာကို ကျွန်မ,မလိုချင်ဘူး။ ကျွန်မ ကိုယ့်ဟာကိုယ်ရပ်တည်နိုင်အောင် ကြိုးစားမှာပါ"

"ဖြူလေးရယ်. . . ကိုကိုက"

"ကျွန်မကို မတားပါနဲ့ကိုကို။ ဒီမှာနေရတာထက် ဘဘကြီးနဲ့နေရတာက ကျွန်မအတွက်ပိုကောင်းသလို ပိုပြီးလည်းစိတ်ချမ်းသာရမှာအမှန်ပါ။ ဘဘကြီးက ကျွန်မရဲ့စိတ်ကို နာကျင်အောင် ပြုလုပ်ပြောဆိုမယ့်သူမှမဟုတ်ဘဲ"

"ညီမလေးရယ်. . . ချိုလေးပြောတဲ့စကားတွေကို ဖြူလေး ဘယ်လောက်ထိနာကျင်နေမလဲဆိုတာ ကိုကိုသိနေပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး. . . အိမ်ကထွက်သွားတာမျိုး ကိုကို့ကိုခွဲပြီးထားခဲ့ရက်တာမျိုးတော့ မလုပ်သင့်ပါဘူး။ ဖြူလေးမရှိရင် ကိုကိုမနေတတ်တာကို သိလျက်နဲ့များ. . . ဒီလိုဆုံးဖြတ်ရတယ်လို့"





ကိုကိုက သူမ၏ကိုယ်လုံးသွယ်သွယ်လေးကို ကျစ်ကျစ်ပါအောင် ပွေ့ဖက်ထားလေ၏။ ငိုချင်လာသည့်စိတ်တို့ကို ကြိုးစားဖြေဖျောက်နေရသည်။

ကိုကိုရယ်. . . အချိန်တန်ရင် ကိုကိုလည်း ကိုယ့်အိမ်ထောင်နဲ့ကိုယ်ဖြစ်လာမှာပါ။ အဲဒီအခါ ကျွန်မကို လိုတာထက်ပိုပြီး ချစ်နိုင်တော့မှာမဟုတ်ပါဘူး။ အဲဒီအချိန်ကျရင် ဒီ့ထက်ပိုပြီး ကျွန်မ မခံစားပါရစေနဲ့လားကိုကို။ အခုကတည်းက တတ်နိုင်သလောက် သံယောဇဉ်တွေဖြတ်ထားတာ အကောင်းဆုံးပါပဲ။

"ကျွန်မဆုံးဖြတ်ပြီးပြီ"

"ကိုကိုသဘောမတူဘူး။ ပြီးတော့ မေမေတို့လည်း သဘောတူမှာမဟုတ်ဘူး။ ဒီတော့. . . ဖြူလေးစိတ်ကိုလျှော့လိုက်ပါ"

"အင်းလေ. . . ဘဘကြီးပြန်လာမှပဲ ဒီကိစ္စကိုဆက်ဆွေးနွေးပါတော့မယ်"

"ဟင်း. . . မလျှော့သေးပါလားဖြူလေးရယ်"

ညဉ့်တော်တော်နက်မှ ကိုကိုတွဲခေါ်သဖြင့် အိမ်ထဲသို့ဝင်လာခဲ့၏။ အခန်းထဲသို့ပို့ပေးအပြီး ပြတင်းတံခါးတွေပိတ်ပေးစဉ် ကိုကိုမျက်နှာမကောင်းဖြစ်နေတာကိုတွေ့နေရသည်။ ကျွန်မ တကယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းတာ အမှန်ပါကိုကို။

ကိုကိုပြန်ထွက်သွားတော့ အိပ်ချင်စိတ်မရှိသဖြင့် ပြတင်းပေါက်ကိုပြန်ဖွင့်ရင်း ရပ်နေမိသည်။ ကလစ်ခနဲ တံခါးဖွင့်သံနှင့်အတူ သူမအခန်းထဲသို့ မနောချိုဝင်လာလေ၏။

"ဘာကိစ္စရှိလို့လဲ. . . ချို"

"နင်, ဖေဖေတို့ကိုပူဆာထားတဲ့ကိစ္စကို ပြန်ရုပ်သိမ်းပေးပါ"

"ဘာကိုလဲ"

"အိမ်ဆောက်ခိုင်းထားတဲ့ကိစ္စလေ။ ငါ shopping ထွက်ဖို့ ဖေဖေက ငွေမထုတ်ပေးတာ နင်ဖျက်နေလို့မဟုတ်လား"

"မဟုတ်တာ. . . မဆိုင်ပါဘူးချို။ အဓိပ္ပာယ်မရှိတာ။ ဖေဖေက ချို့ကိုစိတ်မချလို့ မလွှတ်တာလေ။ နားလည်ရဲ့သားနဲ့"

"မလိုချင်ဘူး။ ငါတောင်းဆိုတိုင်း ဖေဖေတို့က ရှောရှောရှူရှူ ဘယ်တုန်းကမှခွင့်ပြုခဲ့တာမဟုတ်ဘူး။ အဲဒါ နင်ရှိနေလို့ပဲ။ နင်ဟာ မွေးလာကတည်းက မိဘတွေ, ဆွေမျိုးတွေရဲ့အချစ်တွေကို သိမ်းကျုံးပိုင်ဆိုင်ခဲ့တာ။ ကိုကိုကအစ နင့်ကိုပုံပြီးချစ်ခဲ့တာပဲ။ ငါက နင်. . . သူများလက်ထဲမှာရှိနေမှ ကောက်ချီခံရတဲ့ကလေးတစ်ယောက်ပါ။ ဒီမှာဖြူ. . . နင့်ကိုငါမုန်းတယ်။ ဘာမဆို နင့်ကို ဦး





စားပေးပြီး ခွဲဝေယူခဲ့ရတဲ့အတိတ်ကို ငါဘယ်တော့မှမမေ့ဘူး။ ငါလိုချင်တဲ့ပစ္စည်းတစ်ခုကို နင်အပိုင်ရသွားတိုင်း ငါဘယ်လောက်ခံစားရသလဲဆိုတာကို နင် ဘယ်ကိုယ်ချင်းစာနာတတ်မှာလဲ။ နင်က အားလုံးရဲ့အခွင့်အထူးခံမို့ အတ္တတွေနဲ့ပြည့်ဝနေတဲ့သူကိုး။ ငယ်ငယ်ကတည်းက နင့်ကိုလုပ်မိတိုင်း ငါ အမြဲနှစ်ခါပိုအရိုက်ခံခဲ့ရတာတွေက ငါ့ကိုယ်ခန္ဓာပေါ်မှာထက် ရင်ထဲအသည်းထဲထိပါ နာတယ်ဖြူ။ ဒီဒဏ်ရာတွေဟာ ဘယ်တော့မှပျောက်မသွားတော့မယ့် သေရာပါဒဏ်ရာတွေပဲ။ အေး. . . ဝဋ်ဆိုတာ လည်စမြဲပါ။ ငါခံစားခဲ့ရတဲ့အနာတရများစွာကို တစ်နေ့ နင်ပြန်ရစေရမယ်။ အဲဒါအသေအချာပဲ။ အဲဒီအခါမှ နောင်တဆိုတာကို နင်နားလည်မှာ။ တကယ်ဆို လူ့ဘဝထဲကို နင်နဲ့အတူရောက်ခဲ့ရတာ ငါ့အတွက် ကံဆိုးခဲ့တာပဲ။ ဘာဖြစ်လို့များ. . . မေမေ့ဝမ်းထဲကို နှစ်ယောက်ပြိုင်တူ ဝင်စားခဲ့ရတာမှန်းကိုမသိတော့ဘူး။ ရှင်းရှင်းပြောရရင် နင့်ကို အမြဲမနာလို မုန်းတီးနေရလို့ ငါ့မှာ အစဉ်ပူလောင်နေရတာအမှန်ပဲ။ ငါ့ဘဝထဲမှာ နင်ရှိမနေမှ ငါအေးချမ်းမှာ။ ဟိုတစ်ခါ သစ်ပင်ပိကတည်းက နင်တစ်ခါတည်း ပွဲချင်းပြီးသေသွားရင်. . . အေးရော။ ဒါမှ နင့်ကိုယ်စား ငါ့ကိုဝိုင်းပုံပြီးချစ်ကြမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ချို. . . တော်ပါတော့. . . တော်ပါတော့"

"မတော်နိုင်ဘူး၊ နင်ဟာ ငါ့အတွက်တော့ မကောင်းဆိုးဝါး တစ်ကောင်ပဲ၊ ငါ့ဘဝကို ကျိန်စာတွေတိုက်ဖို့ရောက်လာတဲ့မိစ္ဆာမ"

ဝုန်းခနဲတံခါးပွင့်သွားပြီး မနောချိုကို ဖြတ်ရိုက်လိုက်သည်က သူမ၏ကိုကိုရယ်လေ. . .။

"ဖြန်း"

"အရိုင်းအစိုင်းမ. . . နင့်ထက် မိနစ်အစိတ်ကြီးတဲ့အစ်မကို ပြောနေလိုက်တာများ မွေးပေးခဲ့တဲ့မအေမျက်နှာကိုမှမထောက်၊ မနောချို. . . နင်ဒီလောက်ရိုင်းစိုင်းတတ်မှန်း အခုမှ ငါသိတော့တယ်"

"ကိုကို, ချို့ကိုရိုက်တယ်ဟုတ်လား"

"ရိုက်တယ်၊ ရိုက်တော့. . . ဘာဖြစ်လဲ? ဒီထက်ပိုပြီးဆုံးမခွင့်တောင် ငါ့မှာရှိတာ၊ ငါက နင့်ထက် ငါးနှစ်တောင်ကြီးတဲ့ နင့်အစ်ကို. . .။ တောက်. . . နင်နဲ့မောင်နှမတော်ရတာ ငါရှက်တယ် မနောချို။ နင်ဟာ ဖြူလေးနဲ့အရာရာ ဆန့်ကျင်ဘက်ပဲ၊ စိတ်ထဲတင် ယုတ်တာမဟုတ်ဘူး၊ နှုတ်ကပါ ကြမ်းတမ်းရိုင်းစိုင်းတဲ့. . . အမိုက်မ"





"ကောင်းပြီကိုကို. . . ဒီညကို ချိုမမေ့ဘူး။ ချိုက မှန်လို့ပဲ ချင့်တယ်။ ချို့ကိုမုန်းရင် ချိုကလည်း ပြန်မုန်းဖို့အဆင်သ ဒီမှာ, ဖြူ. . . ငါ့ပါးကဒဏ်ရာဟာ နင့်ကြောင့်ရခဲ့တာ နင့်ဒ ပဲ၊ ငါနာကျင်ရသလို နင်လည်းပြန်နာစေရမယ်။ အလှည့် ၎င် နေ့စတမ်းပဲ။ ငါ့အကြောင်း နင်ကောင်းကောင်းသိရမယ်မှတ်

"တောက်! ဒီလောက်ပြောနေတဲ့ကြားက"

မနောချို ချာခနဲလှည့်၍ အခန်းပြင်ထွက်ကာ အပေါ်ထပ်သို့ အပြေးတက်သွားတော့သည်။ သူမ မျက်ရည်တွေတွေကျနေ ချတ်မှာ အမြင်တွေဝေဝါးလာရ၏။

"ဖြူလေး. . . ဖြူလေးရယ်၊ အခန်းကလုံတော့ ရုတ်တရက် ဘာမှန်းမသိဘဲ ကိုကိုနားထောင်နေမိတာ။ နောက်တော့မှာ ချို့ အသံမှန်းသိလို့ ကိုကိုအပြေးရောက်လာတာပါ။ ကိုကို့ညီမလေး ဆော်တော်နာကျင်သွားပြီလားကွယ်"

"ရပါတယ်. . . ကိုကို၊ သူလည်း အော့င့်ထားရတာကြာပြီ နဲ့ ပေါက်ကွဲတဲ့သဘောပါ၊ ကျွန်မ နားလည်ပါတယ်။ ဘာမှမဖြစ် ပါဘူး၊ တော်ပါသေးရဲ့. . . ဖေဖေတို့မရှိတာပဲ ကံကောင်းတယ်"

ကိုကိုက သူမ,သောက်နေကျ လူပျံတော်ပတ္တမြားသွေးဆေး



www.burmeseclassic.com

www.burmeseclassic.com



မှုန့်ကို ယူ၍တိုက်သဖြင့် ရေးအေးအေးလေးဖြင့် သူမအသာမော့သောက်လိုက်ရ၏။

တော်ပါပြီ. . . ကိုကိုရယ်။ ကြာလာတာနဲ့အမျှ ချို့ရဲ့အပြုအမူ,အပြောအဆိုတွေကို ကျွန်မသိပ်ကြောက်လာပါပြီ။ ချထားပြီးသားဆုံးဖြတ်ချက်ကိုသာ အတည်ပြုလိုက်ပါတော့မယ်လေ။

✿ ✿ ✿



အခန်း (၈)

မနက်စာ breakfast စားသောက်ချိန်မှာ ထမင်းစားခန်းထဲမိသားစုငါးဦးစလုံး ရှိနေပါ၏။ ကိုကို့မျက်လုံးထဲမှ မျက်သားတွေရဲရဲနီနေသည်မို့ ဒေါသစိတ်ကို မျိုသိပ်ထားပုံရသည်။ မေမေကသူမကို မသိမသာလှမ်းကြည့်လိုက်၍ သူမမျက်လွှာချငြိမ်နေလိုက်ပါ၏၊ ဖေဖေ့မျက်နှာက ခါတိုင်းထက် ပိုတည်မနေလေသည်။

"ကဲ. . . ဖေဖေပြောမယ် မနေခါချို၊ နောက်ကို သမီးကြီးကိုဒီလိုအပြုအမူ၊ အပြောအဆိုမျိုး ထပ်မလုပ်တော့ပါဘူးဆိုတဲ့ကတိဖေဖေ့ကိုပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



မနော့ချို ငြိမ်သက်နေလေ၏။ မျက်နှာချင်းဆိုင်မှာရှိနေသည့်သူမကို စူးခနဲတစ်ချက်ကြည့်လိုက်လေသည်။

ကြည့်စမ်း. . . ဒါ, ညီမက အစ်မကိုကြည့်တဲ့အကြည့်မျိုးတဲ့ သား။ ကြောက်စရာကောင်းလိုက်တာ။

"ဖေဖေပြောတာ ကြားတယ်နော်. . . သမီးငယ်"

"ဖေဖေက မျက်စိတစ်ဖက်တည်းနဲ့ပဲ ကြည့်တတ်တာလား။ ချို့ဘက်ကိုတော့ နည်းနည်းမှထည့်မတွက်ပေးကြဘူး။ အမြဲချင်း အတူတူ ချိုက သူ့လောက် ဘာမှအခွင့်အရေးမရခဲ့ဖူးဘူး။ အမြဲ အနာဘက်ကပဲ နေခဲ့ရတယ်"

"ဆက်မပြောနဲ့. . . မနော့ချို။ ငါတောင်းတဲ့ကတိကို နင်ပေးမလား; မပေးနိုင်ဘူးလား။ ဒါပဲပြော။ ငါ, အပိုတွေမပြောချင်ဘူး။ နင့်ကြောင့် ဒီအိမ်မှာ တစ်ခုမဟုတ်တစ်ခု ပူရဆူရနဲ့ တစ်ရက်မှ အေးအေးချမ်းချမ်းမရှိခဲ့ဘူး။ ဒီတော့. . . ဒီအိမ်မှာ နင်ဘာလိုဆိုတာ နင့်ကိုယ်နင်သိ. . . ဒါပဲ"

မနော့ချို၏နှုတ်ခမ်းပါးလေးတွေ တဆတ်ဆတ်တုန်လာလေ၏။ ဒေါသမျက်ဝန်းတို့က မီးထတောက်လာသည့်နှယ်. . .

"သမီး. . . ဖေဖေမေးနေတာကို ဖြေလိုက်လေ"





"ဟင့်အင်း. . . ချိုမပေးနိုင်ဘူးမေမေ။ ချို့, သူ့ကိုသိပ်မုန်းတယ်"

"သမီး"

"ကောင်းပြီ။ နင့်စကား, နင်မြဲမြဲမှတ်ထား. . . မနော့ချို။ ငါက ခြေမ,မကောင်းရင် ခြေမ၊ လက်မ,မကောင်းရင် လက်မ၊ ဖြတ်သင့်ရင် ဖြတ်ရမှာပဲ။ နောက်လ ကိုကြီးပြန်ရောက်ရင် နင် ကိုကြီးနဲ့သွားနေရမယ်။ နင်မလိမ္မာမချင်း ဒီအိမ်ကိုပြန်လာဖို့စိတ် ကူးလေနဲ့။ မိဘက အလိုလိုက်လို့အမိုက်စော်ကားတဲ့မိန်းကလေး၊ နင့်လိုကလေးမျိုး. . . ကိုကြီးရဲ့စည်းကမ်းနဲ့ပဲကိုက်တယ်။ ဒါ, နင့် အိုက်နဲ့နင့်ကံပဲ"

"ဟင့်အင်း. . . မနေဘူး၊ ချိုမနေချင်ဘူး။ နေလည်းမနေနိုင် ဘူး။ ဖေဖေ တရားမျှတစွာဆုံးဖြတ်ပါ။ ချိုက ဖေဖေ့သမီး မဟုတ် သို့ ဒီလိုတစ်ဖက်စောင်းနင်းဆုံးဖြတ်လိုက်တာလား။ မေမေရယ်၊ ဘကြီးနဲ့အတူ ချိုမနေပါရစေနဲ့"

"မအေကိုအကူအညီတောင်းဖို့မကြံနဲ့ မနော့ချို။ နင့်အပြစ် ဘယ်လောက်ကြီးသလဲဆိုတာ နင်အသိဆုံးပဲ။ အေး. . . ညကကိစ္စ ဒီ သားကြီးပြောသမျှ ငါအကုန်ယုံလိုက်တာမဟုတ်ဘူး။ မမြက



www.burmeseclassic.com

www.burmeseclassic.com



အစအဆုံးကြားတာ”

“နောက်ဆုံးတော့လည်း ချိုက တစ်ယောက်နဲ့အများပဲဖြစ်ရတာပါပဲ”

“ဒါ. . . တရားမျှတတဲ့ဆုံးဖြတ်ချက်ပဲမနောချို။ နင်, ငါတို့ဘာမှအတွန့်တက်ဖို့ မစဉ်းစားနဲ့။ ဒါပဲ”

“ဖေဖေက ချို့ကို အိမ်ပေါ်က မောင်းချနေတာပေါ့”

“သမီးငယ်. . . ပြောလေဆိုးလေပါလား”

“ဒါ, နှင်ချတာပဲလေမေမေ။ ချိုက မေမေမွေးထားတဲ့မေမေ့သမီးပါ။ မေမေတို့ ဘာဖြစ်လို့ ချို့ကိုမချစ်ကြတာလဲ။ မေမေတို့သူ့ကိုပိုချစ်လေ, ချို သူ့ကိုပိုမုန်းတီးလာမိတာ ဆန်းလို့လား။ ပြောပါဦးမေမေ၊ ချိုက မွေးစားသမီးများဖြစ်နေလို့ မချစ်ကြတာလား”

“ခက်လိုက်တာသမီးရယ်”

မနောချို မျက်ရည်တို့ကို ခပ်ကြမ်းကြမ်းသုတ်၍ ထိုင်နေရာမှ ထရပ်လိုက်လေ၏။ သူမ ကော်ဖီပန်းကန်လုံးကိုသာ တစိုက်မတ်မတ်ကြည့်နေမိလေသည်။

“ကောင်းပြီ. . . ချို, ဘဘကြီးနဲ့သွားနေမယ်ဖေဖေ၊ ဘဘကြီးအိမ်မှာမနေနိုင်တဲ့တစ်နေ့ ခြေဦးတည့်ရာကို ချိုဆက်လျှောက်မယ်”

ပြောပြီးပြီးချင်း ထမင်းစားခန်းထဲမှ မနောချို အပြေးထွက်သွားလေတော့သည်။ ဖေဖေက ခေါင်းကိုခါယမ်းလိုက်ပြီး အံကြိတ်ထားလေ၏။

“မေတို့ဆုံးဖြတ်တာ မှားနေပြီထင်တယ်,ကို”

“ဘာမှားလို့လဲ။ ဘာမှမမှားနိုင်ဘူး,မေ။ ချိုဟာ သူ့ဖို့သူ့အတွက်ပဲကြည့်တတ်တဲ့ တစ်ဘို့တည်းသမားဆိုတာ မေအသိဆုံးမဟုတ်လား”

“ဒါပေမဲ့. . . ချိုပြောနေတာတွေက တကယ်လည်းဟုတ်နေတာပဲ,ကို။ မေတို့က သမီးကြီးကို အားနည်းချက်လေးရှိလို့ ကြင်နာသုယနေခဲ့တာ သူက နေ့စဉ်မြင်တွေ့နေရတာလေ”

“ဒါ, မစ္ဆရိယလေ. . . မေ။ ညီအစ်မချင်းထားသင့်တဲ့အရာသား။ အထူးသဖြင့် ဖြူက သူ့ရဲ့အမွှာအစ်မ”

“ချို့ဘက်ကိုလည်း ထည့်တွေးပေးရမယ်,ကို။ ကိုကြီးကိုဘလန်ကဆန်သွားလုပ်နေရင် ကိုနဲ့မေပဲအပြောခံရမှာ။ ဒီကလေးကို မဆုံးမ,မသွန်သင်ဘူးလားဆိုပြီး မေ,အပြောမခံနိုင်ဘူး”

“ကျွန်မတစ်ခုပြောပါရစေမေမေ”







www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့်မေမေပါ သူမကိုကြည့်လိုက်ကြလေ၏။ ကိုကိုက သူမလက်ဖမိုးကို ဖတ်ခနဲရိုက်၍ မပြောရန် တားလေသည်။

"ချိုစိတ်ထင်ရာတွေ လျှောက်လုပ်မှ ဒီထက်ပိုဆိုးကုန်မှာ မေမေ။ ချို့ရင်ထဲကခံစားချက်ကို ကျွန်မနားလည်ပါတယ်။ ဒီတော့ ဒီကိစ္စတွေအားလုံးက ကျွန်မရှိမနေတော့ရင် သူ့အလိုလိုအဆင်ပြေ သွားမှာပါ"

"သမီးကြီး"

"ကျွန်မ, ဘဘကြီးနဲ့သွားနေပါ့မယ်မေမေ"

"အို. . . မဖြစ်နိုင်တာ။ မေမေသဘောမတူဘူး"

"ဟုတ်တယ်၊ ဖေဖေလက်မခံဘူး သမီးကြီး"

"ကျွန်မရဲ့ဆန္ဒကို လက်ခံပေးပါ. . . ဖေဖေ။ ကျွန်မက ဖြစ် သင့်တာတစ်ခုကို ရွေးလိုက်တဲ့သဘောပါ။ ဒုက္ခတွေ ပွေ့ပိုက်ထား တဲ့သမီးတစ်ယောက်အပေါ်မှာ ဖေဖေတို့ ဘယ်လောက်ထိသနား ကရုဏာထားသလဲဆိုတာကို ကျွန်မနားလည်ပါတယ်။ ခံစားလို့ လည်းရတယ်။ ဒါပေမဲ့. . . ဖေဖေရယ်, တစ်သက်လုံး ဒီအတိုင်းကြီး မိဘတွေကို ဒုက္ခတွေမပေးပါရစေနဲ့။ ကျွန်မ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ခြေထောက်ပေါ်မှာပဲ ကိုယ်ရပ်တည်ပါရစေ။ ဒီအိမ်မှာဆို





အားလုံးက ကျွန်မမျက်နှာကိုကြည့်ပြီး အရိပ်တကြည့်ကြည့်နဲ့ လိုက် လျှောပေးလေ့ရှိတော့ ကိုယ့်ကိုယ်ကို ယုံကြည်စိတ် နည်းလာတယ်။ ကြာတော့. . . လူညွန့်တုံးလာပြီ။ သူများနှာခေါင်းပေါက်နဲ့အသက် ရှူနေရသလို တန်ဖိုးမဲ့လူသားတစ်ဦးဖြစ်နေပြီ. . . ဖေဖေ။ ဒီလိုပဲ တစ်သက်လုံးနေသွားလို့မရနိုင်ဘူးဆိုတာကို ကျွန်မတွေးတောနေ ခဲ့မိတာ ကြာပါပြီ။ ဒီလိုဆုံးဖြတ်လို့ ချို့ကြောင့်ဆိုတဲ့ အဆိုးမြင်နေ တာတွေကိုဖယ်ပြီး ကျွန်မလိုလိုလားလားတောင်းဆိုတာလို့ ယူဆ သက်ခံပေးပါ"

"မဖြစ်နိုင်ဘူး. . . ဖြူ။ ဘဘကြီးက လူလွတ်မို့ သူ့အိမ်မှာ သူပိုတောင်ထားလေ့ရှိတာ မဟုတ်ဘူး။ ဒီတော့. . . ဖြူ့ကရိကထ တွေကို ဘယ်သူကူညီနိုင်မှာတဲ့လဲ။ ဘဘကြီးကို အလုပ်ပိုအောင် သွားလုပ်သလိုဖြစ်မနေဘူးလား။ အတွေးမခေါင်စမ်းပါနဲ့. . . ဖြူ ရယ်။ ဖြူ့ကို, ကိုကိုမျက်စိအောက်က အပျောက်မခံနိုင်တာကို သိ ရဲ့သားနဲ့. . . ခေါင်းမမာချင်စမ်းပါနဲ့"

"သေချာစဉ်းစားကြည့်ရင် ကျွန်မပြောနေတာတွေက ပိုပြီး မှန်ကန်နေတာပါ. . . ကိုကို။ ချိုသာ ဘဘကြီးနဲ့နေရင် ဒီမှာလို လွတ်လွတ်လပ်လပ်နေလို့ရမလား။ စည်းနဲ့ဘောင်နဲ့ မနေတတ်လို့



www.burmeseclassic.com

www.burmeseclassic.com



သွေဖယ်ရင် ဘဘကြီးကို ဒုက္ခသွားပေးသလိုမျိုးဖြစ်နေမှာပေါ့။ စိတ်ချပါ။ ကျွန်မကြောင့် ဘဘကြီးစိတ်အနှောင့်အယှက်မဖြစ်စေရပါဘူး။ ချိုနဲ့အတူ တစ်မိုးထည်းအောက်မှာနေပြီး နေ့စဉ်နဲ့အမျှဖြစ်နေရတဲ့ပြဿနာတွေနဲ့ ကင်းလွတ်ရမှာပဲ။ နေပါရစေ။ ကျွန်မကိုနားလည်ပေးပါ. . . ကိုကိုရယ်”

စကားဝိုင်းက တိတ်ဆိတ်ငြိမ်သက်သွားလေ၏။ မေမေကသူမပြောတာကို ခေါင်းညိတ်ပြလိုက်သော်လည်း ဖေဖေက ခေါင်းကို ခါပြလိုက်လေသည်။

“မေတ္တာဆိုတာ ပေးသူနဲ့ယူသူ ညီမျှမှ အရာရောက်တာပါသမီးရယ်။ ချိုဟာ ငယ်စဉ်ကတည်းက သူတစ်ဘို့တည်းကိုသာကြည့်ခဲ့တဲ့တစ်ကိုယ်ကောင်းသမားပါ။ သမီးရှိမနေပေမယ့် ဖေဖေတို့ရဲ့မေတ္တာတွေကို သူအကုန်ရလိမ့်မယ်လို့ထင်နေရင် မှားသွားမှာပေါ့။ သူက ကြင်နာစိတ်ရှိတဲ့သူမှမဟုတ်တာလေ”

“ဒါပေမဲ့. . . သူလည်း ဖေဖေတို့သမီးပဲမဟုတ်လားဖေဖေ။ သူသိပ်ငတ်မွတ်နေတဲ့မေတ္တာမျိုးကို ဖေဖေတို့ပေးနိုင်ရင် သူ့စိတ်တွေ နူးညံ့ပျော့ပျောင်းလာလိမ့်မယ်လို့ ကျွန်မယူဆပါတယ်။ မေတ္တာလိုချင်တဲ့သူကို မေတ္တာပေးတာဟာ မင်္ဂလာတစ်ပါးပဲမဟုတ်လား”





ကိုကို့မျက်နှာထက်မှာ မဲ့ပြုံးတစ်ခုပေါ်လာရလေ၏။ ဖေဖေတ ကော်ဖီတိုတုန်အောင်မော့၍ ထရပ်လိုက်ပါသည်။

“ကဲပါလေ. . . ကိုကြီးပြန်လာမှ ဒီကိစ္စကိုတိုင်ပင်ကြည့်ကြတာပေါ့။ ဖေဖေဆေးရုံသွားတော့မယ်”

“ကျွန်မသဘောကတော့ မိသားစုအတွင်းရေးတွေကို ဘဘကြီး မသိစေချင်တာအမှန်ပဲ။ ကျွန်မကိုယ်တိုင် ဘဘကြီးနဲ့အတူနေချင်တာမျိုးကိုပဲ လက်ခံစေချင်တာပါဖေဖေ။ ပြီးတော့ ဘဘကြီးက ကျွန်မတို့မောင်နှမသုံးယောက်ထဲမှာ ကျွန်မကိုအချစ်ဆုံးမဟုတ်လား”

“ထားလိုက်ပါ. . . နောက်မှဆက်ကြတာပေါ့”

ဖေဖေထွက်သွားပြီး မရှေးမနှောင်းမှာ ကိုကိုလည်း ကျောင်းကိုထွက်သွားလေ၏။ သူမ ဧည့်ခန်းရှိရာသို့ထွက်လာခဲ့ရင်း စန္ဒရားကိုလက်ဖြင့် အသာတို့ထိနေမိသည်။ နောက်နားဆီမှာ မေမေလာနှပ်သဖြင့် သူမအသာလှည့်ကြည့်လိုက်မိ၏။

“မေမေ့ရဲ့အနုပညာအမွေကို ဆက်ခံနိုင်မယ့်သူဟာ သမီးတစ်ယောက်တည်းပဲရှိပါတယ်။ မေမေလက်ဆင့်ကမ်းပေးမ. အရာကို သမီးလက်ခံချင်ပါ့မလား”



www.burmeseclassic.com

www.burmeseclassic.com



"လိုချင်ပါတယ်မေမေ။ ဒါပေမဲ့. . . ကျွန်မက မေမေ့လို စင်မြင့်တက်ပြီး ဖျော်ဖြေခွင့်ရဖို့တော့ မျှော်လင့်ချက်မရှိပါဘူး။ ကျွန်မမှာ လူတောတိုးဝံ့တဲ့သတ္တိတွေရှိမနေတာအမှန်ပါ"

"သမီးရယ်. . . တကယ်ဆို သမီးဟာ ချို့ထက်ပိုပြီး လူဝင်ဆံ့တဲ့မိန်းကလေးတစ်ယောက်ပါ။ လွန်ခဲ့တဲ့ငါးနှစ်တာကာလကို ပြန်ယူလို့ရရင် မေမေယူပေးလိုက်ချင်ပါတယ်သမီးရယ်"

မေမေ့မျက်နှာပေါ်မှ ကြေကွဲရိပ်တွေကြောင့် သူမ, မေမေ့ကိုငွေ့ဖက်လိုက်မိ၏။ အတိတ်ဆိုတာကို ဖြစ်နိုင်ရင် အပြီးတိုင်မေ့ထားလိုက်ချင်တာပါမေမေရယ်။ ဒါပေမဲ့. . . အဲဒီအတိတ်ကြောင့်ပဲ ကိုကို့အပေါ်မှာ သူမ,ဘယ်လောက်အထိ တန်ဖိုးထား ချစ်ခင်သလဲဆိုတာရဲ့ပြယုဂ်တစ်ခုအဖြစ် သက်သေထူနိုင်ခဲ့တာမို့ မေ့လည်း မမေ့ချင်ပါဘူး။

အကယ်၍သာ အဲဒီမိုးတစ်ညနေမှာ လမ်းထွက်မလျှောက်ဖြစ်ခဲ့ရင် ဗွက်အိုင်ထဲသို့ မောင်နှမနှစ်ယောက် ချော်မလဲခဲ့ရင်. . . ယမ်းနံ့ဘေးက ကုက္ကိုပင်ကြီး ပြုတ်မလဲခဲ့ရင် ကိုကို့အပေါ် ပိကျလာမှာကိုစိုး၍ သူမသာ ပိတ်မတွန်းမိလိုက်ရင် ဒီလိုခြေနှစ်ဖက်စလုံးမွှမွကြေပြီး ဒုက္ခိတဘဝကို သူမ ရောက်စရာအကြောင်းမရှိနိုင်ပါ





လေ။

First Year စတက်နေပြီဖြစ်သည့် ကိုကို့ကို (၇)တန်းကျောင်းသူလေးဖြစ်သည့်သူမက အသက်ပေးကာကွယ်ခဲ့သည့်အဖြစ်အပျက်ကြီးဟာ ဆွေမျိုးများနှင့်ပတ်ဝန်းကျင်အနှံ့ ပြောစမှတ်တွင်ရစ်ခဲ့သည်မှာ အသေအချာပင်ဖြစ်တော့သည်။

ညီမတစ်ယောက်၏ အစ်ကိုအပေါ်ထားရှိသည့် မေတ္တာအတိမ်အနက်ကို လက်တွေ့သိရှိခဲ့ပြီးသည့်နောက်မှာ ယခင်ကထက်ဝို၍ သူမအပေါ်ချစ်ခင်ခဲ့သည့် ကိုကို၏ချစ်ခြင်းတို့သည် ချို့ထက်သာလွန်ခဲ့ရသည်မှာ တစ်ဖက်စောင်းနင်းကျခဲ့ရသည်မှုမဟုတ်လေခဲ့၊

ထို့ကြောင့်ပင် ယခုချိန်ထိ သူမထက်ပိုချစ်ရမည့် (၁၅၀၀) ချစ်ခြင်းတို့ဖြင့် သူစိမ်းမိန်းကလေးတစ်ယောက်ကို ကိုကိုမရှာဖွေမရွေးချယ်ခဲ့တာကို သူမရင်ထဲမှ အလိုလိုသိရှိခံစားနားလည်နိုင်ခဲ့ပါ၏။

ကိုကိုရယ်. . . ကျွန်မကြောင့် ကိုကို့ရဲ့ဘဝကို အထီးကျန်မဖြစ်စေချင်တာကို ကိုကိုသိစေချင်တာအမှန်ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ အတ္တနဲ့ဖွဲ့စည်းထားတဲ့ သက်ရှိခန္ဓာတစ်ခုပဲမဟုတ်လား။ အဲဒီခန္ဓာထဲမှာ အချစ်တွေ, အမုန်းတွေ, သံယောဇဉ်တွေ, ဥပေက္ခာတွေ, နှောင်တွယ်မှုတွေ, ကြင်နာခြင်းတွေ, နာကျည်းခြင်းတွေ, စတာ...စတာတွေ အများကြီး ရှိနေတာအမှန်ပါ။ သူမဘဝမှာ လူ့လောကထဲကို မိနစ်ပိုင်းမျှနောက်ကျပြီး ရောက်လာရုံနဲ့ 'အရှုံး'ဆိုတဲ့အရာကြီးကို ပွေ့ပိုက်ထားခဲ့ရသလိုပါပဲ။

ယခင်ကတည်းက သူ့ကိုသာ ဦးစားပေးခဲ့ရစမြဲမို့ သူမထံမှာ မနာလို[illegible]ယစိတ်တွေ ခိုအောင်းနေခဲ့ရတာ ဆန်းတာမှမဟုတ်တာလေ။ အားလုံးရဲ့ကရုဏာတရားတွေ, ချစ်ကြင်နာမှုတွေကို အပိုင်စားယူထားတဲ့သူ့ကို သူမ အသည်းမုန်းတီးနေမိတာမလွန်ပါဘူး။ သူနဲ့သူမဟာ အတူတကွမွေးဖွားလာတာမှန်ပေမယ့် စိတ်ဓာတ်တွေကအစ မတူညီဘဲခြားနားနေတာအမှန်ပါ။

ဒါပေမဲ့...သူနဲ့ သူမထံသို့ မထင်မှတ်တဲ့အခြေအနေတစ်ရပ်က ရုတ်တရက်ရောက်ရှိလာခဲ့ပါတယ်။ အဲဒါကတော့...အင်မတန်အပြစ်ကင်းစင်ပြီး ကြင်နာတရားရှိတဲ့ကောင်လေးတစ်ယောက်ကို စွဲလမ်းမြတ်နိုးစွာချစ်ခဲ့မိခြင်းပါ။ ကဲ...ဒီတစ်ခါတော့ သူမအရှုံးပေးလို့ ဘယ်နည်းနဲ့မှမဖြစ်တော့ဘူး။ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းလို့ဆိုရိုးရှိတာပဲမဟုတ်လား။ ဒီတော့...နှလုံးသားတစ်ခုကိုပြိုင်လုဖို့ သူမ့စွမ်းဆောင်နိုင်သလောက် ပြင်ဆင်ရတော့မည်လေ...။

မနောချို



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၂ )

www.burmeseclassic.com

www.burmeseclassic.com



*Love is not for keeping but for giving to someone.*

အချစ်ဆိုတာ သိမ်းဆည်းထားရန်မဟုတ်ပါ။ တစ်စုံတစ်ဦး ဆီ ပေးလိုက်ဖို့ပဲဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( [illegible] )

အိမ်ထဲမှထွက်ကာ တိုက်လှေကားသုံးထစ်မြောက်မှာ ထိုင်ချ
တ်ပြီး စကိတ်ကိုဝတ်လိုက်၏။ စကားပင်အောက်မှာတစ်ယောက်
ည်းထိုင်နေသည့်မနောဖြူကို လှမ်းမြင်နေရသည်။ သူမကို ဖျတ်
နဲ့လှမ်းကြည့်လိုက်ပါသည့်မျက်ဝန်းတွေကို ဥပေက္ခာပြု၍ ထရပ်
တ်၏။ ခြံထဲမှာထက် ခြံရှေ့လမ်းမက ပိုပြီးလမ်းဖြူးတာမို့ ခြံပြင်
ကို အရှိန်ဖြင့်ထွက်လာခဲ့သည်။

ကားအဝင်ကျဲသည့်လမ်းမို့ စိုးရိမ်စရာမရှိ။ နံနက်အရုဏ်
တ် အလင်းပြပြမှာ စကိတ်ကို စိတ်ကြိုက်အရှိန်မြှင့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လူအသွားအလာရှင်း၍ ဘာကိုမှရှောင်ရန်မလိုပေ။ ကွေ့နားမှာ အရှိန်ကိုသတ်၍ သတိဖြင့်ကွေ့ချလိုက်စဉ် မျက်စိရှေ့ ဘွားခနဲပေါ် လာသည့်ပြိုင်ဘီးတစ်စီးနှင့် ဝင်တိုက်မိပါလေတော့သည်။

"ဟာ! "

"အား. . . ကျွတ်. . . ကျွတ်"

လမ်းဘေးမှာ ပုံလျက်သားလဲကျသွားသည့်သူမကို စက်ဘီး စီးလာသည့်လူက လာဆွဲထူလေ၏။ ရန်တွေ့ရန် တာဆူလိုက်သည့် သူမ၏အတွင်းစိတ်တို့သည် ဒိတ်ခနဲခုန်ဆောင့်လိုက်သည့် နှလုံး ခုန်သံနှင့်အတူ အရည်တို့စိုလဲ့နေသည့်မျက်ဝန်းတစ်စုံအောက်မှာ အငိုက်မိခဲ့ရလေ၏။

"မနော. . . မနောမဟုတ်လားဟင်"

သူမမျက်ခုံးတစ်ဖက် ပင့်တက်သွားရလေ၏။ ဗုဒ္ဓေါ်! သူ တစ်ခါမှမမြင်ဖူးသည့်ကောင်လေးက သူမကိုကြိုသိနေပါရောလား။ ပြီးတော့. . . အိမ်ကတစ်ယောက်နှင့်ဆင်တူနေသည့်အမည်ကို အကျွမ်းတဝင်ခေါ်လိုက်လေပြီ။

"ဟုတ်"

"ဘာဖြစ်သွားသေးလဲဟင်. . . ထလို့ရရဲ့လား။ ကျွန်တော်





တွဲထူပေးမယ်နော်"

ထိုင်ရာမှမထဘဲ နေလိုက်မိလျှင်ဖြင့် ပွေ့ချီတော့မည့်သူ့ဟန် ပန်အမူအရာကြောင့် သူမ လှစ်ခနဲပြုံးလိုက်မိသည်။ လက်မောင်း တစ်ဖက်ကိုဆွဲထူပေးလိုက်သဖြင့် သူမအလိုက်သင့်လေး ထရပ်လိုက် ရ၏။ ဝတ်ထားသည့် Three Quarter Pants အောက်ခြေသလုံး မှာ ပွန်းရှသွားသည်မို့ သွေးအနည်းငယ်မျှ စို့သွားလေသည်။

"ဟာ. . . ခြေထောက်ပွန်းသွားတာပါလား။ ဆေးခန်းသွား ကြရအောင်လားမနောရယ်။ လာ. . . ကျွန်တော်စက်ဘီးနဲ့လိုက် ပို့ပေးမယ်။ စကိတ်ကြိုး ချွတ်လိုက်မယ်လေ. . . နော်"

ပြောပြောဆိုဆို သူမခြေထောက်ကို မ,ချွတ်ပေးလိုက်သဖြင့် ဆန်ချက်ဖျက်သွားသည်မို့ သူ့ပခုံးကို အသာဖမ်းကိုင်လိုက်မိသည်။

အမယ်လေးနော်. . . ရင်တွေခုန်လိုက်တာမှ မတရားပါပဲ လား။

"သွားစို့"

စက်ဘီး carrier ထက် အသာတက်ထိုင်လိုက်စဉ် သူက စက်ဘီးကို ခပ်သွက်သွက်နင်းလိုက်လေ၏။ လမ်းထိပ်ဆေးခန်းသို့ သူ့လက်မောင်းကိုမှီ၍ ဝင်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လာတာလဲ"

"စကိတ်စီးရင်း ချော်လဲတာပါ ဒေါက်တာ"

"ဘယ်နား. . .နာနေသေးလဲ"

"ဟင့်အင်း. . . ခြေသလုံးပွန်းသွားရုံပါပဲ"

ဒေါက်တာနှင်းနွယ်နွယ်က spirit နှင့်သုတ်တော့ သူမ, သူ့လက်မောင်းကိုညှစ်ရင်း တွန့်လိမ်ကာအော်လိုက်မိ၏။ ဆေးအေးအေးလေးလူးပေးပြီးသည့်နောက် သူ့စက်ဘီးနှင့်ပင် အိမ်ကိုပြန်ခဲ့ရလေသည်။ ခြံဝမှာရပ်ပေးသည့်ဘီးပေါ်မှ သူမဆင်းလိုက်တော့ သူ့ထံမှ စကားသံတိုးတိုးထွက်လာလေ၏။

"မနော. . . ကျောင်းတက်တယ်မဟုတ်လား"

"ဟုတ်"

"ဘယ် Year, ဘယ်မေဂျာလဲဟင်"

"Second Year, Chemistry"

"ကျွန်တော် ကျောင်းကိုလာလည်လို့ရမလား"

"တို့မှ သူ့ကိုမသိဘဲ"

"အခုသိပြီပဲလေ. . . မဟုတ်ဘူးလား"

သူမ, သူ့ကို ဒိုင်းခနဲမျက်စောင်းခဲလိုက်မိ၏။





ဘယ်လိုကောင်လေးပါလိမ့်။ အခုမှသိရုံရှိသေးတာကို ဘယ်တုန်းကတည်းက ရင်းနှီးနေပုံမှန်းမသိ၊ တရင်းတနှီးကြီး ဆက်ဆံချင်နေတာပါလား။

"သူနာမည် ဘယ်လိုခေါ်လို့လဲ"

"ကျော်ဇေယျာမင်းလေ၊ အစ်ကိုမပြောပြဘူးလား။ ကျွန်တော်မနောတို့အိမ်ကို မကြာခဏရောက်လာတာပဲဟာ"

ကြည့်စမ်း. . . အိမ်မမြဲဘဲ အချိန်ပြည့်လျှောက်လိမ့်နေခဲ့တာမို့ အိမ်မှာ သူဝင်ထွက်နေတာနဲ့ မဆုံဖြစ်ခဲ့တာကိုး။ အမယ်လေးလေ. . . ဒါဆို ဖြူ့ကို သူသိပြီးသားဖြစ်နေတာပါလား။

"သြော်. . . သူက ကိုကိုနဲ့သိနေတာကိုး"

"မနောမိဘတွေနဲ့ပါ သိတာပါကွာ။ ကျွန်တော်က အခုမှ Second Year ပဲ ရှိပါသေးတယ်။ အစ်ကို့ဆီကို စာလာမေးတိုင်း မနောနဲ့တစ်ခါမှမဆုံဖြစ်ဘူး။ မနောက အိမ်တွင်းပုန်းလေးလုပ်နေတာကိုး"

သူမ, မသက်မသာသက်ပြင်းချလိုက်မိ၏။ စလာပါပြီ။ ဒီလွဲချော်မှုတွေဟာ သူမနှင့်ဖြူ့ကြားမှာ အစဉ်ရှိနေဦးမှာပါလား။

"နောက်ဆို သူလာရင် တို့ထွက်ညှော်ခံပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော်. . . ဒါဆို ညဘက်ဖုန်းဆက်ရင်ရော စကားကောင်းကောင်းပြောမှာလား"

"အင်း. . . ရပါတယ်။ သူ့, တို့ Hand Phone နံပါတ်သိလို့လား"

"ဟင့်အင်း. . . အိမ်ဖုန်းပဲသိတာလေ၊ မနောပေးမယ်ဆို ပိုအဆင်ပြေတာပေါ့"

"ဘယ်အချိန်တွေ ဆက်မှာလဲ"

"ညပိုင်း (၁၀)နာရီလောက်ပေါ့"

"ဟာ. . . အဲဒီချိန်ဆို တို့အိပ်ပျော်နေပြီ"

"ကျွန်တော် အမြဲဆက်မှာမှမဟုတ်ဘဲမနောရယ်။ စာကျက်ပြီးတဲ့အချိန်လေးပဲဟာကို"

"အင်းလေ. . . ရပါတယ်"

သူမ Hand Phone နံပါတ်ကို ရွတ်ပြလိုက်တော့ သူ့မျက်နှာမှာ အပြုံးတစ်ပွင့်ပေါ်လာလေ၏။ နှုတ်ဆက်စကားပြောပြီး လက်ပြကာ ထွက်သွားတော့မှ သူမ ခြံထဲကိုပြန်ဝင်လာခဲ့သည်။ တငြိမ့်ငြိမ့်တိုးခုန်လာသည့်ရင်ခုန်သံတို့နှင့်အပြိုင် တစ်မျိုးလေးခံစားနေရသည့်ခံစားမှုအသစ်တို့ဖြင့် ကျေနပ်ကြည်နူးစွာပြုံးလိုက်မိ၏။





သေချာပါတယ်။ ဒါ, အချစ်ပါပဲ။ တစ်ခါမှမခံစားခဲ့ဖူးတဲ့ခြင်းတွေနဲ့ သူ့အပေါ်မှာ မြင်မြင်ချင်းချစ်ခဲ့မိတာလေ။

❀

ညော့ခန်းရှိ ထိုင်ခုံမှာထိုင်၍ ဆက်တီစားပွဲခင်း ထိုးနေစဉ် မြည်လာသံကြောင့် သူမ ထိတ်ခနဲလန့်သွားရ၏။ နာရီကိုမော့ကြည့်လိုက်တော့ ည (၁၀)နာရီ။ ဘုရားရေ. . . ဒီအချိန်ကြီး ဘယ်သူများ ဖုန်းဆက်ရတာပါလိမ့်။ အကုန်လုံးအိပ်ပျော်ကုန်ပြီမို့ ဖုန်းရှိရာသို့လျှောက်ကာ သူမ ဖုန်းကိုကိုင်လိုက်၏။

"ဟဲလို"

"မနောလားဟင်. . . ကျွန်တော်ပါ"

အသံကို ချက်ချင်းမှတ်မိလိုက်သဖြင့် သူမထိတ်လန့်သွားမိ အချိန်မတော်ကြီး ဘာဖြစ်လို့များ ဖုန်းဆက်ရတာပါလိမ့်၊

"မနော. . . ခြေထောက်သက်သာရဲ့လား"

"ဟုတ်ကဲ့"

"အခုဘာလုပ်နေလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သိုးမွှေးထိုးနေတာပါ"

"ဒါနဲ့များ ဒီအချိန်အိပ်ပျော်နေပြီလို့ ဘာဖြစ်လို့ညာရတာလဲ"

"မဟုတ်ပါဘူး"

"ကျွန်တော် Hand Phone ကိုခေါ်နေတာ အတော်ကြာပြီ။ ခေါ်လို့မရဘူး၊ မနော့ ဧည့်ခန်းမှာ ရောက်နေလို့ထင်တယ်။ ဟုတ်လား"

"ဟုတ်ကဲ့"

"ဒါဆို ညတိုင်း ဧည့်ခန်းမှာပဲရှိနေတာပေါ့"

"အင်း"

သူမ သံရှည်ဆွဲပြောလိုက်ရင်း စိတ်တွေညစ်လာမိလေ၏။ ကြည့်စမ်း။ သူ့ ချိုနဲ့ရင်းနှီးကျွမ်းဝင်နေတာပါလား။ ဒုက္ခပါပဲ၊ သူမကို လူမှားပြီးပြောနေတာပေါ့လေ။

"ဟိုလေ. . . နောက်ဆို Hand Phone ကိုပဲခေါ်လိုက်နော်"

"မနောကပိတ်ထားရင် ဘယ့်နှယ်လုပ်မလဲ။ ကျွန်တော်နဲ့ စကားမပြောချင်လို့လားဟင်"

"ဟင်. . . မဟုတ်ရပါဘူး"





"ဒါဆို ကျွန်တော် ညတိုင်းဖုန်းဆက်ပါရစေမနောရယ်။ ပြီးတော့. . . class အားတဲ့အချိန် မနောတို့ကျောင်းကို လာလည်ပါရစေနော်"

သူမ ဘာဆက်ပြောရမည်မှန်းမသိသဖြင့် အသာငြိမ်နေမိသည်။ ဘယ်လိုရှင်းပြရပါ့. . . ကျော်ရယ်၊ ရှင်နဲ့ရင်းနှီးနေတဲ့သူက ကျွန်မ,မဟုတ်ပါဘူး၊ မနောချိုပါရှင်. . .။

"မနော"

"ရှင်"

"ကျွန်တော့်ကို တစ်ခုခုပြန်ပြောဦးလေ"

"ဘာပြောရမှာလဲ၊ ကျွန်မမှာ ဘာမှပြောစရာမရှိဘူးရှင့်"

"ကျွန်တော့်မှာတော့ ပြောစရာတွေ အများကြီးရှိနေတာပါ။ ဒါပေမဲ့. . . မနောမပြောစေချင်ဘူးဆိုရင်တော့ ကျွန်တော်မပြောတော့ပါဘူး"

"မဟုတ်ပါဘူး"

"မနော"

"ရှင်"

"မနောဆီမှာ ကျွန်တော့်ဆီက အမှတ်တရပစ္စည်းလေးရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်မဟုတ်လားဟင်"

သူမရင်ဘတ်ကို ယောင်ယမ်းစမ်းလိုက်မိတော့ ရွှေဆွဲ[illegible]
လေးကို အလိုလိုကိုင်မိပြီးသားဖြစ်သွားလေ၏။

"မနော. . . ကျွန်တော်. . . ကျွန်တော်. . . မနောတို့"

သူမ ဖုန်းကို ဖျတ်ခနဲချလိုက်ပါတော့သည်။

ကျော်ရယ်. . . ရှင် ရင်းနှီးကျွမ်းဝင်နေတဲ့သူဟာ [illegible]
မဟုတ်ဘူးဆိုတာကို ဘယ်လိုခွန်အားမျိုးနဲ့ ရှင်းပြရပါ့မလဲ၊ [illegible]
မောရပါလားရှင်ရယ်။

✿ ✿ ✿



## အခန်း ( ၁၀ )

မှန်တင်ခုံရှေ့မှာ ခါတိုင်းနေ့တွေထက် အချိန်ယူပြီးထိုင်ဖြစ်၏။ မျက်နှာကို အသေးစိတ်ခြယ်သနေမိတာတောင် စိတ်တိုင်းကမကျ။ ဘာဖြစ်လို့များ ဒီလောက်အထိလှချင်လာရတာပါလိမ့်. . .။ အတွေးဖြင့် ကျိတ်ပြုံးနေရင်းမှ ဟက်ခနဲရယ်ချလိုက်မိသည်။

ဇာဇာတို့သာသိရင်တော့ သူမကိုဝိုင်းထုကြမှာအမှန်၊ ဟုတ်တယ်လေ. . . ဒီလောက်ကျောင်းမှာ မေဂျာစုံအတန်းစုံက ခပ်မိုမိုကောင်လေးတွေ ဝှဲရှိရှိနဲ့လိုက်နေကြတာတောင် သူမအသည်းက မတုန်မလှုပ် ကျောက်ဆစ်ရုပ်တုဖြစ်နေခဲ့တာလေ၊ ခုတော့. . .



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို အသာခါယမ်းလိုက်မိ၏။ ရှည်လျားနေသည့်မျက်တောင်တို့ကိုကော့၍ ဆေးတင်လိုက်သည်။ Lining လိုက်ထားသည့် နှုတ်ခမ်းထက်မှာ ပေဒါရောင်ခပ်ဖျော့ဖျော့လေး တင်လိုက်တော့ ဖူးဖူးကလေးဖြစ်သွားရ၏။ ပါးပြင်ကိုမို့စေရန် အညိုရောင်ကို ဖွဖွလေး ထပ်တင်လိုက်သည်။ ခလယ်ခွဲ ဆံနွယ်ရှည်တို့ကို ဘရက်ရှ်ဘီးဖြင့်ဖြီးချလိုက်တော့ အလှပြင်ခြင်းက ပြီးလေပြီ။ အနက်ရောင် မျက်ဝန်းတွေနှင့် လိုက်ဖက်လွန်းလှသည့် ပိတုန်းရောင်ဆံကေသာတွေကို သူမသဘောအကျဆုံး။ တင်ဖါးဖုံးသည်အထိ ပျော့ပျောင်းကာ စင်းနေသည့်ဆံပင်ရှည်တွေက သူမကို ကျောင်းမှာနာမည်ပိုကြီးစေခဲ့တာမဟုတ်လား။

Sport shirt ဖက်ဖူးရောင်ကို ဆွဲချလိုက်ပြီး လိမ္မော်ခံမှာ ရွက်စိမ်းလေးတွေကျဲထားသည့်လုံချည်ကို ခပ်တင်းတင်းလေးအချိုးကျအောင် ပြင်ဝတ်လိုက်၏။ ခန္ဓာကိုယ်ကို ဟိုဒီလှည့်၍ မှန်ကြည့်တာ စိတ်တိုင်းကျသွားမှ ကျောပိုးအိတ်လေးကို ခုတင်ပေါ်မှ ဆတ်ခနဲဆွဲယူ၍ အခန်းထဲမှထွက်လာခဲ့သည်။ ခုတင်ပေါ် ပြန့်ကျဲနေသည့် ချွတ်ပုံထားသောအဝတ်တို့ကို ရှင်းဖို့မလို။ အချိန်တန် မိညိုတို့, မိနီတို့ဝင်ရှင်းပေးမှာမို့ သီချင်းလေးညည်းရင်း လှေကားမှ





မြန်မြန်လေးဆင်းလာခဲ့လေ၏။

"Good morning ဖေဖေ"

"Morning သမီးငယ်။ ကြည့်စမ်း. . . ဖေဖေ့သမီး ဒီနေ့ အတော့်ကိုထူးခြားနေတာပါလား"

"စိတ်ထင်လို့ပါဖေဖေရယ်။ ခါတိုင်းလိုပါပဲ"

"ကျောင်းတက်မှာရော, ဟုတ်ရဲ့လားသမီး"

"အို. . . မေမေကလည်း ချို့ကိုမယုံသင်္ကာနဲ့ပြောရတယ်လို့"

"မဟုတ်ပါဘူး။ ရုပ်ရှင်တွေဘာတွေကြည့်, Shopping တွေဘာတွေများ သွားမလို့လားလို့ပါသမီးရယ်"

သူမ ရှက်ပြုံးလေးပြုံးလိုက်ပြီး ကော်ဖီတစ်ခွက် ငှဲ့ထည့်လိုက်သည့် ကိုကိုက လင်ပန်းတစ်ခုကိုင်၍ ထမင်းစားခန်းထဲ ဝင်လာလေသည်။

"ကော်ဖီတွေ မကုန်ပါလား, သား"

"ခုတလော ဘာဖြစ်နေလဲမသိဘူးမေမေ။ ဖြူလေး ကော်ဖီသောက်တိုင်း ရင်တုန်တယ်လို့ပြောတယ်"

"အင်း. . . Heart ဖြစ်ချင်ပြီနဲ့တူတယ်"

ဖေဖေက ပြောပြောဆိုဆို ဖြူ့ထံ,ထသွားသဖြင့် သူမနှုတ်



www.burmeseclassic.com

www.burmeseclassic.com



ခမ်းကို မဲ့လိုက်မိသည်၊ တွေ့လား. . . စိတ်ကို ဘယ်တော့မှကြည် ကြည်လင်လင်လေး ထားလို့မရပါလား။ ပေါင်မုန့်ထောပတ်သုတ်ကို နှုတ်ခမ်းမပေအောင် သတိထားကိုက်ရင်း ကိုကို့ကို မသိမသာ အကဲခတ်လိုက်၏။ မျက်မှောင်ကျုံ့ထားသဖြင့် ဖြူ့ကို စိုးရိမ်စိတ် တိုင်းမကျဖြစ်နေပုံက သိသာလွန်းသည်။

"သား. . . ညနေကျရင် မိုးစပယ်ကိုဝင်ခေါ်လာခဲ့ပေးကွယ် သမီးကြီးကို ဖေဖေအားမရဘူး။ အခု ဆေးပဲတိုက်ထားတယ်၊ မိုး စပယ်က ဖြူနဲ့ဆေးတည့်လို့ သူ့ကိုပဲ ဖေဖေစိတ်ချတယ်"

"ဟုတ်ကဲ့ပါဖေဖေ"

"မေ, ဒီနေ့ဘယ်သွားစရာရှိသေးလဲ"

"မရှိပါဘူး,ကို"

"ဒါဆို သမီးကြီးကိုစောင့်ကြည့်နေဦး"

"ကို့သမီးက သူ့ကိုဂရုတစိုက်ကြည့်နေတာကို မကြိုက်ဘူး ဆိုမှပဲ"

"အမြဲစောင့်ကြည့်ခိုင်းတာမှမဟုတ်ဘဲ, မေ။ တစ်ချက်တစ် ချက် သွား, သွားကြည့်ပေါ့။ မိညိုဖြစ်ဖြစ်, မိနီဖြစ်ဖြစ်, တစ်ယောက် တစ်လှည့်လွှတ်ပြီးကြည့်ခိုင်း။ တော်ကြာ. . . အခန်းထဲမှာ မူးနေ





လဲနေမှာစိုးလို့"

"စိုးရိမ်ရလို့လားဖေဖေ။ ဒါဆိုရင် ကျွန်တော် ဒီနေ့ကျောင်း မသွားတော့ဘူး"

"အာ. . . ဒါဆို ချို့ကို ဘယ်သူကျောင်းလိုက်ပို့မှာလဲ"

"မောင်မျိုးကို ပို့ခိုင်းမှာပေါ့"

"ကဲပါ, သားကျောင်းပျက်လို့ ဘယ်ဖြစ်မလဲ။ ဒီနှစ် Final မို့ ပိုအရေးကြီးတာကို ဂရုစိုက်မှပေါ့။ သွားစရာရှိတာသွား။ မိုး စပယ်ကိုတော့ ခေါ်လာခဲ့ဖို့မမေ့နဲ့၊ ဖြူ့နှလုံးခုန်တာကို သိပ်မကြိုက် ဘူးလို့ ဖေဖေပြောလိုက်တာကို ပြောဖြစ်အောင်ပြော၊ ဟင်း. . . သမီးကြီးတလည်း အရွက်ကြီးပါ့။ ဖအေဆေးထိုးပေးမယ်ဆိုရင် ခါးခါးသီးသီးကိုငြင်းဖို့ပဲသိတယ်"

"စိတ်ချပါဖေဖေ၊ ဒါဖြင့် ကျွန်တော်သွားပြီ၊ မေမေ, ဖြူ့ကို ဂရုစိုက်ပါနော်"

"အေးပါ. . . သားရယ်"

ကျောင်းရှေ့မှာ ကားရပ်ပေးလိုက်သဖြင့် သူမလမ်းဆင်း လျှောက်ခဲ့၏၊ ခပ်လှမ်းလှမ်း ခုံဝိုင်းမှာထိုင်နေသည့်ဇာဇာတို့က သူမကို လက်ခုပ်တီး၍ခေါ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း. . . ငါတို့ချိုလေး ဒီနေ့ အရမ်းကိုလှနေတာပါလား။ ဒင်း,မရှိးတော့ဘူးထင်တယ်"

"နင်တို့နော်. . . ပြောတော့မယ်, ပေါက်ကရ"

သူမ အရှက်ပြေရယ်ချလိုက်စဉ်၊ ရှက်ဝါက သူမအတွက် ထိုင်ခုံရွှေ့ပေးလေ၏။

"ငါ့ နင်တို့ကိုပြောစရာတော့ရှိတယ်"

"အမယ်. . . ဘာလဲ Zoo က ကျော်မင်းခန့်ကိုတွေ့ပြီဆိုတဲ့ အကြောင်းလား"

"မဟုတ်ပါဘူး"

"ဒါဆို Physics က အံ့မင်းညိုပေါ့"

"No. . . "

"ဒါဖြင့် Maths က ညီညီသန့်လား"

"ဟာ. . . တလွဲတွေ"

"မဟုတ်မှလွဲရော MC က လာလာရစ်နေတဲ့ ဟိုမှန်ကြောင်လေး ဥက္ကာဦးပဲနေမယ်"

"ဟင်းဟင်း. . . အများကြီးနီးစပ်လာပြီ။ ဒါပေမဲ့. . . MC က မဟုတ်ဘူး။ Y.I.T က"





"ဟယ်. . . ဘယ်သူတုန်း"

"ကျော်ဇေယျာမင်းတဲ့"

"ငါတို့မမြင်ဖူးဘူးထင်တယ်"

"အေး. . . သူက အိမ်ကိုပဲ မကြာခဏလာတာရှင့်"

"ဟီဟိ. . . မိန်းမ. . . ဒါကြောင့် ဒီလောက်စက်စတ်ယို လှချင်နေတာကိုး"

ရယ်သံတွေ ကြွက်ကြွက်ညံသွားလေ၏။ Canteen မှ ထလာပြီး Class ထဲဝင်လိုက်တော့ ခုံမှာ အရင်ဝင်ထိုင်နေသည့် ဟိန်းဇေယျက လှည့်ပြောလိုက်လေသည်။

"ကြာလိုက်တာဟာ. . . ဘယ်တွေ လျှောက်သဝေထိုးနေတာလဲ"

"ဒီမှာလေ. . . ချိုကျောင်းလာတာ နောက်ကျနေလို့ Canteen မှာ ထိုင်စောင့်နေကြတာ"

လေးယောက်သား ဇေယျဘေးမှာ ဝင်ထိုင်လိုက်တော့ ဇေယျက ထောင့်ဆုံးသို့ရွှေ့ပေးလိုက်လေ၏။

"ဘယ်လောက်ပြစ်ပြင် ဒီပုံထက် ပိုလည်းလှမလာဘဲနဲ့များ"

"ဟင်. . . ကောင်စုတ်။ နင့်ညီမကိုပဲ သွားပြော။ [illegible]ဟာငါ



www.burmeseclassic.com

www.burmeseclassic.com



လှချင်ချင်, မလှချင်ချင် နင့်အပူပါလား"

ဇေယျပခုံးကို ဖြောင်းခနဲရိုက်လိုက်တော့ ဇေယျက မျက်နှာရှုံ့လျက် ထအော်လိုက်လေ၏။

"အား. . . အရမ်းလုပ်ရလားဟ၊ ငယ်သူငယ်ချင်းဆိုပြီး ငါ့ကိုသိပ်အနိုင်ကျင့်တာပဲ"

"မကျေနပ်ဘူးလား. . . ပြော"

"ကျေနပ်ပါတယ်. . . ကျေနပ်ပါတယ်"

"ဒီလိုပဲဖြစ်ရမှာပေါ့။ နင်က ဆင်ဖြူတော်မှီပြီး ကြံစုပ်နေတဲ့သူမှန်း ငါတို့သိပြီးသား"

"ဟဲ့. . . နင့်စကားကြီးက ဘာကြီးတုန်းဇာဇာရဲ့"

"နင်မသိဘူးလား ချိုရယ်။ ဇေယျက နင့်ကိုလာလာပိုးနေတဲ့ကောင်လေးတွေဆီက ညာစားနေတာလေ၊ ပြောပေးမယ်ဆိုပြီး စားစားနေတာ. . . ကြာပေါ့"

"ကြည့်စမ်း. . . တောင်စုတ်,တောင်နာ, နင်တော်တော်ငတ်နေတယ်ပေါ့လေ"

"အား. . . မဟုတ်ပါဘူး။ သူတို့ဟာသူတို့ လာကျွေးကြတာပါဟ"





"လာကျွေးတိုင်း နင်က စားရသလား"

"ငါက အားနာလို့စားလိုက်တာပါဟ။ အား. . . နာတယ် . . နာတယ်"

နားရွက်ကိုလိမ်ဆွဲနေသည့်ကြားမှ ဇေယျက အတင်းရုန်းနေ၏၊ အခန်းထဲသို့ ဆရာမဝင်လာမှ သူမ ဇေယျကိုလွှတ်ပေးရသည်၊ ငါ့ကိုခုတုံးလုပ်ပြီး တပ်တီးနေတာကိုး။

"ချို"

"ဘာတုန်း"

"ဖြူ့နေကောင်းရဲ့လား"

"လာပြန်ဖြီတစ်ယောက်. . . အဲဒီဖြူ့ကိုပဲ အမြဲဂရုတစိုက် ကြတာ ဘာကြောင့်လဲ၊ ပြောစမ်းပါဇေယျရဲ့၊ ငါနဲ့ ဒီလောက် ချွတ်စွပ်တူနေပါလျက်နဲ့ ဘာဖြစ်လို့ ငါ့ထက် သူ့ကိုပိုခင် ကြတာလဲ"

"မတူဘူးချိုရဲ့၊ ဖြူက ကြည့်ရှုံနဲ့ ရင်ကိုအေးမြစေတာ၊ သူ့ ခန်းညီတွေက တစ်ဖက်သားရဲ့စိတ်ကိုလှုပ်ရှားစေတဲ့အထိ ဆွဲ င်နိုင်စွမ်းရှိတယ်၊ ငါတို့ခြောက်တန်းတုန်းက စက်ဘီးစီးကြရင်း င်တွေ လေထဲဝဲလွင့်နေတာကိုက အရမ်းကဗျာဆန်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း. . . နင်, ငါ့အစ်မအပေါ် မရိုးသားဘူး. . . သေစမ်း"

ဇေယျာကျော်ကို အုံးခနဲထုလိုက်မိစဉ် Corridor မှာ ပေါ်လာသည့်အရိပ်ကြောင့် သူမ ဒိတ်ခနဲရင်ခုန်သွားရလေ၏။

ဘုရားရေ . . . သူ. . . သူ. . . တကယ်လာတာပါလား။

"ဟဲ့. . . ဘာကြည့်နေတာလဲ"

"ဇာဇာ. . . အဲဒါ, ငါပြောတဲ့တစ်ယောက်ပေါ့"

"ဟာ. . . အမိုက်စားလေးပါလား"

ကျွတ်စီကျွတ်စီရေရွတ်ကြရင်း စာသင်ချိန်တွေကို မြန်မြန်ပြီးပါစေ ဆုတောင်းနေရ၏။ မုန့်စားဆင်းချိန်မှ သူမတို့ အခန်းပြင်ထွက်ကြတော့ သူက, သူမကိုပြုံးပြနှုတ်ဆက်လိုက်ပါသည်။

"မနော. . . တစ်ခုခုသွားစားရအောင်လေ"

"တို့အုပ်စုက ငါးယောက်တောင်နော်၊ သူ့ကျွေးနိုင်လို့လား"

"ရပါတယ်မနောရဲ့၊ မနောသူငယ်ချင်းတွေက ကျွန်တော့်သူငယ်ချင်းတွေပဲပေါ့၊ အားလုံးပဲ. . . သွားကြရအောင်"

"OK"

Canteen ထဲထိုင်ကြတော့ နန်းကြီးသုပ် မှာသူကမှာ၊ ခေါက်ဆွဲကြော် မှာသူကမှာ၊ အအေးသောက်ချင်သူက အအေးမှာကြရင်း ဆူညံနေလေတော့သည်။ ဇေယျာက သူ့ကိုအကဲခတ်၍ကြည့်နေလေ၏။

"သူ. . . ဒါက ဇာဇာ. . . နာမည်အရှည်က ဇာခြည်ဦး၊ သူက ရွှတ်ဝါ. . . ၊ ဒါက မိုးပပ. . . ၊ သူက ဟိန်းဇေယျ၊ ကဲ. . . အားလုံးပဲ. . . သူက YIT Second Year က ကျော်ဇေယျာမင်းတဲ့။ မှတ်ထားနော်"

"ကိုကျော်ဇေယျာက ချို့အစ်ကိုနဲ့ရင်းနှီးနေတာဆို"

"ချို့ဆိုတာ"

"ရှင့်, မနောကိုခေါ်တာပဲလေ"

"သြော်. . . ရုတ်တရက်ဆိုတော့ ကျွန်တော်ကြောင်သွားတာပါ၊ ဟုတ်တယ်. . . ကျွန်တော်, မနောအစ်ကိုဆီမှာ မကြာမကြာ စာသွားမေးတတ်ပါတယ်"

"ချို့နဲ့ရင်းနှီးတာရော ကြာပြီလား"

သူ့မျက်နှာမှာ အပြုံးတစ်ခုဖြစ်ပေါ်လာပြီး သူမကိုဖျတ်ခနဲကြည့်လိုက်လေ၏။

"အဲဒါ မနောအသိဆုံးပါပဲ"







www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . လည်လိုက်တာ"

တစ်ခဏချင်း ရင်းနှီးသွားကြစဉ် သူ့စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားရတာတော့ အမှန်ပင်။ မနောရဲ့နာမည်က မနောဖြူဆိုပြီး ဘယ့်နှယ် ချိုလို့ခေါ်ရတာတဲ့လဲ။ အင်းလေ. . . တချို့က ငယ်နာမည်ကိုပဲ အမြဲခေါ်တတ်ကြတာကိုး။

အားလုံးကိုနှုတ်ဆက်ပြီး ပြန်ခဲ့စဉ် ညဘက် ဖုန်းဆက်ရန် ပြောဖို့မေ့ခဲ့သဖြင့် သူ့ နဖူးကိုသာ ရိုက်လိုက်မိတော့၏။

ဩော်. . . မနောရယ်။

❁ ❁ ❁



## အခန်း ( ၁၁ )

ညသည် တိတ်ဆိတ်ငြိမ်သက်၍နေ၏၊ မှုန်ပျပျလရောင် ...ာက်မှာ သူမတစ်ယောက်တည်း ထိုင်နေမိသည်၊ သုတ်ခနဲကျို ...ယ်လိုက်သည့်လေနုအေးတို့ကြောင့် ဆံနွယ်ညိုတွေ ဝေ့ဝဲလွင့်မျော ...သွားလေ၏၊ လည်တိုင်မှာ အမြတ်တနိုးဆွဲထားသည့်ဆွဲကြိုးလေး ...း လက်ဖြင့်အသာစမ်းလိုက်မိပြီး ကျေနပ်စွာပြုံးလိုက်မိသည်။

ကျော်ရယ်. . . ကျွန်မထံမှာ ရှင့်ဆီက အမှတ်တရပစ္စည်း ...တို ဝိုင်ဆိုင်ထားရုံနဲ့ နှစ်သိမ့်ကျေနပ်နိုင်တာ ဘာကြောင့်များ ...။ ရှင်, ချိုနဲ့ အတော့်ကိုရင်းနှီးနေပြီထင်ပါရဲ့၊ တစ်နေ့နေ့,



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ချိန်မှာ ကျွန်မအကြောင်းကို တစ်ယောက်ယောက်ဆီက ရှင်သိသွားခဲ့ရင် ကျွန်မအပေါ်မှာ ရှင်ဘယ်လိုသဘောထားမှာလဲ။

ကျွန်မထင်နေပါတယ်. . . ကျော်ရယ်။ ရုပ်ချင်းဆင်တူပေ မယ့် အဖက်ဖက်ကပြည့်စုံနေတဲ့ချို့ကိုသာ ရှင်ရွေးချယ်မယ်ဆိုတာ ကိုပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ချို့ယွင်းချက်ကြီးတစ်ခုရှိ နေတာအမှန်ကိုး. . .။ ကျွန်မလိုဒုက္ခိတတစ်ယောက်ကို ဘယ်သူက အမြတ်တနိုး တန်ဖိုးထားနှစ်သက်ကြမှာလဲ။ အနည်းဆုံး ကရုဏာ သက်ရုံလောက်ပဲရှိနေမှာပါလေ။

ပါးပြင်ထက်သို့ မျက်ရည်တစ်ပေါက်စီးကျသွားလေ၏။ ရှိုက် သံသဲ့သဲ့ကြားမှာ တင်းတင်းလေးဆုပ်ကိုင်ထားမိသည်က သူ့ရဲ့ဓာတ် ကတ်ကလေး။ မှိတ်တုတ်မှိတ်တုတ်လင်းလက်နေသည့်ကြယ်လေး တွေကိုမော့ကြည့်ရင်း သက်ပြင်းကိုရှိုက်လိုက်မိ၏။ ဘာဂျာလေး ထံမှ လက်ခနဲအလင်းကြောင့် နှုတ်ခမ်းဖျားဝမှာ ဘာဂျာလေးကို ဖိ ကပ်လိုက်ပြီး ညသံစဉ်အေးအေးလေးကို သာယာငြိမ့်ညောင်းစွာ မှုတ်လိုက်မိသည်။

တေးသံထဲမှာ ရောနှောပင်သွားသည်မို့ ရာသီဥတု၏အေးစိမ့် လာမှုကိုသတိမထားမိပေ။ အဝေးဆီမှ သံချောင်းခေါက်သံ (၁၂)





ချက်အကြားမှာ အိပ်သင့်ပြီယူဆ၍ ထိုင်ခုံကျောမှီကို သေချာထိန်း တိုင်၍ မတ်မတ်ရပ်လိုက်သည်။

အိမ်ဆီသို့ ခပ်ဖြည်းဖြည်းလျှောက်လာခဲ့ပြီး တိုက်ဝတံခါး နှစ်ထပ်စလုံးကို သေချာသော့ခတ်လိုက်ပြီးဝင်ခဲ့စဉ် ဧည့်ခန်းဖုန်း က ညဥ့်ယံမှာ ထမြည်လေ၏။

"တူတူ. . . တူတူ"

ဘုရားရေ. . . ညသန်းခေါင်ကြီး ဘယ်ကဖုန်းဝင်လာရတာ သဲ။ Night duty ဝင်နေသည့် ဖေဖေ့ဆီကများလား။ ဇဝေဇဝါ အတွေးဖြင့် သူမ ဖုန်းကိုကောက်ကိုင်လိုက်၏။

"ဟဲလို. . . ဒေါက်တာဘသက်ဖြူအိမ်က ပြောနေပါတယ် ရှင်"

"မနော. . . ကျွန်တော်ပါ"

"ဟင်! "

"မနော, ခုထိအိပ်မပျော်သေးဘူးလား"

ဘုရားရေ. . . ညဥ့်နက်နေပြီဆိုတာတောင် သူ ဘာလို့ဖုန်း ဆက်ရတာပါလိမ့်။ ခုချိန်ထိမအိပ်သေးပါလား. . .။

"မနောကို ကျွန်တော်မြင်နေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကျွန်တော်. . . မနော, ခြံထဲမှာရှိနေကတည်းက ခြံရှေ့မှာ ရောက်နေတာပါ။ မနော ဘာဂျာမှုတ်တာ အရမ်းနားဝင်ချိုတာပဲ နော်။ ကျွန်တော်တော့ ဒီညစိတ်ချမ်းသာစွာနဲ့ အိပ်ပျော်ရမှာပါ။ မနောက ဘာလို့ဘက်စုံတော်နေရတာလဲဟင်"

"......"

"ကျွန်တော်. . . ခြံရှေ့မှာ ကားနဲ့ရပ်ကြည့်နေတယ်။ ပြတင်း လိုက်ကာကနေ မနောအရိပ်လေးကိုမြင်နေရတာ သိပ်လှနေတာပဲ။ ဒီနေ့ မနောဝတ်လာတဲ့အရောင်လေးက မနောနဲ့လိုက်ဖက်တယ်။ မနောက အစိမ်းရောင်ကြိုက်လို့လားဟင်"

"ဟင့်အင်း"

"ဒါဖြင့် ဘာရောင်အကြိုက်ဆုံးလဲ"

"အဝါရောင်"

"ဟုတ်လား. . .၊ ကျွန်တော်က မိုးပြာရောင်ကြိုက်တာ။ မနော. . . ကျောင်းမှာဆုံရင် မနောကပဲ ကျွန်တော့်ကိုစကားတွေ အများကြီးပြောတာနော်။ အခု ဖုန်းထဲမှာဆို ကျွန်တော့်ကိုစကား သိပ်မပြောချင်သလိုပဲ။ အဲဒါဘာဖြစ်လို့လဲဟင်"





"ညဥ့်နက်နေပြီလေ"

"ကျွန်တော်မအိပ်ချင်သေးဘူးမနောရယ်။ မနောနဲ့ ဒီလိုမျိုး စကားတွေ အများကြီးပြောချင်နေသေးတာအမှန်ပဲ"

"မမေ, တစ်ရေးနိုးထလို့ သိသွားရင်မကောင်းဘူးလေ. . . ကျော်ရယ်"

"ဘယ်လို. . . မနော၊ ကျွန်တော့်ကိုဘယ်လိုခေါ်လိုက်တယ်"

ဘုရား. . . ဘုရား. . . နှုတ်က လွှတ်ခနဲယောင်ယမ်းထွက် သွားမိသည့် သညာတစ်ခုကို သူက အသေအချာကြားသွားပါရောလား။ သူမ ဖုန်းကိုအမြန်ချကာ ဖုန်းပလပ်ကိုပါ ဖြုတ်လိုက်မိသည်။

ပြဿနာပါပဲ။ ကျွန်မက ချို, မဟုတ်ပါဘူးကျော်ရယ်။

ဖုန်းကိုအငေးသားကြည့်နေမိစဉ် နောက်နားဆီမှ ရှပ်ခနဲ ငြေသံကြောင့် သူမလှည့်ကြည့်လိုက်ပါ၏။

"ဖြူလေး. . . မအိပ်သေးဘူးလား"

"အိပ်. . . အိပ်တော့မှာပါ"

"ဘယ်သူနဲ့ဖုန်းပြောနေတာလဲ"

"ဟင့်အင်း"

"မညာနဲ့နော်. . . ကိုကို့ကို ဖြူလေးဘယ်တုန်းက ညာလို့



www.burmeseclassic.com

www.burmeseclassic.com



ရခဲ့ဖူးလို့လဲ၊ ပြောလေ. . . ကြည့်စမ်း. . . မျက်နှာက ငိုထားပြန်ပြီ ထင်တယ်. . . ဟုတ်လား"

ဆံနွယ်တွေ သပ်ပေးရင်း သူမကိုအသာထွေးဖက်လျက် နဖူးပြင်ထက် ငုံ့မွှေးလိုက်သဖြင့် သူမ, ကိုကို့ရင်ခွင်ကိုမှီလိုက်ပါ၏။

ကိုကိုရယ်. . . ကျွန်မစိတ်ချမ်းသာစွာ မက်နေခဲ့တဲ့အိပ်မက်ရှည်က ပျက်ပြယ်စပြုနေပါပြီ။

"ပြောလေ. . . ဖြူလေး"

"ကျော်. . . ကျော်နဲ့ပြောနေတာပါကိုကို"

"ဟော. . . ဒါဆို ကိုကို့ညီမ, သူနဲ့တော်တော်ရင်းနှီးနေပြီပေါ့လေ"

"ဟင့်အင်း. . . သူနဲ့ရင်းနှီးနေတာက ချို့ပါ, ကိုကိုရယ်"

"ဘယ်လို"

"ဟုတ်တယ်. . .။ သူက ချို့နဲ့ ကျောင်းမှာဆုံတယ်လို့ပြောတယ်"

"ကျွတ်. . . မဟုတ်သေးဘူး၊ တစ်ခုခုတော့ မှားနေပြီထင်တယ်။ ချို့နဲ့ညီက တစ်ခါမှဆုံဖူးတာမှမဟုတ်ဘဲ၊ ကိုကို, ညီနဲ့ဆုံရင် ပြောပြမှပါလေ"





"မပြောပါနဲ့ကိုကို၊ သူကိုယ်တိုင်ကိုက ကျွန်မတို့နှစ်ယောက်ကို တစ်ယောက်တည်းလို့ပဲထင်မှတ်နေတာပါ"

"ဟာ! "

"နေပါစေတော့ကိုကိုရယ်၊ အစကတည်းက မဖြစ်နိုင်မှန်းသိသိကြီးနဲ့ ကျွန်မရူးသွပ်စွာ မျှော်လင့်ထားမိတာ။ အိပ်မက်တွေဘဲ ပျော်ဝင်နေခဲ့မိတာပါ"

"ဘာပဲဖြစ်ဖြစ်, ဖြူလေးဘက်က မျှော်လင့်ခွင့်အပြည့်အဝရှိပါတယ်ကွယ်"

"တော်ပါတော့ကိုကိုရယ်၊ အချစ်ဆိုတာ သံယောဇဉ်ကနေ တစ်ဆင့် အစပျိုးမှသာ ခိုင်မြဲနိုင်တဲ့အရာမျိုးပါ။ သူက ကျွန်မအပေါ်မှာ သံယောဇဉ်ထားနိုင်မှာမှမဟုတ်ဘဲ၊ ရှိပါစေတော့လေ၊ သေးငယ်းက လွမ်းရုံလေးနဲ့တင် ကျွန်မစိတ်ကိုဖြေသိမ့်လိုက်ပါတော့မယ်"

"ဖြူလေးရယ်"

ကိုကိုက သူမကို ဘာမှဆက်မပြောနိုင်တော့သဖြင့် သူမကို သဲကျပ်စွာပွေ့ဖက်ထားတော့သည်။ ကျွန်မကို သနားနေပြီလား ကိုကို၊ ဟင့်အင်း. . . ကျွန်မ လိုချင်တာ ဒီလိုသနားခြင်းမျိုးမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သူ့ဆီက သနားတာကိုလည်း လုံးဝမလိုချင်တာပါ။

သူမခြေထောက်က လမ်းကောင်းကောင်းလျှောက်လို့ မ

နိုင်တဲ့ဒုက္ခိတဘဝပါလေ။ ပေါင်အထိထည့်ထားရတဲ့ စတီးချော

တွေနဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်လို့မရနိုင်တဲ့ဘဝမျိုးကို ဘယ

သူက ချစ်ခြင်းမေတ္တာတွေ ပုံအပ်နိုင်မှာတဲ့လဲ။

"အိပ်တော့. . . ဖြူလေးရယ်။ ညဥ့်နက်နေပြီ"

မျက်ရည်တွေကိုသုတ်ပေးပြီး ကိုကိုပြောသည်ကို သူမခေါ

ညိတ်ပြလိုက်ပါ၏။ ချိုင်းထောက်အစား တုတ်ကောက်တစ်ခုကိုအ

ယူ၍ အိပ်ခန်းရှိရာဆီအလှမ်းကိုကိုက သူမကိုတွဲ၍လိုက်ပို့ပေးသေ

သည်။

"စိတ်ညစ်စရာတွေ ဘာမှကိုမတွေးနဲ့တော့။ မေတ္တာစစ်နေ

ရင် ညီနဲ့ တစ်နေ့ဖူးစာဆုံရမှာပဲ။ မနက်ဖြန်ညနေ ဘဘကြီး

လေဆိပ်မှာ သွားကြိုရမှာ။ အိပ်ပျော်အောင်အိပ်. . . တော်ကြ

အိပ်ရေးမဝလို့ မျက်နှာချောင်ကျပြီး မျက်ကွင်းတွေညိုနေရ

အားလုံးစိတ်မကောင်းဖြစ်နေဦးမယ်နော်"

သူမ ခေါင်းကိုသာ အသာညိတ်ပြလိုက်ပါ၏။ ကိုကိုထွ

သွားပြီး မကြာမီအပြင်မှာ မိုးတဖြောက်ဖြောက်ရွာသံကိုကြားလို





ရသဖြင့် သူမ အိပ်ရာမှကျုံးထလိုက်သည်။ ကိုကိုပိတ်ပေးသွားသည့်

ပြတင်းပေါက်ကို ပြန်ဖွင့်လိုက်စဉ် မိုးစက်လေးတွေက သူမထံအလု

အယက်ပြေးဝင်လာကြလေ၏။

မျက်ဝန်းတွေကို စေ့မှိတ်လျက် ကျေနပ်စွာ ပြုံးလိုက်မိလေ

သည်။ မိုးရနံ့က ရင်ထဲထိ အေးမြစိမ့်ဝင်သွားကာ ပူလောင်နေသည့်

စိတ်ကို ငြိမ်းချမ်းသွားစေသည်မှာအမှန်ပင်။

ကျော်ရယ်. . . သံသရာတစ်ကွေ့မှာ ကျွန်မနဲ့အနီးဆုံးမှာ

အမြဲထာဝရ ထင်ရှိနေမှာပါ။

ကျော့်ရဲ့အသက်ကိုကယ်ဆယ်ခွင့်ရဖို့ တစ်ထောင့်တစ်နေရာ

တနေ ကူညီခွင့်ရခဲ့တဲ့အတွက် ကျွန်မကျေနပ်ပါတယ်။ ကျော့်ခန္ဓာ

ကိုယ်ထဲမှာ လည်ပတ်စီးဆင်းနေတဲ့သွေးကြောတွေအနှံ့ ရောနှော

စီးမျောနေတဲ့သွေးတွေထဲမှာ ကျွန်မရဲ့သွေးတွေ ပါဝင်ခွင့်ရခဲ့တဲ့

အတွက်လည်း ကြည်နူးမိပါတယ်။

ကျော်ရေ. . . ကျွန်မဖတ်ဖူးတဲ့စာအုပ်တွေထဲမှာ မက္ကဆီကို

နိုင်ငံ၊ အက်(ဇ)တက်လူမျိုးများဟာ အကြင်လင်မယားအဖြစ်

မင်္ဂလာဆောင်နှင်းရာမှာ ယောကျ်ားနှင့်မိန်းမတို့ရဲ့သွေးတို့ကို အတူ

တကွဖောက်၍ ပူးပေါင်းစေလေ့ရှိခဲ့တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင် . . . ကျွန်မကရော ကျော်မသိနိုင်တဲ့အချိန်လေးမှာ ကျော့်ခန္ဓာကိုယ်ထဲကို သွေးတွေ ရောယှက်ပေါင်းစည်းစေခဲ့တာပဲ မဟုတ်လား။

အတွေးဖြင့် သူမရှက်ရယ်ရယ်လိုက်ရာမှ အသံတို့က မိုးသံနှင့်အတူ ရောသွားရလေသည်။ မိုးမှုန်တို့က ဆံနွယ်တွေမှာ ခိုသီကပ်ငြိနေကြလေပြီ။

မိုးကို ကျွန်မသိပ်ချစ်တယ် . . . ကျော်။ ဒီမိုးရေတွေကို နှစ်သက်ခဲ့မိလို့ မိုးရေတောထဲ လမ်းလျှောက်ရင်း ဒီဘဝကို ကျွန်မ,ရခဲ့ရတာပါ။

ဒါပေမဲ့ . . . ကျွန်မ ကျေနပ်ဖြေသိမ့်နိုင်ပါတယ်ကွယ်။ ဘာဖြစ်လို့လဲဆိုတော့ . . . ဒီဘဝရောက်ပြီးမှ ကျော့်ကိုဆုံခဲ့ရလို့။ ပြီးတော့ . . . ရင်ခုန်ခွင့်ရရှိခဲ့ရလို့ပါပဲ။

သေချာပါတယ်ကျော် . . . ။ ကျော့်ကိုမြတ်မြတ်နိုးနိုးချစ်နေခဲ့တဲ့မိန်းကလေးတစ်ယောက်ဟာ ဒီလောကကြီးထဲမှာ သက်ရှိထင်ရှားရှိနေပေမယ့် ကျော်မသိနိုင်တာကိုတော့ အပြစ်တင်လို့မရပါဘူး။ တိတ်တိတ်လေးချစ်နေရုံနဲ့ ကျွန်မဖြေသာပါတယ်ကွယ်။

✿ ✿ ✿



## အခန်း ( ၁၂ )

ဥဒဟိုသွားလာနေကြသည့်လူတွေကို လိုက်ငေးနေမိသည်။ သူတို့ခံရမှာစိုး၍ ထိုင်ခုံမှာထိုင်ခိုင်းခဲ့သဖြင့် သူမတစ်ယောက်တည်း ထိုင်ကျန်ရစ်ခဲ့၏။ အထဲဝင်သွားကြသည့်လူအုပ်တွေကို နောက်တော့မှသာ လှမ်းကြည့်နေရသည်။ ရှုံခနဲကျဲသွားသည့်လူတွေကြားထဲမှ Suit မီးခိုးရောင်ဝတ်ထားသည့်လူကြီးတစ်ဦးက ခပ်မတ်မတ် လျှောက်လာရင်း မျက်ဝန်းတွေကို ဝေ့ဝဲရှာနေသဖြင့် သူမကြိုးစား၍ ရပ်လိုက်ပါ၏။

"ဘဘကြီး . . . ကျွန်မ, ဒီမှာ"



www.burmeseclassic.com

"ဟား. . . ဟား. . . ဘဘရဲ့ချောကလက်လေး"

ဘဘကြီးက သူမရပ်နေရာဆီအပြေးလာပြီး သူမကိုစွေ့ခနဲ မြှောက်ချီလိုက်လေ၏။ ဂါဝန်ဖြူလေးဝတ်လာတာမို့ ကလေးပေါက်စနလေးလို လွင့်ပါးသွားရသဖြင့် သူမလန့်အော်လျက် ရယ်မောလိုက် မိသည်။

"ကြည့်ပါဦး. . .။ သမီးက ဘယ်တော့ချီလိုက်ချီလိုက် ဒီအလေးချိန်ပဲ။ တစ်ခါမှ Weight မတက်လာပါလားကွယ်"

"တက်မလားဘဘကြီးရဲ့။ စားလိုက်ရင် ကြောင်စာလောက်လေးပဲရှိတာကို။ အားရှိတာတွေကျွေးတော့လည်း အန်ချင်လို့, ဖျားလို့, ရင်တုန်လို့နဲ့ ဘာကျွေးကျွေးမရဘူး"

ကိုကိုက ပစ္စည်းတွေဆွဲလာရင်းပြောလိုက်သဖြင့် သူမပြုံးလိုက်မိ၏။ ဘဘကြီးက သူမပခုံးကိုအသာဖက်ထားရင်း ပြောပြန်သည်။

"ဟုတ်လားသမီး. . .၊ အဲဒီလိုမလုပ်ရဘူးလေ။ ငယ်ငယ်ကတည်းက ပိန်ပါတယ်ဆိုမှ အခုတော့ ပဲလင်းမြွေတောင့်လေး ဖြစ်နေပြီ"

"ကျွန်မစားနိုင်သလောက်တော့စားပါတယ် ဘဘကြီးရဲ့"





"မဖြစ်သေးပါဘူး။ အိမ်မှာ ဘယ်သူမှစောင့်မကြည့်နိုင်တာနဲ့ ထင်သလိုနေနေတာမျိုးပဲဖြစ်မှာ။ အစာကို ဇယားလုပ်ပြီးအချိန်မှန်စားရမယ်"

"ဟင်. . . စားချင်ပါဘူး"

"မစားလို့ရမလား. . . ဂဏ္ဍဂျောင်ကျမယ်မကြံနဲ့။ နေဦး, ဦးကိုပြောပြီး ဘဘဆီမှာ တစ်လလောက်ခေါ်ထားမှပဲ။ ဒါမှ စည်းကမ်းတကျစားသောက်ပြီး ကျန်းမာရေးကောင်းလာမှာ"

"တကယ်လား. . . ကျွန်မက ဘဘကြီးနဲ့အတူနေချင်နေတာနော်"

"ဟာ. . . လုပ်ချလိုက်ပြီ၊ ဘဘကြီးခေါ်တာက အကြောင်းဟုတ်ဘူးဗျ။ ကျွန်တော်, ဖြူလေးနဲ့မခွဲနိုင်ဘူး။ အဲဒါက ပြဿနာ"

"မင်း Final ဖြေရတော့မှာ မဟုတ်လား။ စာကို ဖိဖိစီးစီးလုပ်မှပေါ့။ စာမေးပွဲဖြေပြီးတော့မှ လာပြန်ခေါ်။ နေဦး. . . သမီးနှုရားတော်တော်တိုးတတ်နေပြီလား"

"ကောင်းကောင်းတောင်မသင်ရသေးပါဘူး ဘဘကြီးရာ။ တစ်နေ့တစ်နေ့ အငယ်မ သောင်းကျန်းလွန်းလို့ စိတ်ရှုပ်ရတာနဲ့ အမေလည်း ဖြူလေးကိုသင်မပေးဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဒါဆို ဘဘကြီးအိမ်ကိုတစ်ခါတည်းရွှေ့ကြတာပေါ့။ သမီးကို Special ဆရာခေါ်သင်ပေးမယ်"

"ဆရာတော့ မလုပ်ပါနဲ့ဘဘကြီးရယ်။ ဆရာမနဲ့ပဲသင်ပေး ပါ. . ."

"အမယ်လေး. . . အေးပါဟာ၊ ငါ့ ဒီလောက်တော့ နားလည် ပါတယ်။ သူ့ညီမကိုတွန့်တိုနေလိုက်တာ"

"ဖြူလေးကိုပဲ နှမြောတာပါ ဘဘကြီးရဲ့၊ ချို့ကိုတော့ ဒီ လောက်မဟုတ်ပါဘူး"

"အေးပါကွ။ ငါ တမင်စလို့စမှန်းမသိ စိုးရိမ်ကြီးရန်တော"

ကိုကိုက ကားကို အိမ်သို့ပင် မောင်းခဲ့လေ၏။ ခြံထဲမှာ ပန်း ပင်ညှပ်နေသည့်မေ့ရှမက သူမတို့ကား ဆင့်ဝင်အောက်ရပ်လိုက် သည်နှင့် အိမ်ဘက်သို့လျှောက်လာလေသည်။

"ကိုကြီး နည်းနည်းပြည့်လာတယ်"

"အေး. . . ငါပြည့်လာပေမယ့် နင့်သမီးကြီးက ပေါ့ပေါ့လေး ပါပဲလား မေမေတင်"

"သမီးက အစားရွေးလွန်းတာကိုး. . . ကိုကြီးရဲ့"

"ဂရုစိုက်မှပေါ့ဟာ၊ ကြာရင် ပေါင် (၈၀) လောက်ပဲရှိတော့





မယ်။ နဝိုကမှ ချူချာရတဲ့ကြားထဲ"

"ဂရုစိုက်ပါတယ်ကိုကြီးရယ်၊ ကိုကြီးတူမက သူ့ကို ဒီလိုဂရု စိုက်တာကို မကြိုက်ချင်တာ"

"ဟင်. . . ခက်တာပဲ၊ ညီညီရော. . . duty ဝင်နေလား"

"မဝင်ဘူး. . . ကိုကြီး။ Night duty ထွက်တာ ဒီနေ့ OFF ပါ။ ခုနမှ အိပ်ရာထလို့ ရေချိုးနေတယ်"

"ကဲ. . . သားကြီး၊ နောက်ဖုံးထဲက သေတ္တာအနက်ရောင် လေးတွေ. . . အဲဒီမှာ သားတို့မိသားစုအတွက် အကုန်ပါတယ်။ အဝတ် အစားနဲ့ဖိနပ်ပေါ့"

"ဟာ. . . ဘဘကြီးက ကျွန်တော်တို့ size တွေ မှတ်မိလို့ လား"

"မှတ်မိတာပေါ့ကွ။ ရှိတာမှ ဆွေမျိုးရင်းဆိုလို့ ဒီလူလေးပဲ ရှိတာကို"

ကိုကိုက သေတ္တာကိုသော့ဖွင့်၍ စားပွဲထက်မှာ တစ်ထပ်စီ ချနေလေ၏။ ဖေဖေက အဝတ်အစားလဲပြီး လှေကားမှဆင်းလာ လေသည်။

"ကိုကြီး. . . ညနေစာစားပြီး မှောင်မှပြန်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ. . . ငါ့အိမ်ကို ကြို့ရှင်းထားခိုင်းရဲ့လား"

"ရှင်းခိုင်းထားပါတယ်ကိုကြီးရဲ့။ ရွှေမိက နဂိုကတည်းက အိမ်အလုပ် လာဘ်မြင်ပါဘိသနဲ့"

ဧည့်ခန်းထဲမှာထိုင်ကြစဉ် မိနီက အအေးလာပို့ပေးသဖြင့် အမောပြေသောက်လိုက်ကြလေ၏။ ထောင့်စားပွဲမှာ ပစ္စည်းတွေ ထုတ်နေရာမှ တအံ့တသြဖြင့် ကိုကို့အသံထွက်လာလေသည်။

"ဘဘကြီး. . . ဒီပစ္စည်းတွေထဲမှာ ဖြူလေးအတွက် တစ်ခုမှ လည်း မပါ,ပါလား"

"အေး. . . ချောကလက်လေးအတွက်က သေတ္တာတစ်ခုနဲ့ သီးသန့်ပါတယ်လေ သားကြီးရယ်။ ဂါဝန်တွေရော, ဖိနပ်တွေရော အစုံပဲ"

"ဟာ. . . ဒါတော့ ဘဘကြီး မတရားဘူးဗျာ။ ဖြူလေးကို အတော်မျက်နှာလိုက်လွန်းတယ်"

"အံမာ. . . ဘာလဲ. . . မင်းမကျေနပ်လို့လား"

"ဟင်းဟင်း. . . ကျေနပ်ပါတယ်ဗျ။ အလကားပြောတာပါ"

"အငယ်မမြင်ရင် ပိုဆိုးမှာစိုးလို့ သေတ္တာကို မချခိုင်းတာ ပေါ့။ ငါ့အိမ်ကို တစ်ခါတည်းယူသွားမှာ"





"ဟင်. . . ကိုကြီးက"

"အေးလေ. . . မင်းတို့ ငါ့သမီးကိုမှ ဂရုမစိုက်နိုင်ကြတာကိုး။ ဖြူလေးကို ငါခေါ်သွားမယ်။ စန္ဒရားကြီးပါပို့ပေး. . . မပို့ပေးရင် လည်းရတယ်။ ငါ့သမီးအတွက် ငါဟာဝါအသစ်ထပ်ဝယ်ပေးမယ်"

"အို. . . ပိုက်ဆံကုန်ပါတယ်ကိုကြီးရဲ့၊ မေတို့ ပို့ပေးပါ့မယ်"

ဖေဖေက ကွက်ခနဲမျက်နှာပျက်သွားပြီး သူမကိုလှည့်ကြည့် လိုက်လေ၏။ ကားပေါ်မှာ မနောချိုအကြောင်း သူမပြောလိုက်ပြီ ဟု ထင်သွားပုံရလေသည်။

"သမီးကြီး. . . ကိုကြီးက ခေါ်တာလား၊ သမီးက လိုက်နေ ချင်တာလား"

"နှစ်ခုစလုံးပဲ. . . ဘာဖြစ်လို့လဲညီညီ။ မင်းသမီးကို ငါအပိုင် ခွေးတော့ရော ဘာဖြစ်လဲ၊ ငါပိုင်ဆိုင်သမျှ ငါ့သမီးတစ်ယောက် တည်းပဲ ရမယ့်ဟာကို"

"မဟုတ်ပါဘူးကိုကြီးရဲ့"

"ကိုကြီးညီက သူ့သမီးကြီးနဲ့ တစ်ခါမှမခွဲဖူးတာကိုး။ သား ကြီးက ပိုဆိုးသေး"

"တော်စမ်းပါကွာ၊ ဒီလမ်းနဲ့ဟိုလမ်း ဘယ်လောက်မှဝေးတာ



www.burmeseclassic.com

www.burmeseclassic.com



လည်းမဟုတ်။ လာချင်ရင် အနီးလေးပါ။ လောလောဆယ် သားကြီး Final ဖြေနိုင်ဖို့ အရေးကြီးတယ်။ စာကိုဂရုစိုက်ကျက်။ စာမေးပွဲပြီးတော့မှ လာပြန်ခေါ်ချင်ခေါ်ပေါ့. . . နို့မို့ သူညီမဝေယျာဝစ္စလိုက်လုပ်ပေးနေတာနဲ့ အချိန်ကုန်နေမှာ"

"ဟုတ်တယ်၊ ဒါတော့အမှန်ပဲ။ သားက သူညီမကိုအချိန်ပြည့်မျက်စိဒေါက်ထောက်ကြည့်နေတာလေ"

"လောလောဆယ်တော့ မခေါ်သွားပါနဲ့ဦး၊ ဘဘကြီးရယ်"

"လာပြန်ပြီ. . . ဒီကောင်တော့လား"

တိုးတိုးကျိတ်ကျိတ်ရယ်မောဖြစ်ကြ၏။ ကြီးကြီးမြကထမင်းပွဲအဆင်သင့်ဖြစ်ပြီပြော၍ ထမင်းစားခန်းထဲသို့ ဝင်လာခဲ့ကြသည်။

"အင်း. . . မြန်မာထမင်းဟင်းမစားရတာ အတော်ကြာဝါရောလား။ ဗိုက်ကားအောင် စားရသေးတာပေါ့လေ"

"အသုပ်က ဖြူလေးလက်ရာနော် ဘဘကြီး"

"ဟော. . . တယ်ဟုတ်ပါလား။ ဘာသုပ်တွေလဲ. . . ကြည့်ရတာ မြိန်ဦးမှာပါလား"

"ဒါက ပဲပြားသုပ်နဲ့ မြင်းခွာရွက်သုပ်လေ၊ စားကြည့်၊ ဘဘကြီးရဲ့။ ကျွန်မ အရသာရှိရှိသုပ်ထားပေးတာ"





"အေးပါ. . . အေးပါ။ အင်း. . . ဟုတ်သား. . . အရသာတယ်စုံသကိုး။ တော်လိုက်တဲ့ငါ့သမီး"

"အဲဒါပဲ. . . ဘဘကြီး၊ ဖြူလေးကိုခေါ်ထားရင် ကျွန်တော်စားချင်တာတွေ စားရတော့မှာမဟုတ်ဘူး။ ဖြူလေးက ကျွန်တော်စာမေးပွဲဖြေတိုင်း စာကျက်ရင်း အိပ်မငိုက်ရအောင် တစ်ခုပြီးတစ်ခု လုပ်ကျွေးခဲ့တာ"

"သန့်စင်ရေ. . . ငါနားငြီးတယ်ဟေ့။ ဒါဆိုရင်လည်း စာမေးပွဲပြီးမှ မင်းပဲလာပို့ပေးတော့"

ကိုကိုက ဆန္ဒပြည့်သွားပြီမို့ ကျွန်မလက်ဖျားလေးကို ဆုပ်ညှစ်လိုက်လေ၏။ မေမေက ဘဘကြီးပန်းကန်ထဲသို့ ဟင်းတွေတစ်မျိုးပြီးတစ်မျိုးထည့်ပေးနေလေသည်။

"စားနော် ကိုကြီး။ ဒီမှာ ကိုကြီးသိပ်ကြိုက်တဲ့ ငါးခြောက်ထောင်းကြော်၊ ပုဇွန်တုပ်ဆီပြန်၊ ဝက်သားနှပ်၊ ငါးကြင်းဆီပြန်၊ ဘဲဥချဉ်ရည်ဟင်း၊ အစိမ်းကြော်လည်းကောင်းတယ်။ ငါးဆုပ်လည်းစားနော်။ အအီပြေအောင် ကင်ပွန်းချဉ်ရွက်ကို ပုဇွန်ဆိတ်လေးနဲ့ဆင်းချိုချက်ထားတာ. . . သောက်ကြည့်ပါဦး"

"ကောင်းတယ်. . . ကောင်းတယ်. . . အိမ်ပြန်ရောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ရွှေမိလက်ရာ ပြန်စားရဦးမှာပဲ။ ကျေးဇူးတင်တယ်. . . ညီနဲ့မေမေတင်၊ စားချင်စရာ ဖွယ်ဖွယ်ရာရာလေးတွေ ချက်ကျွေးပေးလို့၊ ဒါနဲ့. . . မိချိုရော”

“ထုံးစံအတိုင်း လမ်းပေါ်မှာပေါ့ကိုကြီးရယ်”

“ကြည့်လည်းထိန်းဦး. . . မေမေတင်၊ နင်မွေးထားတာသမီးမိန်းကလေးနော်။ ဗိုင်းတောင်းကျောက်ဖိ မနေတတ်မစားတတ်ရင် တစ်နေ့ဒုက္ခဖြစ်မယ်။ ခေတ်ကာလမိန်းကလေးတွေများ ငါ့မျက်စိနဲ့ တယ်မတွေ့လှပါဘူး။ သူတို့ကိုယ်သူတို့ အနောက်နိုင်ငံသူတွေ မှတ်နေလားထင်ရတယ်. . . လုံလုံခြုံခြုံမရှိကြဘူး။ ကိုယ်တွေတ အရှေ့တိုင်းသူပီပီ ခေတ်ဆန်ချင်တာ အပြစ်မဟုတ်ပေမယ့် လွန်လွန်ကျူးကျူးဝတ်စားတာတော့ ဘယ်သင့်တော်မှာလဲ၊ ဒါတောင် ငါကားပေါ်ကပဲ မြင်လာခဲ့တာနော်။ ဒီထက်ဆိုးဆိုးရွားရွားတွေ ဘယ်လောက်ရှိနေဦးမလဲ သိတာမဟုတ်သေးဘူး”

“ဘဘကြီးကလည်း နိုင်ငံခြားပြန်မျက်စိနဲ့ကြည့်ဦးမှပေါ့”

“ဟ. . . တူကိုမတူတာပါ သားကြီးရာ၊ ဟိုနိုင်ငံမှာ ဘယ်လိုဝတ်ဝတ် သူတို့မျက်စိနဲ့မရိုင်းဘူးကွယ့်။ ဒီမှာက အရှေ့တိုင်းအမြင်နဲ့ပဲကြည့်တာ။ ဟင်း. . . မပြောချင်ပါဘူး။ မိချိုတစ်ယောက်ရော





တော်တော်မှ Hot ရဲ့လား”

“အပြင်ထွက်ရင်တော့ pants တွေ skirt တွေ ဝတ်တတ်ပါတယ်။ ကျောင်းတက်ရင်တော့ လုံချည်ပဲဝတ်ရတာပါ။ သိပ်လွန်လွန်ကျူးကျူးကြီးတော့ သူ မဝတ်ရဲပါဘူး။ မေလည်းခွင့်မပြုဘူး”

“အေး. . . စည်းကမ်းတကျပေါ့လေ၊ သားကြီးကရော စာမေးပွဲဖြေပြီးရင် ဘာလုပ်မှာလဲ”

“အင်း. . . သူညီမဖို့ အိမ်လေး အရင်ဆုံးဆောက်ပေးမလို့တဲ့”

“ဘာလုပ်ဖို့လဲ”

သမီးငယ်အကြောင်း မကောင်းပေါ်လာမှာစိုး၍ ဖေဖေတို့အသံတိတ်သွားသဖြင့် သူမဝင်ပြောလိုက်ရ၏။

“ကျွန်မနေချင်တယ်ဆိုလို့ပါ ဘဘကြီး”

“အမိပွာယ်မရှိ ဘာပူဆာရတာလဲသမီးရယ်၊ အလကားဒိုတ်ဆံကုန်တယ်။ ဘဘကြီးအိမ်မှာပဲ လွတ်လွတ်လပ်လပ်လိုက်နေစမ်းပါ။ ဒီမှာ သားကြီး. . .၊ ဘဘအိမ်က သမီးအတွက် အမွေဆိုသည်း မမှားဘူးနော်။ အစောကြီးကတည်းက ကြိုပြောထားပါ၏။ သားကြီးတို့မိချိုတို့ အိမ်ထောင်ကိုယ်စီပြုကြရင် ဘဘကြီးပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



သလောက် ငွေကြေးသာပေးမှာ။ ငါ့အိမ်နဲ့ခြံရယ် ပိုင်ဆိုင်သမျှ အားလုံးဟာ ငါ့သမီးအတွက်ပဲ။ နောက်မှ. . . မကျေမနပ်ပြဿနာ မရှာကြနဲ့။ အထူးသဖြင့် မိချိုကိုပြောထားပါ. . . မေမေတင်။ ငါတ ဒါဆိုဒါပဲနော်”

“ဟုတ်ကဲ့ပါအစ်ကိုကြီး”

“အေး. . . သားကြီးကို ကုမ္ပဏီတွေနဲ့ချိတ်ပေးမှာပါ။ ဒါမှ Construction အကြောင်း သေချာနားလည်မှာပေါ့။ Senior တွေနဲ့တွဲလုပ်ပြီး Experient ရမှ ကိုယ့်ဖာသာကိုယ် တစ်စင်ထောင်တော့ အဆင်ပြေသွားလိမ့်မယ်။ ဟုတ်ပြီလား”

“ဟုတ်ကဲ့ပါဘဘကြီး”

ညနေမှောင်ရီပျိုးချိန်လောက်မှာမှ ဘဘကြီးကို ကိုကိုပြန် လိုက်ပို့ပေးလေသည်။

ဘဘကြီးရယ်. . . ကျွန်မလိုချင်တာ ဒီသက်မဲ့အရာဝတ္ထု တွေမဟုတ်ဘူးဆိုတာကို ဘဘကြီးသိနိုင်ပါ့မလား။

✿ ✿ ✿



## အခန်း ( ၁၃ )

မေမေနှင့်ဖေဖေတ Wedding တစ်ခုကို သွားနေသလို ကိုကို တ စာမေးပွဲဖြေနေလေပြီ။ ဘဘကြီးရဲ့အိမ်မှာ ပြောင်းနေတော့မှာ မို့ မိနီနှင့်အတူ အဝတ်အစားတွေကို တတ်နိုင်သလောက် သိမ်း ဆည်းနေမိ၏။ ဧည့်ခန်းမှဖုန်းသံကြောင့် မိနီတ အမြန်ပြေးထွက် သွားပြီး ကိုင်လိုက်လေသည်။

“မမဖြူ. . . ဖုန်း”

“ဟဲ့. . . မမဆီကို ဖုန်းလာစရာအကြောင်းမရှိဘူးလေ မိနီ ရယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ. . . မနော့နဲ့ပြောချင်လို့တဲ့"

"ဟယ်. . . ဒါဆို ချို့ကိုခေါ်ပေးလိုက်လေ"

"မမချို့, ဘဘကြီးဆီမှာ မုန့်ဖိုးသွားတောင်းမယ်ဆိုပြီးထွက်သွားပြီလေ"

"ကျွတ်. . , ခက်တာပဲ"

ဖုန်းခွက်ကိုယူ၍ ရေရွှတ်လိုက်သံသဲ့သဲ့ကို သူကြားဖြစ်အောင်ကြားလိုက်ပါ၏။ စာမေးပွဲဖြေရတာ နုံးနေသည့်စိတ်က သူမနှုတ်မှထွက်လာသည့်အသံကြောင့် အတော်လေးညစ်ညူးသွားရသည်။

"ဟဲလို"

"မနောရယ်. . . ပြောတော့ဖြင့် ကျွန်တော့်ကိုခင်ပါတယ်ဆိုပြီး စိမ်းသက်လိုက်တာ၊ ကျွန်တော့်ကို စကားတောင်မပြောချင်တော့ဘူးလားဟင်"

"မဟုတ်ပါဘူး။ ဒီမှာ ကျွန်မအလုပ်တွေရှုပ်နေချိန်မို့ အမှတ်တမဲ့ရွှတ်လိုက်မိတာပါ"

"မနောရွှတ်လိုက်တဲ့အသံက စိတ်မရှည်သလိုကြီးဆိုတော့ကျွန်တော် ဘယ်စိတ်ကောင်းတော့မှာလဲ။ ဒီနေ့ဖြေတဲ့ဘာသာ သိပ်အားမရလို့ လူက စိတ်ခတ်ကျချင်ချင်ဖြစ်နေတာ။ မနက်ဖြန်ဖြေ





ရမယ့် paper က ပိုတောင်မှခက်သေးတယ်"

"မဟုတ်ပါဘူး. . . ကျော်ရယ်။ ကျော်ထင်သလိုမျိုးမဟုတ်ရပါဘူး။ ခက်တာပဲ. . . ဘယ်လိုရှင်းပြရမလဲမသိတော့ဘူး"

"ဒါဆို မနော, ကျွန်တော့်ကိုတကယ်ခင်တာပေါ့နော်"

"ဟုတ်တဲ့"

"ဘယ်တုန်းကတည်းက ခင်နေတာလဲဟင်"

"ကြာပြီ"

"ပြောပြပါလားဟင်"

တစ်ဖက်မှ အသံတိတ်သွားသဖြင့် သူစိတ်ရှည်လက်ရှည်စောင့်နေမိ၏။ မနောနှင့်စကားပြောလျှင် အပြင်မှာပြောသည်ထက် ဖုန်းထဲမှာပြောရတာကို သူပို၍မက်မောကျေနပ်လေသည်။ ဖုန်းထဲမှာ မနောအသံက သူ့ရင်ကို ပိုအေးမြစေသလိုပင်။

"မနော"

"ဟင်"

"ပြောပြလေ"

"ကျွန်မ. . . အင်း. . . မပြောလို့မရဘူးလားကျော်ရယ်"

"မနောရယ်. . . ကျွန်တော်က မနောနဲ့ ဒီလိုမျိုး ဖုန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရတာကိုပဲ အရမ်းကျေနပ်နေတာ”

“ဟင်း . . . အပြင်မှာတွေ့တာကရော”

“အပြင်မှာက သူငယ်ချင်းတွေရှေ့မှာပဲ တွေ့ကြရတာလေ။ ပြီးတော့ . . . ကျွန်တော်က စာတွေအရမ်းများလွန်းတော့ မနော နဲ့ အမြဲတမ်းလာမတွေ့နိုင်ဘူး။ ဒီလို ညတိုင်း ဖုန်းဆက်ရတာလေး ကိုပဲ Feeling ရှိနေတာပါ”

“အခုက နေ့ခင်းကြီးလေ”

“နေ့ခင်းရော ပြောခွင့်မရှိဘူးလားမနောရယ်”

“မဟုတ်ပါဘူးကျော်ရယ်။ ပြောပါ . . . ရပါတယ်။ ကျွန်မ နားထောင်နေတာပဲဟာ”

“ဟင်းဟင်း . . . မနောအသံလေးက ဖုန်းထဲမှာဆို သိပ်ချို တာပဲနော်။ ကျွန်တော့်စိတ်ထဲမှာ အရမ်းကြည်နူးရတာအမှန်ပါ။ အင်းလေ . . . အပြင်မှာဆို သူငယ်ချင်းတွေရှေ့ဆိုတော့ မနော ဒီလိုဘယ်ပြောချင်ပါ့မလဲ။ ဒါကို ကျွန်တော်နားလည်ပါတယ်”

“ကျွန်မဝမ်းသာပါတယ်, ကျော်။ တကယ်ပါ”

“မနော”

“ရှင်”





“ကျွန်တော့်ကိုမပြောသေးဘူးနော်”

“ဘာကိုလဲ”

“ကျွန်တော့်ကို မနောဘယ်တုန်းကတည်းက ခင်မင်နေတာ သဲဆိုတဲ့မေးခွန်းလေ”

“ကျော်, မသိလက်စနဲ့ မသိသလိုပဲနေပါလားကွယ်”

“မနောက မပြောချင်ဘူးပေါ့လေ”

“ဟင်း . . . ကျွန်မပြောမယ်။ လွန်ခဲ့တဲ့ (၆)လကျော်၊ ဖေ ဖော်ဝါရီ (၁၄) ရက်နေ့၊ မနက် (၉)နာရီ . . . မနော်ဟရီဆေးရုံရဲ့ special room တွင်းက ခုတင်ပေါ်မှာ operation လုပ်ပြီးခါစ ဖြော့ဖြော့လူနာလေးကို စတွေ့ခဲ့တာ”

“မနော”

“ကျွန်မ . . . ကျွန်မ . . . ကျော့်ကို အဲဒီကတည်းက ကျော် သိခင် ရင်းနှီးနေခဲ့တာပါ”

“မနော . . . မနောရယ်၊ သိပ်ထူးဆန်းတာပဲနော်။ ကျွန်တော် ဒီနေပါတယ်။ မနော . . . ကျွန်တော့်ကိုသွေးလှူပေးခဲ့တာ မဟုတ် လား”

“အဲဒါက ကြုံလို့လှူဖြစ်သွားတာပါကျော်ရယ်။ ကျော်မှန်း



www.burmeseclassic.com

www.burmeseclassic.com



သိနေလို့ လှူတာမှမဟုတ်ဘဲ"

"ဟုတ်ပါတယ်။ ဒါကို ကျွန်တော်သိနေပါတယ်။ ကျွန်တော်လေ. . . ကျွန်တော့်ရဲ့ကျေးဇူးရှင်လေးကို မြင်ဖူးချင်လို့၊ သိချင်လို့ စုံစမ်းနေခဲ့တာကြာပြီ။ ဒါပေမဲ့ ကျွန်တော်တွေ့ခဲ့ရပြန်တော့လည်း ကျွန်တော့်ကိုခိုးကြည့်နေခဲ့တဲ့ မျက်ဝန်းလေးတစ်စုံကိုပဲ ဖြစ်နေခဲ့တယ်"

"ဟင်! "

"ကျွန်တော်, မနောတို့အိမ်ကိုလာတုန်းက လိုက်ကာနောက်မှာ မနောရပ်နေတာမဟုတ်လား။ မနောကို ကျွန်တော်ဖျတ်ခနဲ တွေ့လိုက်တယ်။ ဖျတ်ခနဲဆိုမှ တကယ့်ကို ဖျတ်ခနဲလက်သွားတဲ့ မျက်လုံးလေးကိုပါ"

ကျော်ရယ်၊ ဒီစကားတွေကို ကျော်ပြောနေလို့လည်း ကျွန်မတို့အတွက် ဘာများထူးခြားလာမှာမို့လို့လဲ။ ကျော်သိထားဖို့က ကျွန်မဟာ ကျော်နဲ့ရင်းနှီးသင့်တဲ့မိန်းကလေးမျိုးမဟုတ်ဘူးဆိုတာကိုပါ။

"မနော"

"ရှင်"





"ကျွန်တော်လေ. . . စာကျက်ရတာ တစ်ခုခုလိုနေသလိုမျိုးပဲ။ ညအိပ်ရင်လည်း အိပ်မက်တွေမက်ပြီး မကြာခဏလန့်နိုးရတာ ခဏခဏရှိနေပြီ။ အဲဒါဘာလုပ်ရမလဲဟင်"

"ကျော်အိပ်ရာဝင်ခါနီး ဘုရားမရှိခိုးဘူးနဲ့တူတယ်"

"မနောက်ပါနဲ့. . . မနောရယ်။ ကျွန်တော်တကယ်ပြောနေတာပါ။ ယူထားတဲ့ Major ကို ခုချိန်မှာ လွင့်ပစ်ချင်စိတ်ပေါက်နေပြီ။ အဲဒါအမှန်ပဲ။ စာကိုမနည်းကျက်ပြီးဖြေနေရတာပါ။ စာကျက်ပြန်တော့လည်း. . . စာအုပ်ထဲမှာ ကောင်မလေးတစ်ယောက်ရဲ့ မျက်နှာကို အမြဲမြင်မြင်နေရတော့ခက်ရော။ ကျွန်တော်စာမေးပွဲကျလို့မဖြစ်ဘူးမနောရဲ့. . . ကူညီပါဦး"

"ကျော်မှားနေပြီနော်။ ကျော့်ရဲ့အခက်အခဲတွေကို ဖြေရှင်းဖို့. . . ကျွန်မက ဆရာဝန်လည်းမဟုတ်၊ အတွေးအခေါ်ပညာရှင်လည်းမဟုတ်ဘူးလေ"

"ဒါပေမဲ့. . . မနောက. . . ကျွန်တော့်ရဲ့စေတသိတ်ပိုင်ရှင် Venus လေးလေ"

သူမ ဟက်ဟက်ပက်ပက်ရယ်ချလိုက်မိ၏။ ကြည့်စမ်းပါဦး။ သူပြောချင်ရာကို လိုရာထိရောက်အောင် ဆွဲခေါ်သွားတတ်တာ



www.burmeseclassic.com

www.burmeseclassic.com



နည်းတဲ့ပညာရပ်လား။ ဒီကောင်လေး အတော့်ကိုလူလည်ကျတတ်နေပြီကိုး။

"မနော. . . မရယ်ပါနဲ့ကွာ"

"စိတ်ကိုထိန်းတတ်ရတယ်ကျော်ရဲ့၊ သူ့ကိုချွန်းအုပ်ထားနိုင်မှ လောကခရီးကို ဖြောင့်ဖြောင့်လျှောက်လှမ်းလို့ရတာပါ။ သူ့ကိုမထိန်းချုပ်နိုင်လို့ကတော့ သွားပြီသာမှတ်. . .၊ ဘဝကြီး ကျွမ်းထိုးမှောက်ခုံဖြစ်မှာသေချာတယ်"

"ဆုံးမတာလားကွာ. . . မနောရယ်၊ ကျွန်တော်က မနောနဲ့ဒီလိုပဲ နေ့တိုင်းစကားပြောနေရရင် ကျေနပ်နေတဲ့သူပါ။ ဒါပေမဲ့. . . ရင်ထဲကဖြစ်လာတဲ့ဆန္ဒကို ဘယ်လိုတားဆီးလို့ရနိုင်မှာတဲ့လဲ၊ မနောစဉ်းစားကြည့်၊ ကိုယ်ဖြစ်ချင်တဲ့အရာတစ်ခုကို လုပ်လို့မရအောင် ကာဆီးထားတဲ့တံတိုင်းကြီးက တကယ့်ကိုရောမကြီးပါ။ ဒါကိုမျှော်ငေးကြည့်မိတိုင်း. . . ကျွန်တော်အရမ်းကြေကွဲနေတာကိုမနောမှမမြင်နိုင်တာဘဲ. . ."

"ကျော်. . . spinoza ရဲ့ sadness diminishes or hinders a man's power of action ဆိုတဲ့စကားကို ဘယ်မှာချောင်သွားထိုးထားလဲ (ဝမ်းနည်းကြေကွဲမှုဆိုတာ. . . လူတစ်ယောက်ရဲ့ယှဉ်ဆောင်နိုင်တဲ့စွမ်းအင်ကို လျော့ကျနှောင့်နှေးစေတဲ့အရာဖြစ်သည်) ကျော်က ယောကျ်ားလေးပဲဟာ၊ ယောကျ်ားတို့ရဲ့ဇွဲ သေခါမှလျှော့ရတယ်တဲ့. . . မဟုတ်ဘူးလား၊ လောကမှာ မဖြစ်သေးတာပဲရှိတာပါ၊ မဖြစ်နိုင်တာမဟုတ်ပါဘူး"

"တန်ဖိုးရှိလိုက်တဲ့စကားပါလားမနောရယ်၊ သိပ်ကျေးဇူးတင်တာပဲ, သိလား၊ ကျွန်တော့်ကို ဒီလိုအားပေးနိုင်တဲ့သူလေးနဲ့ခင်မင်ခွင့်ရတာ ကံကြမ္မာကို ကျေးဇူးတင်လို့ကိုမဆုံးတော့ဘူး"

"ဒါဆို စာကျက်တော့လေ။ မနက်ဖြန်ဖြေရမှာ နောက်ဆုံးဘာသာမဟုတ်လား၊ ကြိုးစားဖြေပေါ့"

"ကောင်းပြီလေ. . . ကျွန်တော် ကြိုးစားမှာပါ။ မနက်ဖြန်ညကျတော့ ကျွန်တော်ပြောချင်တဲ့စကားကို မနောနားထောင်ပေးရမှာနော်"

သူမ ဒိတ်ခနဲဖြစ်သွားရလေ၏၊ ခက်တော့တာပဲ။ မပြောစေချင်လို့ လှည့်ပတ်ပြောနေပါတယ်ဆိုနေမှ ဒီကောင်လေးကတော့ဒီဘာတာမှာပဲ လာဆိုက်နေချင်တော့တာကိုး။

"ကျွန်တော် စာကျက်တော့မယ်။ မနော ဘာပြောချင်သေးသေးလဲ"







www.burmeseclassic.com

www.burmeseclassic.com



"Byron ရဲ့ စကားတစ်ခွန်းကို လက်ဆောင်ပေးလိုက်ပါရစေ။ Friendship is love without his wings. (တစ်ယောက်နဲ့ တစ်ယောက် ခင်မင်တယ်ဆိုတာ လှည့်ကွက်တွေမပါတဲ့ မေတ္တာတရားပါပဲ)။ ကျော်, စာမေးပွဲကောင်းကောင်းဖြေနိုင်ပါစေ"

ဖုန်းကိုဖုတ်ချနဲ့ချ၍ သူမတစ်ယောက်တည်းပြုံးနေမိသည်။ ကျော်ရယ်. . . ကျော်ပြောလာမယ့်စကားတစ်ခွန်းကို ကျွန်မရဲ့ မသိစိတ်က နားထောင်လက်ခံချင်ပေမယ့် ကျွန်မရဲ့သိစိတ်တွေက ငြင်းဆန်ခေါင်းခါဖို့ အချက်ပြနေလေရဲ့။

ဒီတိုက်ပွဲကို ကျွန်မဘယ်လိုအဆုံးသတ်ရမှာတဲ့လဲ။ သေချာတာတစ်ခုကတော့. . . ကျွန်မ, ကျော့်ကိုသိပ်ချစ်တယ်။ ကျွန်မရဲ့ အသက်ထက်ကို ပိုတန်ဖိုးထားပြီး မြတ်မြတ်နိုးနိုးချစ်နေတယ်ဆိုတာ ကျော်သိစေချင်ပါရဲ့။

ဒါပေမဲ့. . . ကျော်ရယ်၊ ဖြစ်တည်ခြင်းနဲ့ ပျက်သုဉ်းခြင်းနှစ်ခုကြားမှာ ညပ်နေတဲ့ လောကကြီးရဲ့လှည့်ကွက်ကို ကျွန်မရဲ့အဖွားက ကြိုတွေး ကြောက်လန့်စိုးရိမ်နေရတာအမှန်ပါပဲကွယ်။

❀ ❀ ❀



## အခန်း ( ၁၄ )

"မတရားဘူး. . . လုံးဝမတရားဘူး"

"သမီးငယ်. . . တိုးတိုးပြောလေ"

"အို. . . မှန်တာကိုပြောနေတာပဲမေမေရဲ့။ မေမေပဲစဉ်းစားကြည့်. . . အမြွှာချင်းအတူတူ အမွေကိုအညီအမျှခွဲဝေမယ်မရှိဘူး။ သူတစ်ယောက်တည်းကိုပဲ ပုံပေးရတယ်လို့. . .။ အဲဒီဘဘကြီးဟာ ဆစ်ဖတ်စောင်းနင်းသိပ်လုပ်တာပဲ"

"ဒါက သူပိုင်တဲ့ပစ္စည်းမို့ သူပေးချင်တဲ့သူကိုပေးမှာပေါ့ချွဲ. . .။ မေမေတို့တောင်းဆိုလို့ရတာမှ မဟုတ်တာပဲ။ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



နားလည်မှုပေါ့"

"မတရားတာက မတရားတာပါပဲမေမေရယ်၊ တူမချင်း ရှိတာမှ နှစ်ယောက်ကို ဒီတစ်ယောက်ဆီမှာပဲ အချစ်တွေစုပုံနေကြတာ ကောင်းသလား။ သူက ချို့ထက် ဘာများထူးခြားသာလွန်နေလို့လဲ၊ ရုပ်ရည်လည်းအတူတူ, ချိုကမှ တက္ကသိုလ်ကျောင်းသူဖြစ်ပြီး လူရာဝင်သေးတယ်၊ သူက (၇)တန်းတောင်မှမအောင်တဲ့"

"သမီး. . . အဲဒီလိုမပြောရဘူးလေ"

အိမ်ဘေးပြတင်းပေါက်မှာရပ်နေတာမို့ စည့်ခန်းထဲမှာပြောနေကြသည့်မေမေနှင့် မနောချိုတို့၏စကားသံတွေကို အတိုင်းသားကြားနေရလေသည်။

အို. . . (၇)တန်းတောင်မှမအောင်တဲ့၊ လူရာမဝင်တဲ့မိန်းမတစ်ယောက်တဲ့လားချိုရယ်၊ ပြောရက်လိုက်တာ. . .။

ကျွန်မ ဘာကြောင့် ကျောင်းဆက်ပြီးမတက်တော့တာကို ချို မသိတော့ဘူးလား။ ကျောင်းဆက်မတက်တော့ပေမယ့် ကျွန်မနေ့စဉ်ဖတ်ရှုလေ့လာနေတဲ့စာအုပ်တွေက ကျွန်မကို အသိဉာဏ်တွေဖွင့်မပေးနိုင်ဘူးလို့ ယူဆထားသလား။ ဗဟုသုတတွေ မရနိုင်ဘူးလို့ထင်နေသလားကွယ် . . .။





"ချိုသိတယ်။ မေမေကအစ သူ့ကိုပိုချစ်နေတာ ချိုရင်နာတယ်. . . သိလား။ သမီးချင်းအတူတူ ချိုက ငယ်စဉ်ကတည်းက အချစ်ခံဘဝကို တစ်ခါမှမရခဲ့ဘူး။ အို. . . ဘယ်တော့မှလည်းရနိုင်မှာမဟုတ်တော့ပါဘူး"

"သမီးရယ်. . . မေမေ့သမီးနှစ်ယောက်စလုံးကို မေမေအတူတူချစ်တာပါ။ ဘယ်မိဘမဆို သားသမီးတိုင်းကို သူ့သာစေ, သူ့နာစေဆိုပြီး တိုးချစ်တာ၊ လျှော့ချစ်တာမျိုး မရှိတာအမှန်ပါကွယ်"

"မယုံဘူး. . . ချိုမယုံဘူး။ ဖေဖေလည်း အတူတူပဲ။ ကိုကိုသည်းဒီအတိုင်းပဲ။ လောကမှာ ချို့ကိုရှိနေတယ်လို့တောင် ထင်မှတ်ထားရဲ့လားမသိ။ ချိုဟာ သူနဲ့အတူ မေမေ့ဝမ်းထဲဝင်စားလာခဲ့ရတည်းက ကံဆိုးနေခဲ့တာ။ ဒီတစ်သက်ကံကောင်းတယ်ဆိုတာ ချို့ဘဝမှာ ရှိနိုင်မှာမဟုတ်တော့ဘူး"

"သမီးရယ်. . . အဲဒီလိုမပြောပါနဲ့၊ မေမေတို့အသိုင်းအဝိုင်းမှာ သမီးမိန်းကလေးတ ရှားတရှားနဲ့၊ သမီးတို့နှစ်ယောက် စာအုပ်ကို အားလုံးက စုပုံပြီးချစ်ကြတာပါကွယ်"

"မတူပါဘူးမေမေရယ်. . . တူကိုမတူတာပါ။ လေး. . . ခဲ့သားစုပဲကြည့်ကြည့်၊ အန်တီလေးတို့မိသားစုတွေကိုပဲကြည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သူတို့အရင်ခေါ်လိုက်တဲ့အမည်ဟာ. . . မနောဖြူပဲ။ ပြီးရင်. . . ပွေ့ချီလိုက်တာကလည်း သူ့ကိုအရင်ဆုံးပါပဲမေမေ။ ချိုသိတတ်စအရွယ်ကတည်းက ဒီကိစ္စတွေကို ကောင်းကောင်းကြီးနားလည်တတ်ခဲ့တာ နှစ်တွေကြာခဲ့ပါပြီ”

“ခက်တော့တာပဲသမီးရယ်”

“ဘဘကြီးက သိပ်ရက်စက်တာပဲ။ မုန့်ဖိုးလေး သွားတောင်းမိပါတယ်. . . ပြောလိုက်ဆုံးမလိုက်တာ နားကိုအူရော။ အသုံးနဲ့အဖြုန်းကိုမခွဲခြားတတ်ရင် ငွေကိုင်သုံးဖို့စိတ်မကူးနဲ့တဲ့။ ဒီငွေလေးလောက်နဲ့ ဆင်းရဲသွားမှာကျနေတာပဲ။ ငွေဆိုတာ ရှာရအခက်ဆုံးဆိုပြီး ကြီးကြီးကျယ်ကျယ်တွေပြောလို့”

“နင်သွားတောင်းတဲ့ငွေက နည်းသလားမိချိုရဲ့။ ဘဘကြီးပြောလိုက်တာ နည်းတောင်နည်းသေးတယ်. . . ငွေကို တွင်းထဲကအလကားနှိုက်လို့ရတာမှမဟုတ်ဘဲ”

ချို မငဲ့ ဘုရားရေ. . . ကိုကိုပြန်ရောက်လာပါရောလား။ စတာ နေ့စဉ်ဖဲ့တွေကို ဂရုစိုက်နားထောင်နေတာမို့ လသာဆောင်အော တွေဖွင့်ကိုကိုကားရပ်လိုက်သံကိုတောင် သူမသတိမထားမိလိုက်ရှေ ဘူးလို့ ဒုက္ခပါပဲ။ ပြဿနာတော့ အကြီးအကျယ်ဖြစ်ဦးတော့မှာ





ပဲလား။

“အို. . . ကိုကိုတောင်မှ ရတာပဲဟာ။ ချိုလည်း. . . လိုချင်သလောက် တောင်းပိုင်ခွင့်ရှိတာပေါ့”

“ငါတောင်းတာက လိုအပ်တဲ့ပစ္စည်းတွေ။ သင်တန်းကြေးတွေအတွက် အတိအကျစာရင်းနဲ့တောင်းလို့ ဘဘကြီးက လိုလိုချင်ချင်နဲ့ပေးတာ။ နင့်လိုသုံးဖြုန်းဖို့ အလကားသွားလက်ဖြန့်တာမဟုတ်ဘူး”

“တောင်းမှာပဲ. . . ဘာဖြစ်လဲ”

“ဘယ်လောက်တောင် သွားတောင်းမိလို့လဲသားရယ်”

“နည်းမလားမေမေရဲ့. . . ငါးသိန်းတောင်”

“ဘုရား. . . ဘုရား. . . ငါးသိန်းတောင် တောင်းရအောင်သမီးမှာ ဘာတွေများလိုအပ်တာရှိနေလို့လဲ။ မေမေတို့ လိုလေသေးမရှိထားပါလျက်နဲ့သမီးရယ်”

“ချိုလိုချင်လို့ပါမေမေ။ ဖြူ့ဖို့ဆိုရင် ပူဆာစရာမလိုအောင်တို့ အားလုံးက ဖြည့်ဆည်းပေးကြတယ်။ ဖိနပ်၊ အကျီ၊ စာအုပ်ဘာမဆို အားလုံးလိုတရဖြစ်စေတာချည်းပဲ”

“ဟုတ်တယ်လေ. . . ဖြူ့နှုတ်က ဘာတစ်ခုကိုများ ပူဆာခဲ့



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ။ နင်တစ်လသုံးတဲ့ငွေနဲ့ ဖြူရတဲ့ပစ္စည်းကို ချိန်စက်ကြည့်လိုက်ပါဦးမိချို။ နင်သုံးတာတွေက အဆမတန်များနေတာပါ"

"အို... သူက အိမ်မှာနေတဲ့သူပဲဟာ၊ ဘာများအပိုကုန်စရာ မို့လို့လဲ။ ဘဘကြီးကလည်း ဒီငွေလောက်လေး တောင်းမိတာကို ဆတ်ဆတ်တောင်အထိမခံဘူး"

"နင်... ဒီလိုမွေးထားတဲ့မနာလိုစိတ်တွေက ဘယ်တော့မှ ပျောက်မှာလဲမနော်ချို။ နင့်မရှက်ဘူးလား။ ကိုယ့်ကို ဘာတစ်ခုမှ ပြန်မချေပနိုင်တဲ့သူကို တစ်ဖက်သတ်အနိုင်ကျင့်ပြောဆိုနေတာကို ရပ်သင့်ပြီ"

"တွေ့လား... ကိုကိုလည်း သူ့ဘက်မှာ ခြေစုံရပ် ကာကွယ်နေတာချည်းပဲ။ ချိုလည်း ကိုကို့ညီမပါကိုကိုရဲ့၊ မျှမျှတတရှိမှပေါ့"

"မရှိနိုင်ဘူး။ နင့်ကို ငါ့ညီမစာရင်းထဲက ပယ်ဖျက်ထားခဲ့တာကြာပြီ။ ဒီလိုသဘောဆိုးတဲ့မိန်းမမျိုးရဲ့အစ်ကိုအဖြစ်လည်း အတော်မခံနိုင်ဘူး။ ငါသိက္ခာကျတယ်"

"သား..."

"နင့်စိတ်ကို နင့်ဟာနင်ပြင်တော့မနော်ချို။ ရှေ့ဆက်ပြီး နင်ဒီစိတ်ကိုမွေးနေမယ်ဆိုရင် ငါလက်ပါမိတော့မယ်"





"ပြောပါ... ပြောပါ။ သူ့ကြောင့် ကိုကို၊ ချို့ကိုရိုက်ခဲ့တဲ့နေ့ကို ဘယ်တော့မှမမေ့ဘူး"

"အေး... နင်... ဖြူ့ကိုတစ်ခွန်းပြောမိတိုင်း ငါ တစ်ခါရိုက်နေဦးမှာပဲ"

"ကိုကိုလည်း တစ်ကိုယ်ကောင်းသမားပဲ။ ချို့ဘက်ကို မငဲ့ဘူး။ ကိုကို့အသက်ကို တစ်ခါကယ်ဖူးရုံနဲ့ ကိုကို့ဘဝကိုပုံပြီး သူ့ကိုမျက်စိမှိတ်ချစ်နေတာတော့ လွန်လွန်းတယ်"

"မနော်ချို... နင်"

"သား... မလုပ်ပါနဲ့။ တော်ပါတော့... တော်ကြပါတော့ကွယ်။ မေမေ သိပ်စိတ်ညစ်တာပဲ။ မင်းတို့အဖေသိသွားရင် ဒီထက်ပိုဆိုးကုန်မယ်နော်။ သွား... သွား... သားလည်း စာမေးပွဲဖြေပြီးပြန်လာတာ နားတော့။ သမီးလည်း... သွားတော့"

"တောက်... အိမ်ပူမ... ကြောင်မ... နင့်တစ်ကိုယ်လုံး မစ္ဆရိယမီးတွေ ပြည့်နှက်လောင်ကျွမ်းနေတာပဲ"

"မေမေ"

ကိုကိုက ရွယ်ထားသည့်လက်ကိုပြန်ရုပ်ရင်း အတွင်းခန်းသို့ ဝင်သွားလေသည်။ ချိုက မေမေ့ကို ပြေးဖက်လိုက်လေ၏။ ငြိတင်း



www.burmeseclassic.com

www.burmeseclassic.com



သံဇကာကိုကိုင်ထားလျက်ကြည့်နေရာမှ သူ့မျက်ရည်တွေ စီးကျလာလေတော့သည်။

"မေမေရယ်. . . ချို့ရင်ထဲကို ဝင်ကြည့်ပေးပါ။ ဘဘကြီးက ချို့အပေါ် သိပ်ရက်စက်လွန်းပါတယ်။ အိမ်အောက်ထပ်မှာ ဖြူ့အတွက်ဆိုပြီး ပြင်ထားတဲ့အခန်းကို ချို့ကိုမြင်အောင် ပြလိုက်တာမေမေရဲ့။ အဝတ်ထည့်တဲ့ဗီရိုတွေကို Aluminium နဲ့ မှန်ဗီရိုတွေလုပ်ပြီး ဂါဝန်တွေ စီချိတ်ထားလိုက်တာ အရမ်းလှတာပဲ။ ဖိနပ်စင်က သတ်သတ်။ ဦးထုပ်ဗီရိုမှာလည်း ချိတ်လေးတွေနဲ့ ဦးထုပ်တွေစီချိတ်ထားလိုက်တာ အရောင်စုံအသွေးစုံ။ အို. . . အိပ်ခန်းတစ်ခုလုံး ထိရက်စရာမရှိအောင် ခမ်းနားလိုက်တာမှ မပြောပါနဲ့တော့။ ချို့ရထားတဲ့လက်ဆောင်တွေက ဒါတွေနဲ့ယှဉ်လိုက်ရင် ဘာမှမဟုတ်တော့သလို ပါမွှားလေးတွေပဲရှိတာပါ"

"သမီးရယ်. . . သမီးပဲ သွားနေချင်ရင် မေမေ. . . ကိုကြီးကိုပြောပေးပါ့မယ်"

"ဟင့်အင်း. . . ဘဘကြီးက ချို့ကိုပြောလိုက်တယ်မေမေရဲ့။ အချိန်တန် နင့်မိဘဆီကအမွေ နင်ရမှာတဲ့။ ငါ့ဆီကတော့ ဘာမှမမျှော်လင့်နဲ့တဲ့။ နင်လိုချင်တိုင်းငွေကို ငါအလကားမပေးနိုင်ဘူး





တဲ့။ သားကြီးအတွက် စီစဉ်ထားတာတွေရှိသလို ဖြူ့အတွက် အနေအရာရာအဆင်ပြေအောင်လုပ်နေတာကို လာမနှောင့်ယှက်နဲ့တဲ့ မေမေရယ်။ ချို့က ဘဘကြီးရဲ့တူမမဟုတ်တဲ့အဟိုင်း နှစ်ပြားတန်အောင် အပြောခံလိုက်ရတာပါ"

"သမီးရယ်. . . သမီးလိုချင်တာကို ဘဘကြီးဆီက မရပေမယ့် မေမေတို့ဖြည့်ဆည်းပေးနိုင်ပါတယ်။ တိတ်ပါသမီးရယ်"

"မေမေတို့ဆီက ရသမျှကိုလည်း သုံးပုံခွဲပြီး ယူရမှာမဟုတ်လားမေမေရဲ့။ ဘယ်လောက်များရမှာမို့လဲ။ ဘယ်ဘက်ကပဲကြည့်ကြည့်. . . သူ့ဘက်က အသာချည်းပဲ။ ချို့မနာလိုဘူး။ ချို့လုံးဝမနာလိုဘူးမေမေရယ်"

မေမေက မနေခဲ့ချို့ကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်လေသည်။ ချို့ရယ်. . . ချို့ထင်ထားသလိုတွေ အမှန်တကယ်ဖြစ်လာမယ်လို့များ ထင်ထားသလားကွယ်။ ကျွန်မမှာ ဘယ်လိုရောဂါ၊ ဘယ်လိုဝေဒနာတွေ ခံစားနေရတယ်ဆိုတာကို ချို့သိလို့လား။

ဒေါက်တာမိုးစပယ်ကို ရှိခိုးတောင်းပန် ဖုံးဖိထားရတဲ့ ကျွန်မရဲ့လျှို့ဝှက်ချက်ကို ချို့သိခဲ့ရင် ဒီလိုမျိုးပြောနိုင်ပါဦးမလားကွယ်။

ရင်ဘတ်ဆိမ့ စူးခနဲအောင့်သက်သွားခြင်းကြောင့် မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွေပြာသွားသည်မို့ တိုက်နံရံကို ကျောမှီကပ်လိုက်ရင်း မျက်စိတို စုံမှိတ်ထားလိုက်ရသည်။ နားထဲမှာ ကိုကို့ခေါ်သံကို တိုးသဲ့သဲ့မျှ ကြားနေရ၏။ ကိုကို. . . ကျွန်မ ဒီမှာပါ။

"ဖြူလေး. . . ဖြူလေးရေ. . . ဘယ်မှာလဲ။ နင်တို့ဖြူလေး မရှိတာကိုတောင် တစ်ယောက်မှမသိကြဘူးလား။ အသုံးမကျတဲ့ ဟာတွေ လိုက်ရှာကြစမ်း။ မတွေ့လို့ကတော့ အကုန်နာပြီသာမှတ်။ တောက်. . . ဖြူလေးရေ"

စိတ်ထဲမှအကြိမ်ကြိမ်ပြန်ထူးနေသော်ငြား နှုတ်ခမ်းဝမှအသံ တို့က ထွက်မလာခဲ့။ တလှပ်လှပ်ဖြစ်လာသည့်ရင်ဘတ်ကို အသာဖိ လိုက်စဉ် အိမ်ပြင်သို့ထွက်လာသည့်ကိုကို့အသံကို ပီပြင်စွာကြား လိုက်ရသည်။ ညနေမှောင်ရီပျိုးစအချိန်မို့ အိမ်ဘေးမီးတွေ ဖျတ်ခနဲ လင်းသွားစဉ် သူမ ခွေယိုင်၍လဲကျသွားလေ၏။

"ဖြူလေး"

သဲ့သဲ့မျှခေါ်သံအကြားမှာ ကိုကိုဆီးပွေ့လိုက်တာကိုသာ နောက်ဆုံးသိလိုက်ရလေသည်။

လောကကြီး မှောင်မိုက်သွားပါလေရောလား။

❁ ❁ ❁



## အခန်း ( ၁၅ )

လေးပင်သည့်မျက်လုံးအစုံကို ဖွင့်လိုက်စဉ် စိုးရိမ်တကြီး ငေးငင့်ကြည့်နေသည့်မျက်နှာတွေကို မြင်လိုက်ရလေ၏။ ဖေဖေ၊ မေမေ၊ ဒေါက်တာမိုးစပယ်. . .။

"သမီးကြီး. . . နေရတာသက်သာရဲ့လား။ ရင်ထဲမှာ ဘယ် သို့နေသေးလဲ၊ တော်တော်အောင့်နေသေးလားဟင်"

သူမ ခေါင်းကိုအသာခါယမ်းပြလိုက်စဉ် ကိုကိုက သူမလက် ဖျားလေးကိုဆုပ်ကိုင်ရင်း မျက်ရည်ပေါက်ခနဲကျလာလေ၏၊

"မငိုပါနဲ့ကိုကို။ ကျွန်မ ဘာမှမဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမျိုး ဘယ်အချိန်ထိ ကိုကို့ကိုညာနေဦးမှာလဲ. . . ဖြူလေးရယ်။ တော်သေးတာပေါ့။ ကိုကို အချိန်မီဆီးပွေ့လိုက်နိုင်လို့ မဟုတ်ရင်တော့ ခေါင်းနဲ့အုတ်ဘောင်ရိုက်မိပြီး အုပ်ဆက်ပွင့်မှာ မလွဲဘူး"

"သမီးရယ်. . . ဒီကိစ္စက ဖုံးကွယ်ထားသင့်တဲ့ကိစ္စမှမဟုတ်ဘဲ။ ကိုကြီးသာသိသွားရင် ဖေဖေတို့အပြောခံလိုက်ရမယ့်ဖြစ်ခြင်း အတော်နေရက်တယ်လို့"

"ကျွန်မကိုမပြောပါနဲ့လို့ သူဖုံးထားတာပါ။ ဒေါက်တာ. . . အားလုံးကို သူ့ကြောင့် စိတ်မဆင်းရဲစေချင်လို့ပါဆိုလို့ ကျွန်မရေငုံနှုတ်ပိတ်ထားရတာပါ"

"ဟုတ်ကဲ့. . . ကျွန်တော်နားလည်ပါတယ် ဒေါက်တာရယ်။ သမီးက နဂိုကတည်းက မြုံစိစိလေးအမြဲနေတတ်လို့ ခုလိုတွေဖြစ်ကုန်တာပါပဲ"

"အဲဒါတွေ အားလုံးဟာ အငယ်မကြောင့်ပါပဲလေ။ သမီးနှစ်ယောက်ကြားမှာ မေ, ညပ်နေရတာကြာပြီ။ မေ, အရမ်းခေါင်းခဲတာပဲ။ တစ်ယောက်က မနာလိုစိတ်တွေနဲ့ ပူလောင်၊ တစ်ယောက်က ဘယ်သူမှမသိစေအောင် တိတ်တိတ်လေးကြိတ်ခံစားပြီးတော့ ရောဂါရ၊ သမီးရယ်. . ။ သမီးခံစားနေရတဲ့ဝေဒနာတွေကို မေမေသာ ယူလိုက်ချင်တော့တာပါပဲ"

"မပြောပါနဲ့မေမေရယ်။ ကျွန်တော် ရင်ကွဲရပါလိမ့်မယ်"

မေမေက မျက်ရည်ကို တို့တ်သုတ်လိုက်လေ၏။ သူမ သတ်သာသွားပြီမို့ ဒေါက်တာမိုးစပယ်ပြန်သွားတော့ မိနီက အိမ်ရှေ့အထိ ပြန်လိုက်ပို့လေသည်။ စိုးရိမ်တကြီးစောင့်ကြည့်နေသည့်ကိုကိုသာ သူမလက်ကို ယခုတိုင်လွှတ်မပေးသေးချေ။

"မနက်ဖြန် ဖြူလေးကို ဘဘကြီးဆီသွားပို့ရင် ကျွန်တော်ပါ ပြောင်းမယ်ဖေဖေ"

"သား"

"ကျွန်တော်. . . မိချိုမျက်နှာကို မမြင်ချင်တော့ဘူး။ အဲဒါအမှန်ပဲ။ မေမေ မတားပါနဲ့။ သူ့မျက်နှာကိုကြည့်ပြီး နေ့တိုင်းစိတ်ညစ်စိတ်ဆင်းရဲရမယ့်အစား အဝေးမှာနေလိုက်တာက ကျွန်တော့်အတွက် ပိုပြီးကောင်းပါတယ်။ ပြီးတော့ ဘဘကြီးကလည်း လက်ခံမှာပါ"

"သားရယ်. . . ချိုဟာလည်း သားရဲ့ညီမလေးပါပဲ။ သူ့နေရာကိုလည်း ဝင်ခံစားကြည့်ပေးပါဦး"







www.burmeseclassic.com

www.burmeseclassic.com



"မခံစားပါရစေနဲ့တော့မေမေ. . . တော်လောက်ပါပြီ။ သူ့ကြောင့် ဖြူလေးမှာ ဒီလိုနှလုံးရောဂါစွဲကပ်ခဲ့ရတာ မေမေ့အပြင်ပဲမဟုတ်လား။ ကျွန်တော့်ကြောင့် ဒုက္ခတဘဝရောက်ခဲ့ရတဲ့ ညီမလေးကို သူ့ကြောင့်ရခဲ့တဲ့ဝေဒနာနဲ့တော့ အဆုံးရှုံးမခံပါရစေနဲ့။ ကျွန်တော့်ကိုနားလည်ပေးပါဗျာ"

"သားရယ်"

ဖေဖေက ကိုကို့ပခုံးကိုအသာပုတ်၍ နှစ်သိမ့်ပေးလိုက်ပေမယ့် ကိုကို့ပါးပြင်ထက်ရှိ မျက်ရည်တို့ကတော့ မရပ်တန့်သေးချေ။

"မပြောနဲ့တော့ကိုကို။ မေမေတို့ကိုသနားပါ"

"ဖြူလေးထက် သနားရမယ့်သူမျိုး လောကမှာရှိနိုင်ပါတော့မလား။ ကိုကိုသိပ်ချစ်တဲ့ဖြူလေးအတွက်ဆိုရင် ဘာပဲလုပ်ပေးရ လုပ်ပေးရ၊ တုံးတိုက်တိုက်ကျားကိုက်ကိုက် တစ်ဇွတ်ထိုးလုပ်လိုက်ချင်ပါတယ်ဖြူလေးရယ်"

သူမပါးပြင်ထက် မျက်ရည်တွေ စီးကျသွားတော့ ကိုကိုက အလန့်တကြားဖြင့် သူမကိုယ်လုံးသွယ်သွယ်လေးကို သိမ်းကျုံးပွေ့ထားလိုက်လေ၏။

"ဖြူလေးမငိုပါနဲ့ ဖြူလေးရယ်။ ဖြူလေးမကြိုက်ရင် ကိုကို





ခပြောတော့ပါဘူး။ လုံးဝမပြောတော့ပါဘူး. . . နော်. . . နော်"

"သား. . . ဖြည်းဖြည်းလေ။ ညီမလေးက နေမကောင်းဖြစ်နေတာ ယုံ့ယုံ့လေးပဲရှိတော့တာသိရဲ့သားနဲ့"

ဖေဖေ့အသံတိုးတိုးအကြားမှာ နာရီမှ ည (၉)နာရီထိုးသံသဲ့သဲ့ကိုကြားလိုက်ရလေ၏။

"ဖေဖေ. . . မနက် duty ရှိတယ်မဟုတ်လား။ သွားအိပ်ပါတော့။ မေမေလည်း သွားနားတော့နော်"

"မေမေ သမီးကိုစောင့်မှာပါ"

"မစောင့်ပါနဲ့မေမေ။ ကျွန်တော်ပဲ စောင့်ပါ့မယ်။ မေမေလည်းပင်ပန်းနေပါပြီ။ သွားအိပ်ပါတော့"

ဖေဖေနှင့်မေမေက သူမနဖူးလေးကိုငုံ့နမ်း၍ အိမ်ပေါ်ထပ်သို့တက်သွားလေ၏။ မိုးနှံ့ကြောင့် ကိုကိုက ပြတင်းတံခါးတွေကိုပိတ်လိုက်ပြီး သူမကို ဂွမ်းစောင်ထူထူလေးခြုံပေးလေသည်။

စာမေးပွဲတွင်း ပင်ပန်းလာသည့်အရှိန်ကြောင့်ထင့်၊ ခဏအကြာမှာ သူမလက်ကိုကိုင်၍ ထိုင်ခုံမှာထိုင်ကာ ခုတင်ပေါ် ခေါင်းတင်လျက် ကိုကိုအိပ်မောကျသွားလေ၏။

ဆေးရှိန်ဖြင့် မှေးခနဲအိပ်ပျော်သွားစဉ် ခုတင်ဘေးစားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ထက်ရှိ ကိုကို့ Hand Phone မှ သံစုံမြည်လာလေ၏။ ဆတ်ခနဲ လန့်နိုးသွားရပြီး ကိုကို့ကိုကြည့်လိုက်တော့ ကိုကိုက အတော့်ကို အိပ်မောကျနေလေပြီ။ ကိုယ်ခန္ဓာကို ခေါင်းရင်းဘက် အသာရွှေ့လျက် ကိုကိုဆုပ်ကိုင်ထားသည့်လက်ကို အသာဆွဲထုတ်ယူလိုက်၏။ စားပွဲထက်ရှိ ဖုန်းကိုယူ၍ သူမအသာဖွင့်လိုက်ပါသည်။

"ဟဲလို. . . အစ်ကိုလား၊ မနောအိပ်ပျော်နေပြီလားဟင်။ ကျွန်တော် အိမ်ဖုန်းကိုခေါ်နေတာ ဆယ်မိနစ်ကျော်နေပြီ။ ဒါနဲ့ အစ်ကို့ Hand Phone ကိုခေါ်လိုက်မိတာပါ"

"ကျွန်မ ပြောနေပါတယ်ကျော်"

"ဟာ. . . မနောလား၊ ကြည့်စမ်း. . . ကျွန်တော်က မနော အိပ်ပျော်သွားပြီထင်လို့. . . ဝမ်းသာလိုက်တာ၊ မနော, အစ်ကို့ ဖုန်းယူထားတာလား"

"မဟုတ်ပါဘူး။ ကိုကိုက ကျွန်မကိုစောင့်ရင်း အိပ်ပျော်နေလို့ပါ"

"စောင့်ရင်းဆိုတော့ မနောဘာများဖြစ်လို့လဲ,ဟင်"

သူမ သက်ပြင်းမောကိုချလိုက်မိ၏။ ကျော်ရယ်. . . ကျွန်မ ခံစားနေရတဲ့ဝေဒနာတွေကို ဖွင့်ပြောလိုက်ရင် ကျော်ဝမ်းသာနေ





တဲ့စိတ်ကလေးအဝေးကို လွင့်ပြယ်သွားရပါလိမ့်မယ်ကွယ်။

"မနော. . . ပြောပါဦး"

"ဒီလိုပါပဲ. . . နည်းနည်းပါးပါးဖျားတာပါ"

"ဟုတ်ရဲ့လား. . . မနောရယ်။ မနောအသံလေးကိုက အားမရှိသလို တိုးသဲ့သဲ့လေးဖြစ်နေတာ၊ ဘာဖြစ်လို့လဲ ပြောပြပါလား။ ကျွန်တော်စိုးရိမ်လာပြီ"

"ဒီလိုပဲ မကြာခဏဖြစ်တတ်ပါတယ်ကျော်ရဲ့၊ စိုးရိမ်စရာ မရှိပါဘူး။ ရပါတယ်"

"သေချာလို့လား မနောရယ်။ ကျွန်တော်စိတ်ပူမှာစိုးလို့များ ဖော့ပြောနေတာလား"

သူမ လှစ်ခနဲပြုံးလိုက်မိ၏။ ဒီကောင်လေးတော့ စာမေးပွဲ ပြီးတာတောင် ပူပန်စိတ်တွေမလျော့သေးပါလားနော်။

"ကိုကို့ကို ဘာပြောပေးရမလဲ"

"အာ. . . အစ်ကိုနဲ့ပြောချင်လို့ဆက်တာမှမဟုတ်ဘဲ မနောရဲ့"

"ဒါဖြင့် ဘယ်သူနဲ့ပြောမလို့လဲ"

"မနောနဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စ"

သူ့ဘက်မှ ချက်ချင်းအသံတိတ်သွားသဖြင့် သူမ ကျိတ်ပြုံး လိုက်မိပြန်၏။ ကျော်, ရှင်တစ်ယောက်တည်းကျိတ်ပြီး ရှက်မငုံခဲ့ ဖြစ်နေပြီလားကွယ်။

"မနော"

"ရှင်"

"ကျွန်တော်. . . ကျွန်တော်. . . မနောကို"

"ကိုကိုနိုးသွားပြီ။ ကိုကိုနဲ့ပြောလိုက်နော်"

"ဟာ. . . မရဘူးလေကွာ။ ဟဲလို. . . ဟဲလို. . . မနော, ဒီလိုတော့မရက်စက်ပါနဲ့"

သူမ ဖုန်းကိုလက်ဖြင့်အုပ်၍ ခပ်တိုးတိုးရယ်မောလိုက်မိ၏။ စိတ်ချမ်းသာလိုက်တာနော်။ သူ့လက်ကိုဆွဲကိုင်ပြီး ဘဝလမ်းခရီးကိုလျှောက်ခွင့်ရလျှင်ဖြင့် သူမလောက်ပျော်မယ့်လူ, လောကမှာ ရှိတော့မယ်မထင်ပါဘူး။ သူမ ဖုန်းကိုအသာပြန်နားထောင်လိုက်ပါ၏။ တစ်ဖက်မှ သူ့အသံသြသြက တိုးသဲ့စွာပေါ်လာလေတော့သည်။

"မနောကို ကျွန်တော်သိပ်ချစ်တယ်"





". . . . . ."

"ကျေးဇူးပြု၍ ကျွန်တော့်အချစ်ကို လက်ခံပြီးတုံ့ပြန်ပေးပါ မနောရယ်။ ကျွန်တော်လေ. . . မနောရဲ့လက်ဖဝါးလေးကို အိပ်မက်ထဲမှာပဲ ဆုပ်ကိုင်ခွင့်ရခဲ့တာကြာပါပြီ။ အပြင်မှာ မနောရဲ့လက်လေးကို ပိုင်ပိုင်ကိုင်ခွင့်လေး ပေးလှည့်ပါ။ တကယ်လို့များ မနော ကျွန်တော့်ကိုအဖြေပြန်ပေးရင် ကျွန်တော်သိပ်နှစ်ခြိုက်တဲ့ မိုးပြာရောင်ဝတ်စုံလေးကိုဝတ်ပြီး. . . ကျွန်တော့်ကိုလာတွေ့ပါနော်။ ကျွန်တော်, မနောရဲ့ပတ်ဝန်းကျင်မှာ အမြဲမပြတ်ရှိနေမှာအမှန်ပါ။ I love what nobody else love. Let me have a chance to choose the present life. (ဘယ်သူမှ မချစ်တဲ့အချစ်မျိုးနဲ့ မင်းကို, ကိုယ်ချစ်တယ်။ သာယာတဲ့ဘဝလေးကို ကိုယ်ရွေးချယ်ခွင့် ရပါရစေနော်)"

တစ်ဖက်မှ ဖုန်းပိတ်လိုက်သံကိုကြားလိုက်ရ၏။ တလှပ်လှပ်နှင့် ခုန်ပေါက်နေသည့်ရင်ခုန်သံကို တငြိမ့်ငြိမ့်ခံစားနေရရင်း သူမ ချွေးစီးတွေ ပျံတက်လာလေသည်။ ဘုရားရေ. . . ဝမ်းသာတဲ့ဒဏ်ကိုတောင် ဒီနှလုံးက မခံနိုင်တော့ဘူးလား။ ဖုန်းကို စားပွဲထက်ပြန်တင်လိုက်ပြီး ဆေးဘူးကို လှမ်းယူလိုက်စဉ် ကော်ဆေးဘူးလေး



www.burmeseclassic.com

www.burmeseclassic.com



က သူမလက်ထဲမှချော်ကျကာ သမံတလင်းပေါ် ဒေါက်ခနဲကျသွားလေ၏။

ဖျတ်ခနဲနိုးသွားသည့်ကိုကိုက ခုတင်အောက်သို့ ကိုင်းလိုက်သည့်သူမကို ဆွဲဖမ်းလိုက်လေ၏။ လူက ပျော့ခွေလျက် ကိုကို့ရင်ခွင်ထဲသို့ ထွေးခနဲလဲကျသွားလေသည်။

"ဖြူလေး. . . ဖြူလေး. . . ဘာဖြစ်လဲ"

"ဆေး"

"ဆေး. . . ဟုတ်လား၊ နှလုံးအောင့်ပြန်ပြီလား"

"အင်း"

ကိုကိုက သူမကို ကျောမှီထိုင်ခိုင်းလိုက်ပြီး ဆေးဘူးထို ကောက်၍ဖွင့်ကာ ဖန်တကောင်းထဲမှ ရေအေးအေးကိုငှဲ့၍ ဆေးတိုက်လေ၏။ ရေဖြင့် ဆေးကိုမျှောချလိုက်ပြီး သူမမျက်လုံးအစုံပိတ်ထားလိုက်သည်။ ကိုကိုက နေရာရွှေ့နေသည့်ဖုန်းကို ကောက်ယူ၍ Phone Call ကို စစ်ကြည့်လိုက်ပါ၏။

"ဟာ. . . ဒါ ညီဖုန်းနံပါတ်ပဲ။ ဖြူလေး, ညီနဲ့ဖုန်းပြောနေတာပေါ့လေ"

သူမ ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်၏။ မျက်လုံးကို ခ





ဖြည်းဖြည်းပြန်ဖွင့်လိုက်စဉ် စိုးရိမ်တကြီးစိုက်ကြည့်နေပါသည့် ကိုကို့မျက်ဝန်းတို့ကို မြင်နေရလေသည်။

"သူ့, ဖြူလေးကိုဘာတွေပြောလိုက်လို့လဲ"

တစ်ယောက်တည်းညည်းသလိုပြောလိုက်သည့် ကိုကို့ကြောင့် သူမသဘောတကျပြုံးလိုက်မိလေ၏။

"အမယ်. . . ငါ့ညီမ သဘောကျနေပုံထောက်ရင် မရိုးသားတော့ဘူး။ ပြောစမ်း. . . ပြောစမ်း. . . ကိုကို့ကို ညာလို့ရမယ်ထင်နေလား"

"ဟင့်အင်း"

"ပြောပါကွာ. . . ဖြူလေးက လိမ္မာပါတယ်၊ ကိုကို့အချစ်ဆုံးညီမလေးကလည်း"

သူမ, ထိန်းမထားနိုင်တော့ဘဲ ရယ်ချလိုက်မိတော့ ကိုကိုက အသည်းတွေယားလာသည်ထင့်. . . သူမလက်မောင်းလေးနှစ်ဖက်ကို ဆုပ်ညှစ်လိုက်လေသည်။

"အား. . . နာတယ်"

"ပြောလေ"

"ဟင်းဟင်း. . . ကျွန်မကို ကျော်က သိပ်ချစ်တာပဲတဲ့၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကိုလက်ခံပေးပါတဲ့ကိုကိုရဲ့"

"ဟား. . . ဟား. . . ဟား. . . ဒါကြောင့် ကိုကို့ညီမ ရင်ခုန်သံတွေ ပြောင်းပြန်ဖြစ်တုန်တော့တာကိုး၊ ကြည့်စမ်း. . . မျက်နှာလေးကို ရဲနေတာပါပဲလား၊ သူ့ကို ချက်ချင်းအဖြေများ ပေးလိုက်လား. . . ဖြူလေးရယ်"

"အာ. . . ပေးပါဘူး. . . ကိုကိုကလည်း၊ ရှက်စရာကြီး"

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီ၊ ရင်ထဲကတော့ ခေါင်းညိတ်ထောက်ခံနေပြီမဟုတ်လား"

ကိုကိုက သူမနဖူးကို ချစ်စနိုးထုလိုက်ပြီး တီးတိုးရယ်မောလိုက်လေ၏၊ ကျော်ရယ်. . . စိတ်ကူးယဉ်နေရှာလေးနဲ့တင် ကျွန်မ ဒီလောက်ကြည်နူးနေရတာ၊ ကျော်နဲ့ တရားဝင်လက်တွဲခွင့်များ ရရင်တော့ ဘယ်လောက်တောင်မှ မိုးမမြင်လေမမြင် ပျော်လိုက်မလဲမသိတော့ပါဘူး၊

ဩော်. . . ကျော်ရယ်၊ ကျွန်မက စိတ်ကူးနဲ့ပဲရူးနေရတဲ့သူတစ်ယောက်ပါလေ၊

❁ ❁ ❁



## အခန်း ( ၁၆ )

အဲဒီရက်နောက်ပိုင်းမှာတော့ သူမရောဂါကိုသက်သာအောင် ရှုစိုက်ကုသမှုခံယူနေရသည်မို့ သူနှင့်ဖုန်းသိပ်မပြောဖြစ်တော့ပါ၊ သူတို့ကျောင်းတွေလည်းပိတ်ထားပြီမို့ ကိုကို့ဆီကိုလည်း စာလာမေးတော့ပါချေ၊ သူမရှိနေသည်မို့ မျက်နှာပူ၍ပဲလားတော့မသိ၊ အိမ်ကိုလာမလည်သလို သူမကို စဉ်းစားဖို့အချိန်များပေးထားလေသလား၊ ဖုန်းလည်းမဆက်၊ အဆက်အသွယ်ပြတ်တောက်နေသလို ဖြစ်နေလေသည်။

ဘဘကြီးဆီ ဒီရက်ပိုင်းအတွင်းပြောင်းတော့မည်မို့ ညှို့ခန်း



www.burmeseclassic.com

www.burmeseclassic.com



က စန္ဒရားကြီးကို အရင်ရွှေ့ပြီးနေလေပြီ။ အဝတ်ဗီရိုတစ်လုံး တော့ ဟိုအိမ်မှာရောက်နေပြီဖြစ်၍ အိမ်နေနှင့် ခပ်လတ်လတ် ဝတ်စုံတွေသာ ဒီမှာကျန်နေခဲ့၏။ သိပ်မကောင်းတော့သည့်ကြိုး သိုင်းဖိနပ်တွေကိုဖယ်၍ ကောင်းသည့်ဖိနပ်တွေကိုရွေးနေစဉ် အိမ် ရှေ့မှာ ကားရပ်လိုက်သံကိုကြားလိုက်ရလေသည်။

ဘယ်သူတွေများပါလိမ့်. . . တော်ပါသေးရဲ့။ အိမ်ရှေ့ဧည့် ခန်းမှာ ဖေဖေရောမေမေပါ ထမင်းစားပြီး၍နားနေချိန်မို့ သူမ ထွက်ကြည့်စရာမလိုတော့ချေ။ မိနီက သူမဖိနပ်တွေကို brushဖြင့် ဖုန်သုတ်၍ စက္ကူပုံးထဲစီထည့်နေရာမှ သူမကိုမော့ကြည့်လိုက်လေ၏။

"မိနီခဏသွားဦးမယ်နော်မမဖြူ။ တော်ကြာ. . . မေမေ အော်ခေါ်နေရမှာစိုးလို့ပါ"

"အေးအေး. . . သွား။ အအေးတွေဘာတွေ ချပေးပြီးရင် တော့ပြန်လာနော်။ ဒီမှာ မမ coat တွေ ခေါက်သိမ်းရဦးမှာ"

"ဟုတ်ကဲ့"

မိနီထွက်သွားတော့ သူမ ခုတင်ပေါ်ထိုင်နေရာမှ ထရပ် လိုက်ပြီး မွေးပွအရုပ်လေးတွေကို နေရာအနှံ့အပြားမှလိုက်စု၍





မွေ့ရာပေါ်မှာ စုပုံလိုက်ပါသည်။ နားရွက်ရှည်ရှည်နှင့်ယုန်ဖြူလေး ကို အသာမွေ့ဖက်၍ ခပ်ဖွဖွနမ်းရှိုက်လိုက်ပါ၏။ ဒါ့ သူမအသက် (၁၉)နှစ်ပြည့်တုန်းက ကိုကိုဝယ်ပေးခဲ့တဲ့မွေးနေ့လက်ဆောင်လေး မဟုတ်လား။

တော်တော်ကြာသည်အထိ မိနီပြန်ပေါ်မလာသဖြင့် သူမ အခန်းထဲမှထွက်လာခဲ့သည်။ ကြီးကြီးမြနှင့် အခန်းဝမှာဆုံသွားရ သဖြင့် သူမစပ်စုလိုက်မိ၏။

"ကြီးကြီးမြ. . . မိနီရော"

"ဧည့်သည်တွေကိုထမင်းကျွေးမယ်ဆိုလို့ ဝိုင်းကူပြင်နေတယ် သမီးရဲ့"

"ဩော်. . . ဘယ်ကဧည့်သည်တွေလဲ"

"သားကြီးဆီ မကြာမကြာစာလာလာမေးတတ်တဲ့ ကောင် လေးမိသားစုလေ"

"ဟင်. . . ဟုတ်လား။ မေမေက ဘာမှလည်းကြိုမပြောထား ဘဲနဲ့"

"မမမေလည်း ကြိုမသိထားဘူးသမီးရဲ့။ ခုချက်ချင်းအမြန် စီစဉ်ခိုင်းလို့ပါ။ ကြီးမြ သွားချက်ဦးမယ်သမီးရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

သူမ အိမ်ရှေ့ဧည့်ခန်းလိုက်ကာနောက်မှာကွယ်၍ ချောင်းလိုက်မိ၏။ သူနှင့်အတူ သူ့မိဘနှစ်ပါးကိုပါမြင်နေရလေသည်။

ကြည့်စမ်း. . . အတော့်ကိုထူးခြားတာပါလား။ သူမကောင်လေးက ဒီနေ့မှ ရှပ်ဖြူလက်ရှည်ကို ရခိုင်ပုဆိုးလေးနှင့်တွဲဝတ်လာတာကြောင့် အင်မတန်ရှင်းသန့်ကာ ကြည့်ကောင်းနေလေသည်။

"အေးအေးဆေးဆေးပဲမဟုတ်လား ကိုအောင်ကျော်မင်း။ ခဏနေ သားပြန်လာတော့ ထမင်းစားကြမယ်လေ"

"ဟာ. . . နေပါစေဒေါက်တာရယ်။ အားနာစရာကြီး"

"ဒီလူနဲ့ဒီလူ အားနာစရာမှမဟုတ်ဘဲရှင်။ ခဏလေးစောင့်ပါနော်. . . မကြာပါဘူး"

မေမေက ထိုင်နေရာမှ ဖျတ်ခနဲထလာသဖြင့် လိုက်ကာနောက်မှာ ကွယ်ရပ်နေသည့်သူမကိုမြင်သွားလေသည်။

"ဟဲ့. . . ဩော်. . . လန့်လိုက်တာသမီးရယ်။ အပြင်ထွက်ချင်လည်းထွက်လေ။ ဒီမှာဘာရပ်လုပ်နေတာလဲ"

"ဟင့်အင်း"

မေမေက ဘာမှဆက်မပြောတော့ဘဲ မီးဖိုခန်းထဲသို့ စီစဉ်





စရာရှိတာကိုစီစဉ်ရန် ဝင်သွားလေ၏။ သူမ,ရပ်နေရာမှ အသာခွာတာ အခန်းထဲပြန်ဝင်လာခဲ့သည်။

ဘာလာလုပ်တာတဲ့လဲ. . .။ ခါတိုင်းလို T-shirt တွေ Pants တွေနှင့်မဟုတ်ဘဲ မြန်မာဆန်ဆန်ဝတ်လာပုံကိုက ထူးဆန်းနေလေ၏။ ဘာကိုမှစဉ်းစား၍မရနိုင်ဘဲ ခေါင်းထဲမှာ မေးခွန်းတွေက သို့လောသို့လောဖြစ်နေလေသည်။

"ဒေါက်!. . . ဒေါက်! "

Lock ချထားသည်မို့ တံခါးကိုဖွင့်ပေးလိုက်တော့ အခန်းဝမှာ ကိုကို့မျက်နှာပေါ်လာလေ၏။

"ဖြူလေး. . . စားပြီးပြီလား"

"ဟင့်အင်း. . . ကိုကို့ကိုစောင့်နေတာလေ"

"ဒါဆို ညီတို့နဲ့အတူတူ တစ်ခါတည်းဝင်စားလိုက်ပါလား"

"အာ. . . မစားချင်ပါဘူး။ ကိုကိုပဲဝင်စားလိုက်ပါ။ ကျွန်မနောက်မှပဲစားတော့မယ်"

"ဖြူလေး. . . ဆာနေမှာပေါ့"

"မဆာပါဘူး။ ကျွန်မ, မနက်က ခေါက်ဆွဲပြုတ်တွေသောက်ထားတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကိုကို, ညီတို့နဲ့ဝင်စားလိုက်မယ်နော်။ ပြီးမှ. . . မြ လေးကို, ကိုကိုခွဲ့ကျွေးမယ်သိလား"

"ဟုတ်ကဲ့"

"ညီတို့ ဘာကိစ္စနဲ့လာတာလဲသိလား"

"ဟင့်အင်း. . . ဘယ်သိမှာလဲကိုကိုရဲ့၊ ကိုကိုသိရင် ပြောပြ မှပေါ့"

"ကိုကိုက ရိပ်မိရုံပါကွာ၊ သိပ်မသေချာသေးပါဘူး၊ ကဲ. . . ကိုကိုသွားတော့မယ်၊ နောက်မှပြောပြမယ်လေနော်"

"ဟုတ်"

ကိုကိုထွက်သွားပြီး သိပ်မကြာခင်မှာ သူမအခန်းရှေ့မှဖြတ် လျှောက်သွားသည့်ခြေသံတွေကို ကြားလိုက်ရသဖြင့် အခန်းထဲမှာ သူမငြိမ်နေလိုက်မိသည်၊ အမယ်လေး. . . ရင်တွေတုန်လိုက်တာ နော်၊ ဘာမှန်းတောင်မှ ရေရေရာရာမသိရသေးဘူး၊ ခြေဖျားလက် ဖျားတွေတောင် အေးချင်လာပါရောလား၊

"သုံးဆောင်ကြပါရှင်. . . အားမနာပါနဲ့၊ မသဇင်လည်း ဝအောင်စားပါနော်။ ဟင်းတွေ အစပ်အဟပ်တည့်ရဲ့လားမသိဘူး တစ်ယောက်နဲ့တစ်ယောက်အကြိုက်မတူကြသလို ဟင်းချက်ပုံချင်း





ညီးလက်ရာလည်း ကွာတယ်ဆိုတော့လေ"

"မေတို့ရော မစားဘူးလားကွယ်"

"မေတို့က စားပြီးပြီမသဇင်ရဲ့၊ ဒီနေ့မှ ထမင်းကိုစောစော စားဖြစ်သွားတာ၊ ကိုအောင်ကျော်မင်း သုံးဆောင်ပါနော်၊ ဟင်း တွေကြိုက်ရဲ့လား"

"ကြိုက်ပါတယ်ဗျာ. . . အားလည်းနာတယ်၊ စားလို့လည်း ကောင်းတယ်ပြောရမလိုဖြစ်နေပါပြီ. . . ဟင်း ဟင်း. . .၊ ဟင်း တွေထက် ဒီတို့ဟူးသုပ်လေးက ပိုအရသာရှိနေသလိုပါပဲ၊ တော် တော်စားကောင်းတယ်"

"ဟော. . . ထင်တော့ထင်သား။ မေတို့လည်း ဒီအသုပ်နဲ့ ထမင်းမြိန်သွားရတာပါပဲ။ ဒါ, သမီးရဲ့လက်ရာလေ. . . ကြိုက်တယ် ဆို"

"ကြိုက်တယ်. . . ကြိုက်တယ်။ သမီးကတော်လိုက်တာနော်၊ ဆီချက်နံ့လေးက မွှေးနေတာပဲ"

"သမီးက ဟင်းချက်တာထက် ဒီလိုအသုပ်လေးတွေ သုပ်ရ တာတို သိပ်ဝါသနာပါတာ၊ ထမင်းစားတိုင်း တစ်မျိုးပြီးတစ်မျိုး မွှေ့အောင်ကို သုပ်ကျွေးတတ်တယ်ရှင့်၊ နောက်တစ်ခါလာလို့ ကြုံ



www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ ခရမ်းချဉ်သီးသုပ်စားရမယ်နော်။ သမီးရဲ့ခရမ်းချဉ်သီးသုပ်ကိုစားပြီးရင် ဆွေမျိုးခုနစ်ဆက် မေ့သွားပြီသာမှတ်”

“အားပါးပါး. . . ညွန်းလှချည်လားဗျ။ စားရချည်သေးရဲ့ဗျာ”

ထမင်းဝိုင်းမှ ရယ်သံတွေထွက်လာလေ၏။ မေမေက သူ့ထိုမျက်စပစ်ပြလိုက်တော့ ထမင်းစားနေရာမှ ကျိတ်ပြုံးလိုက်မိ၏။ မေမေကတော့ ချွေးမလောင်းကို အမှတ်တွေတိုးပေးနေပြီမဟုတ်ပါလား။ ထမင်းစားပြီးသွားတော့ ဧည့်ခန်းမှာပြန်ထိုင်၍ အချိုတည်ခင်းဧည့်ခံလေ၏။ အုန်းနို့ကျောက်ကျောနှင့် လက်ဖက်သုပ်ကိုအနည်းငယ်စီစားသောက်အပြီး သူက မေမေ့ပေါင်ကိုအသာတို့လိုက်လေသည်။

“ဟဲ့. . . ဘယ်လိုဖြစ်နေတာတုန်းသားရဲ့၊ ပြောမှာပေါ့တကတည်း. . . လောလှချည်လား”

“ဘာများပြောခိုင်းနေတာလဲသားရဲ့”

“ဒီလိုပါ. . . မေရယ်။ သားကလေ. . . အင်း. . . ပြောရမှာတော့ မျက်နှာပူသား။ မပြောလို့ကလည်းမဖြစ်လို့ ပြောရမှာပါ။ သားအဖနှစ်ဦးစလုံးက ဇင့်ကိုပဲဦးတည်ခိုင်းတာကို”





“ဩော်. . . ပြောပါရှင်. . . ပြောပါ”

“ဟင်းဟင်း. . . ကိစ္စကတော့ သားရေးသမီးရေးကိစ္စပဲဆိုပါတော့။ သားက မေ့သမီးကို နှစ်သက်နေပြီဆိုတော့လေ. . . အဲဒါ. . . ကြောင်းလမ်းပေးဖို့ စကားလာပျိုးတာပါပဲမေရယ်”

“ဟောဗျာ. . . သားက ကျောင်းမှမပြီးသေးဘဲနဲ့”

“ဟုတ်ပါတယ်. . . ဒေါက်တာ။ သားနဲ့သမီးက သူတို့ချင်းမေတ္တာမျှပြီးနေပြီမို့ စိတ်မချဖြစ်နေလို့ပါတဲ့။ တရားဝင် လူသိရှင်ကြားမဟုတ်တောင် နှစ်ဖက်မိဘနှုတ်ကတိလေးရှိထားရင် ကျေနပ်ပါပြီလို့ ပူဆာလို့ပါဗျာ”

ဖေဖေနှင့်မေမေရော သန့်စင်ဖြူပါ တအံ့တဩတွေဖြစ်လျက် မျက်လုံးအစုံ ပြူးကျယ်သွားရလေ၏။ ကြည့်စမ်း. . . ဖြူလေး ဘယ်အချိန်ကများ အဖြေပြန်ပြီးပေးလိုက်တာပါလိမ့်။ အစ်ကို့ကိုတောင်မှ အသိမပေးဘဲ လျှို့ဝှက်တတ်နေပါရောလား။

“ခဏနေပါဦး။ သားနဲ့မေတ္တာမျှနေတဲ့သမီးက ဘယ်သူများလဲ”

“မနော. . . မနောပါ. . . အန်ကယ်”

“မနောဆိုတာ. . . ကျွတ်. . . ခက်တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဓာတ်ပုံထဲက တစ်ယောက်လေ. . . အန်ကယ်"

"ဟော! "

"သေချာရဲ့လား. . . သား။ အဲဒီဓာတ်ပုံထဲက တစ်ယောက်ဆိုတာဟုတ်ရဲ့လား"

"ဟုတ်ပါတယ်အန်တီ၊ ကျွန်တော်အဖြေပြန်ရတာ နှစ်ပတ်ပဲ ရှိပါသေးတယ်"

"နေဦး, ညီ၊ ညီအဖြေပြန်ရတာ ဖုန်းနဲ့လား၊ လူကိုယ်တိုင်လား"

"လူကိုယ်တိုင်ပါအစ်ကို။ ကျွန်တော့်ကို ကန်ဘောင်မှာချိန်းပြီးမှ အဖြေပြန်ပေးခဲ့တာပါ"

သန့်စင်ဖြူ ကွက်ခနဲမျက်နှာပျက်သွားရပြီး မေမေ့ကိုလှည့်ကြည့်ကာ ခေါင်းညိတ်ပြလိုက်ပါ၏။ မေမေလည်း မျက်နှာမကောင်းဖြစ်သွားတာကို မနည်းကြွန့်ဆည်နေရလေသည်။

"ဪ"

"အဲဒါ. . . ဒေါက်တာတို့ဘက်က ဘယ်လိုများသဘောထားသလဲဆိုတာလေး သိပါရစေခင်ဗျာ"

"ကျွန်တော်တို့ဘက်ကတော့ သားကို ငြင်းစရာမရှိပါဘူး။





တလေးက အင်မတန်လိမ္မာပြီး ပညာတော်တာကို သိပြီးသားပဲတာ"

"ဟုတ်ကဲ့. . . ကျေးဇူးတင်လိုက်တာဗျာ၊ တကယ်ပါပဲ"

သန့်စင်ဖြူ ထိုင်နေရာမှ လေးဖင့်စွာဖြင့်ထလာခဲ့မိ၏၊ မျှော်လင့်ထားသည့်မျှော်လင့်ချက်တို့က တစ်စစီလွင့်ပြယ်သွားခဲ့လေပြီ၊

ဖြူလေးရယ်. . . ၊ ကိုကို, ဖြူလေးကို ဘယ်လိုပြန်ပြောရပါမလဲ၊ ဘယ်လိုခံစားချက်မျိုးနဲ့ ဖြူလေးကို ဖြေသိမ့်ပေးနိုင်မှာတဲ့လဲ၊ ဖြူလေးရဲ့နှလုံးသားကို ရှင်းလင်းပြတ်သားစွာမြင်နေရတဲ့နောက်မှာ ဒီလိုကြေကွဲဖွယ်ရာဖြစ်ရပ်ကြီးနဲ့ ကြုံကြိုက်ရလိမ့်မယ်လို့ ကိုကိုအင်မထားမိတာ အမှန်ပါညီမလေးရယ်၊ ကိုကိုလည်း ဖြူလေးနဲ့ဆပ်တူကြေကွဲဝမ်းနည်းနေရတယ်ဆိုတာကို ညီမလေးသိနိုင်ပါ့မလားကွယ်၊

"ဟင်"

စည့်ခန်းထဲမှ အတွင်းကို လှမ်းဝင်လိုက်စဉ် နံရံတိုမှီ၍ရပ်နေသည့်ဖြူလေးကို ရုတ်တရက်တွေ့လိုက်ရလေ၏၊ သူမမျက်ဝန်းတို့သာ ရှေ့တူရူကိုငေးကြည့်နေရင်း ကြောင်စီစီကြီးဖြစ်နေလေသည်၊

"ဖြူလေး. . . ဖြူလေး"

လက်မောင်းနှစ်ဖက်ကိုဆုပ်ကိုင်၍ လှုပ်ခါလိုက်သဖြင့် သူမ



www.burmeseclassic.com

www.burmeseclassic.com



သတိဝင်သွားပြီး မျက်တောင်တို့ကို တဖျပ်ဖျပ်ခတ်လိုက်မိလေသည်။

"ကိုကို"

"ဖြူလေးရယ်"

သူမ ကိုကို့ရင်ခွင်ထဲသို့တိုးဝင်လျက် မျက်ရည်တွေက တာကျိုးသလို ဝေါခနဲစီးကျလာလေ၏။ ကိုကိုက သူမငိုသံကို အရှေ့မှကြားသွားမှာစိုးရိမ်သည်မို့ သူမကို စွေ့ခနဲပွေ့ချီ၍ အခန်းထဲခေါ်လာခဲ့လေသည်။ တံခါးကို lock ချလိုက်ပြီး ခုတင်ထက်မှာ သူမကို အသာအယာချပေးလေ၏။

"ဖြူလေးရယ်. . . ကိုကို ထင်ကိုထင်မထားတာ။ သူ. . . သူ. . . မိချိုနဲ့ ဘယ်တုန်းကတည်းက ရင်းနှီးသွားတာပါလိမ့်"

"ကျွန်မ, ကိုကို့ကိုပြောခဲ့ဖူးပါတယ်။ သူက ကျွန်မတို့မှာ အမြွာညီအစ်မရှိနေတာကိုမသိဘူး။ ချိုနဲ့ ကျွန်မကို တစ်ယောက်တည်းလို့ပဲ ထင်နေတာပါ"

"မဖြစ်ဘူး. . . မဖြစ်ဘူး။ ဒါဆိုရင်တော့ သူနဲ့ပတ်သက်တဲ့သူဟာ ဖြူလေးဆိုတာကို သူသိအောင်ပြောမှရတော့မှာပေါ့။ ဒီလိုငြိမ်နေရင် သူ ဘုမသိဘမသိနဲ့လူမှားတော့မှာပဲ။ ကဲ. . .ကိုကို





သွားရှင်းပြမယ်"

"မလုပ်ပါနဲ့. . . မရှင်းပြပါနဲ့တော့ကိုကို။ သိသွားလို့လဲ ဘာမှအကြောင်းထူးလာမှာမှမဟုတ်ဘဲ။ ကျွန်မရဲ့ဒုက္ခတဘဝကြီးကို သူ့ရှေ့မှာ မချပြပါရစေနဲ့။ တောင်းပန်ပါတယ်. . . ကိုကိုရယ်။ ကျွန်မကိုသနားပါဦး။ ကိုကို, ကျွန်မကိုချစ်တယ်ဆို. . . မသွားပါနဲ့တော့"

"ဖြူလေးရယ်. . . ဖြူလေးရယ်. . . ကိုကိုတော့ ရင်တွေတွဲရပါပြီ"

ကိုကိုက သူမကို တင်းကျပ်စွာဖက်ထားလိုက်ပြီး သူမနှင့်အတူ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာလေတော့သည်။ မဆုံနိုင်တော့တဲ့ဖူးစာကို အတင်းလုမယူဝံ့ပါဘူး. . . ကျော်ရယ်။ ဖြစ်ချင်တာထက် ဖြစ်သင့်ဖြစ်ထိုက်တာကိုပဲ ကျွန်မလက်ခံလိုက်ပါတော့မယ်။ စိတ်ကူးယဉ်ရွက်လွှင့်ပြီး လေထဲမှာ တည်ဆောက်ခဲ့မိတဲ့ ကျွန်မရဲ့ချစ်ဗိမာန်လေးတော့ အပိုင်းပိုင်းအစစနဲ့ အစိတ်စိတ်အမွှာမွှာကွဲကြေပြီး ကွယ်ပျောက်ကုန်ပါရောလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ အင်မတန် နူးညံ့သိမ်မွေ့လွန်းတဲ့အရာတစ်ခုပါး လူတွေရဲ့နှလုံးသားကို လှုပ်ရှားနိုးထစေနိုင်တဲ့ ဖန်ဆင်းရှင်တစ်ပါး လည်း ဖြစ်သလို---အင်မတန် ထူးခြားဆန်းကြယ်တဲ့အိပ်မက်တွေ ကို ပြုလုပ်ပေးနိုင်စွမ်းရှိတဲ့ အိပ်မက်စေတမန်လည်းဖြစ်ပါတယ်။ သမားရိုးကျဆန်တဲ့ဘဝတစ်ခုကို ပိုင်ဆိုင်ထားတဲ့ ကျွန်တော့်အတွက် အဲဒီဖန်ဆင်းရှင်က ကျွန်တော်မျှော်လင့်မထားတဲ့အရာတစ်ခုကို ကျွန်တော့်ရင်ဘတ်ထဲကို ထည့်သွင်းပေးခဲ့ပါတယ်။ အဲဒီ---အချစ် ဆိုတဲ့အရာတစ်ခုကို ကျွန်တော် ယုယစွာ ထွေးပိုက်ထားရင်းနဲ့ ကြည်နူးနှစ်သိမ့်မှုတွေ ရရှိခဲ့တာအမှန်ပါ။ သို့သော်---အဲဒီအချစ် ဆိုတာကို ကျွန်တော် သရုပ်ဖော်ဝေခွဲလို့မရဖြစ်နေချိန်မှာ အံ့သြဖွယ်ရာ ဖြစ်ရပ်ဆန်းတစ်ခုနဲ့ ကြုံကြိုက်ခဲ့ရပါတယ်။ စဉ်းစားကြည့်ပါ။ ကျွန်တော့်အိပ်မက်ထဲက ချစ်သူတစ်ယောက်လို့ ယူဆသတ်မှတ်ထား ခဲ့တဲ့ မိန်းကလေးတစ်ယောက်ဟာ တကယ့်ဖြစ်ရပ်ထဲမှာ ကျွန်တော့် ချစ်သူအစစ်အမှန်မဟုတ်တာကို သိသွားရတဲ့အချိန်မှာ ကျွန်တော့် အိပ်မက်ကြီး ပျက်သုဉ်းပျောက်ကွယ်သွားခဲ့ရသလိုပါပဲ။ သေချာပါတယ်။ ကျွန်တော်တော့ ဆေးစားမှားခဲ့ပါပြီ။

ကျော်ဆွေသွားမင်း



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၃ )

www.burmeseclassic.com

www.burmeseclassic.com



*Love comforteth like sunshine after rain.*

*William Shakespecare*

အချစ်ဟာ . . . မိုးရွာပြီးနောက်မှ ပေါ်ထွက်လာတဲ့နေရောင်ခြည်လိုပဲ ကျေနပ်နှစ်သိမ့်မှုကိုပေးပါတယ်။

ဝီလျံမ် ရှိတ်စပီးယား



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

မြက်ခင်းစိမ်းထက်မှာ အသာရပ်နေမိ၏။ နှင်းစက်တို့ ခိုသီနေသည့်စကားရွက်လေးကို လက်ဖြင့်အသာဆွဲလိုက်စဉ် သူမ၏မျက်နှာသို့ ရေစက်လေးတွေ လာရောက်လွင့်စင်လေသည်။ လွင့်နေကြွေကျလာသည့်စကားပွင့်လေးက သူမခြေထောက်နားမှာ ပုံနေကျသွားလေ၏။ တောက်ယူယုယသူမဲ့တဲ့ဘဝပါလား။ သူမကရော ဘာထူးလို့လဲ။ ချစ်ခင်ကြင်နာသူကင်းမဲ့နေတဲ့ဘဝထဲမှာ ရှင်သန်နေရတာပဲမဟုတ်ပါလား။

ခြေထောက်ကိုနောက်ဆုတ်၍ စကားပွင့်လေးကိုကောက်ယူ



www.burmeseclassic.com

www.burmeseclassic.com



ရန် ကြိုးစားလိုက်စဉ် လှပသွယ်ပျောင်းလွန်းသည့်လက်လေးတစ်ဖက်က သူမကိုယ်စား စကားပွင့်လေးကို ဖျတ်ခနဲကောက်လိုက်လေ၏။

"မမငြိမ်း"

"ဟုတ်တယ်. . .၊ ဖြူလေးကို မမကြည့်နေတာကြာပြီ၊ ဒီအပင်အောက်မှာ ရပ်နေတာအကြာကြီးပဲ၊ အသက်တောင်မှရှူရဲ့လားလို့ငေးကြည့်နေမိတာ၊ ဖြူလေးပုံစံလေးက အရုပ်လေးတစ်ရုပ်တို မြက်ခင်းပေါ်လာချထားသလိုပဲ၊ တောင့်တောင့်လေးဖြစ်လို့"

သူမ နွမ်းလျစွာပြုံးဖြစ်၏၊ ငြိမ်းဆုပန်က သူမလက်ထဲသို့ စကားပွင့်လေးကို အသာထည့်ပေးလိုက်လေသည်၊

"မမကြောင့် ဖြူလေးအတွေးတွေ ပျက်သွားတယ်ဆိုရင် တောင်းပန်ပါတယ်နော်"

"ရပါတယ်. . . မမငြိမ်းရယ်၊ ကျွန်မက ဒီလိုပဲရောက်တတ်ရာရာတွေးနေမိတဲ့သဘောပါ။ ကိစ္စမရှိပါဘူး"

"ဘာဘရော"

"အိမ်ထဲမှာရှိတယ်၊ အခုပဲထမင်းစားပြီးကြတာ၊ လာလေ





အိမ်ထဲဝင်ရအောင်"

"ဒါဖြင့် ကိုသန့်စင်လည်း ရှိနေတယ်ပေါ့"

"ရှိတာပေါ့။ ဒီနေ့ Sunday ပဲဟာ၊ ဘာလဲ. . . ကိုကိုနဲ့တွေ့ရမှာကြောက်လို့လား။ ဟင်းနော်. . . မမငြိမ်းမရှိးတော့ဘူး"

"ဟယ်. . . ပေါက်တတ်ကရတွေ၊ ဖြူလေးနော်. . . သူနဲ့တွေ့ရင် မျက်နှာပူရအောင်မစပါနဲ့"

"ဟင်းဟင်း. . . ဟုတ်ရင်ဟုတ်တယ်ဝန်ခံလိုက်ပါမမငြိမ်းရဲ့၊ ကျွန်မ ဒီလောက်တော့ပေါက်ပါတယ်နော်"

"တယ်. . . ဒီကောင်မလေးတော့. . . ငါထုမိတော့မယ်"

သူမ, ငြိမ်းဆုပန်၏ခါးသိမ်သိမ်လေးကိုအသာဖက်ရင်း တိုက်ထဲသို့ဝင်ခဲ့လေ၏။ ဧည့်ခန်းမှာ ကိုကိုနှင့်ဘဘကြီးက ကုမ္ပဏီစာရင်း File တွေဖြင့် အလုပ်ရှုပ်နေလေသည်။

"ဟော. . . သမီးငြိမ်းပါလား။ ကိစ္စထူးပြီထင်ပါရဲ့"

"ဟုတ်ကဲ့. . . ငြိမ်းရဲ့ Producer က ဖြူလေးကို လက်သံပါတာဘူး. . . အသံကိုပါကြိုက်လို့ စီးရီးစ်သွင်းချင်တယ်ပြောနေပြီဘဘရဲ့"

"မလုပ်ပါနဲ့ငြိမ်းရယ်၊ ဖြူလေးကို လူတောထဲ ကျွန်တော်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



မထုတ်ချင်ဘူး"

"Studio ထဲမှာ အသံသွင်းမှာပဲလေ. . . ကိုသန့်စင်၊ Show ပွဲတွေ တက်ရမှာမှမဟုတ်ဘဲ၊ ပြီးတော့. . . သီချင်းချိုချိုအေးအေး တွေပဲ ဆိုစေချင်တာ၊ ဒီဘက်ခေတ်မှာ ဒါမျိုးရှားသွားပြီလေ"

"တော်ပါတော့ငြိမ်းရယ်၊ ဖြူလေး စိတ်ပြေလက်ပျောက်ဖြစ် ပါစေဆိုပြီး ငြိမ်းမေမေရဲ့ Restaurant မှာ တယောထိုးခွင့်ပြုတာ ပဲ လွန်လှပြီ"

"ဩော်. . . အဲဒါလည်း ကိုသန့်စင်စိတ်တိုင်းကျ လူမမြင် အောင် state ကိုအမှောင်ချပြီး ဖြူလေးကို တယောထိုးခိုင်းခဲ့တာ ပဲလေ"

"မရဘူး. . . သီချင်းဆိုရင် ဖြူလေးပင်ပန်းမှာပေါ့၊ မဖြစ် ပါဘူး"

"ကြည့်ပြောပေးပါဦးဘဘရယ်၊ ဖြူလေးရဲ့ဆန္ဒကိုလည်း မေး ကြည့်ပါဦး"

"ဟုတ်သားပဲ၊ ကဲ. . . ဘဘရဲ့ချောကလက်လေး ဘယ်လို သဘောရလဲ"

"အင်း. . . ဆိုလည်းဆိုချင်တယ်ဘဘကြီးရဲ့၊ ဒါပေမဲ့ ဖြစ်





ပါ့မလားဆိုပြီး ကြောက်လည်းကြောက်တယ်"

"မကြောက်ပါနဲ့ဖြူလေးရဲ့၊ သီချင်းသွင်းဖြစ်ရင် ဖြူလေးနား မှာ မမငြိမ်းအမြဲရှိနေမှာပါ"

ကိုကိုက ငြိမ်းဆုပန်ကို မျက်စောင်းခဲလိုက်တော့၊ မမငြိမ်း လတ်လေးပုလျှက် ငြိမ်သက်သွားလေ၏။ ဘဘကြီး၏ကုမ္ပဏီရှယ် ယာရှင်သမီးမို့ အိမ်မှာ ဝင်ထွက်ရင်းနှီးနေသဖြင့် ပြောရဲဆိုရဲရှိ သော်ငြား ကိုကို့ကိုတော့ မမငြိမ်းလန့်ပုံရလေသည်။

"လုပ်ပြီးတော့မှမပေါက်ရင် ငွေကုန်လူပင်ပန်းရုံပဲရှိမှာပေါ့၊ တစ်ခါသေဖူးလို့ ပျဉ်ဖိုးနားမလည်ပါလား. . . ငြိမ်းဆုပန်"

"အို. . . အဲဒီတုန်းက ငြိမ်းက အသက်ကလည်းငယ်၊ ဘာမှ လည်း ရေရေရာရာမတတ်သေးဘဲကိုး"

"အခုရော ဘယ်လောက်တတ်နေပြီမို့လဲ"

"ကိုသန့်စင်နော်. . . သူ့ညီမကို မဟုတ်တဲ့နေရာအဖော်ခေါ် တာ ကျနေတာပဲ၊ ငြိမ်းကို ရန်သူလိုပဲဆက်ဆံရတယ်လို့"

"ကျွန်တော်ပြောတာရော မှားနေလို့လား၊ လူမမြင်အောင် တယောထိုး၊ စန္ဒရားတီးတာတောင်မှ ဆုချရတဲ့လူနဲ့၊ လက်ဆောင် ပို့တဲ့လူနဲ့၊ ရှုပ်ရှုပ်ယှက်ယှက်တွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ပြောလိုက်မှဖြင့် ကန့်လန့်ကြီးပဲ"

"တဲပါ. . . ဦးဝင်းဆွေကိုပြောလိုက်ပါ၊ အစမ်းနှစ်ပုဒ်၊ သုံးပုဒ်လောက်ပဲဆိုခိုင်းဦးလို့၊ OK ပြီဆိုမှ စီးရီးစ်သွင်းဖို့ စီစဉ်ခိုင်းပါ. . ."

"ဟေး. . . ဒါမှ. . . ငြိမ်းဘဘ။ ဖြူလေးက ဖြစ်မှာသေချာတယ်။ အန်တီမေ့လို ဝိတဘက်ပါရမီပါတာကိုး"

"တော်ပါသမီးငြိမ်းရယ်။ မေမေတင်က ဆရာဝန်နဲ့လက်ထပ်လိုက်ရတာနဲ့ ဒီလောကကိုကျောခိုင်းစွန့်လွှတ်ခဲ့တာ အားလုံးအသိ"

"ဒါကတော့. . . အန်တီမေက အန်ကယ်သက်ကို ချစ်လွန်းလို့ကိုး။ အချစ်က အရာရာကိုကျော်လွှားအောင်မြင်နိုင်စွမ်းရှိတယ်လို့ ဆိုရိုးရှိတာပဲဟာ"

"အေး. . . ညည်းအလှည့်ကျရင်ရော အဲဒီဂီတကိုစွန့်လွှတ်နိုင်ပါ့မလား"

"ဘဘကလည်း. . . အခု ငြိမ်းမှသီချင်းမဆိုတော့တာကို"

"အံမာ. . . ဟိုနေရာစပ်စပ်ဒီနေရာစပ်စပ် ပါလေရာငါးချဉ်ဖြစ်နေတာများ မသိဘူးမှတ်နေလား"





"အို. . . အဲဒါက အနုပညာမောင်နှမအချင်းချင်း တူညီတဲ့သဘောနဲ့ဝင်ဆိုပေးတာပါနော်. . . ကိုသန့်စင်ရဲ့"

"အင်း. . . သားကြီးက ဒီအလုပ်ကိုအားပေးချင်တာမဟုတ်ဘူးငြိမ်းရေ၊ ဒီတော့. . . ညည်းဝါသနာကို ခုကတည်းက စွန့်ဖို့မြင်"

"အာ. . . ဘာဆိုင်လို့လဲဘဘရဲ့၊ ငြိမ်းက အနေသာကြီးကို"

"မနေသာပါနဲ့. . .၊ ကိုပြည့်စုံရော မသရဖီတပါ ညည်းနဲ့သားကြီးကိုသဘောတူထားပြီးသား"

"ဟာ. . . ဘဘကြီးကတော့ လုပ်ချလိုက်ပြန်ပြီ၊ လူရှေ့မှာရှောင် ဖွင့်ပြောတာပဲ"

ကိုကိုမျက်နှာ ရဲခနဲဖြစ်သွားပြီး ထထွက်သွားတော့ သူမငြိမ်းကိုဖက်၍ ဟက်ဟက်ပက်ပက်ရယ်မောလိုက်၏။ ကိုကိုမယ်၊ ကိုကိုမကြိုက်တာကို ကျွန်မ ဘယ်တော့မှမလုပ်သလို ကျွန်မသိခဲ့ညာပြီး ကိုကိုတစ်ယောက်တည်း ဘဝခရီးကိုဆက်လျှောက်ဖို့ဆုံးဖြတ်လိုက်ပါနဲ့၊ ကျွန်မအပေါ်မှာထားရှိတဲ့ ကိုကိုရဲ့မေတ္တာစိတ်အနက်ကို ကျွန်မအသိအမှတ်ပြုထားပါတယ်ကိုကိုရယ်။

"ကျွန်မ, စီးရီးစ်တော့ မသွင်းပါရစေနဲ့ဘဘကြီး၊ မငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့ Restaurant မှာပဲ အလျှဉ်းသင့်သလို တစ်ပတ်တစ်ည ဖျော်ဖြေပေးပါ့မယ်နော်"

"ဟင်. . . ပျော်ရမယ်မှတ်တာ၊ အခုတော့ Half Feel ကြီးပါလား. . . ဖြူလေးရဲ့"

"ကဲကဲ. . . ဒါဆိုလည်း ဦးဝင်းဆွေကို သမီးနားလည်အောင်ပြောလိုက်ကွယ်၊ သားကြီးက သူ့ညီမလေးကို တစ်ခုခုထပ်ဖြစ်သွားမှာ အရမ်းစိုးရိမ်ရှာလွန်းလို့ပါ"

"ဟုတ်ကဲ့. . . ဘဘ၊ ငြိမ်းနားလည်ပါတယ်၊ ဒါဆို. . . ငြိမ်းကို ပြန်ခွင့်ပြုပါဦး"

"အေးအေး"

"မမသွားမယ်, ဖြူလေး"

"ဟုတ်ကဲ့. . . ကိုကိုရေ. . . ဒီမှာ, မမငြိမ်းက ပြန်ဦးမယ်တဲ့"

"ဟယ်. . . ဒီတောင်မလေး"

ငြိမ်းဆုပန်က သူမခေါင်းကို လက်သီးဆုပ်ဖြင့်ထု၍ ထထွက်သွားလေတော့သည်။ သူမ, ကိုကိုဝင်သွားရာ အိမ်နောက်ဖေးဘက်ကိုလှည့်ထွက်ခဲ့စဉ် ကိုကိုက တိုက်နောက်ဘက်ရှိ ဥယျာဉ်ထဲဆင်းရာ လှေကားထစ်မှာထိုင်နေလေသည်၊





"ကိုကို"

"ဟင်. . . ဘာလဲ, ဖြူလေး"

သူမ, ကိုကို့ဘေး အုတ်လှေကားမှာထိုင်ရန် ပြင်လိုက်တော့ ကိုကိုက မတ်တတ်ထ၍ သူမလက်ကိုဆွဲထိန်းကာ ဖြည်းဖြည်းထိုင်ခိုင်းလေ၏။

"ဘာပြောချင်လို့လဲဖြူလေးရယ်၊ ကိုကို အိမ်ရှေ့ပြန်ထွက်လာမှာပေါ့"

"သိဘူးလေ. . . ကိုကိုက ဘဘကြီးကိုစိတ်ကောက်ပြီး ပြန်ဝင်မလာမှာစိုးလို့ပေါ့"

"အဲဒီဘဘကြီးကလည်း ငြိမ်းရှေ့မှာ ပြောသင့်မပြောသင့်ချင့်ချိန်ဘဲပြောချလိုက်တော့ ကိုကိုမျက်နှာပူရတာပေါ့"

"မမငြိမ်းက ချောပါတယ်ကိုကိုရဲ့၊ ဖြူဖြူနုနုလေးကို"

"အဲဒါ. . . ကိုကိုက ဘာလုပ်ရမှာလဲဖြူလေးရဲ့"

"ဘဘပြောတာကို ခေါင်းညိတ်လိုက်ပေါ့"

"ဟာကွာ. . . ဖြူလေးပြောမှပိုဆိုးပြီ"

"ဟင်း. . . ဟင်း. . . ကိုကိုကလည်းလေ၊ မမငြိမ်းက ဘွဲ့ရသူ့ဘာတတ်၊ ဥစ္စာပေါ၊ ရုပ်ချော လိုချင်သူတွေဝိုင်းဝိုင်းလည်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းသောသမီး။ အပြစ်ဆိုလို့ မြူတစ်မှုန်တောင် ပြစရာမရှိဘူး"

"အံမယ်. . . ဒီသီချင်းဆိုတာ အပြစ်မဟုတ်လို့ ဘာလဲ၊ လူရှေ့သူရှေ့မရှောင် စင်မြင့်ထက်တက်ချင်နေလိုက်တာ။ ဟွန်း . . . ပြောမပြောချင်ဘူး"

သူမ ခစ်ခနဲရယ်မောလိုက်မိပြီး ကိုကို့လက်မောင်းကို မှီလိုက်တော့ ကိုကို့ထံမှ သက်ပြင်းချသံသဲ့သဲ့ကိုကြားလိုက်ရလေ၏။

"မမငြိမ်းလည်း. . . မေမေ့လိုပဲ နှာခံခေါင်းညိတ်တတ်မှာပါ ကိုကိုရာ"

"ဟား . . . ရှေ့နေခ ဘယ်လောက်ရလို့ အတင်းကြီးပြောနေရတာလဲ"

"ကိုကို, မမငြိမ်းကိုမချစ်ဘူးလား။ ကျွန်မကတော့ စမြင်ကတည်းကချစ်တာ ကိုကိုရဲ့။ သူ့မျက်တောင်လေးတွေဆို ရှည်ပြီးကော့နေတာပဲ။ အသားရောင်လေးက ဖြူဥလို့။ လက်ချောင်းလေးတွေဆိုရင် အနုပညာသမားလက်လို့မပြောရဘူး။ ရှည်ရှည်သွယ်သွယ်လေးတွေ။ ပါးလေးဆိုရင် နေပူထဲထွက်လိုက်တာနဲ့ ရဲတက်လာရော"





"တဲ. . . ငြိုကာချဲ့လို့ပြီးနိုင်မလား။ ကိုယ့်ကိုယ်ကိုလည်း မှန်ထဲ ပြန်ကြည့်ဦး။ ဘယ်သူကပိုလှသလဲလို့. . . သိလား"

ကိုကိုက ပြုံးစိစိမျက်နှာဖြင့် သူမကိုငုံ့ပြောလိုက်သဖြင့် သူမ ကိုကို့ကို မျက်စောင်းခဲကာ နှုတ်ခမ်းစူလိုက်ပါ၏။

"ကိုကို့မျက်စိထဲမှာတော့ ကိုကို့ညီမလောက် လှတဲ့ချောတဲ့သူ လောကမှာမရှိဘူး"

"ဒါကတော့. . . ကိုကိုက ကိုယ့်ငါးချဉ်ကိုယ်ချဉ်တာကိုး"

"ဩော်. . . ဖြူလေးက ငါးချဉ်ဆိုရင်. . . ငြိမ်းက, ဘာလဲ"

"ငါးရံ့လေးလေ"

ကိုကိုက သူမစကားကြောင့် သဘောကျသွားပြီး တဟားဟားအော်ရယ်လိုက်လေ၏။ ကိုကို့ခါးကြားမှာ ညှပ်ထားသည့် Hand Phone မှ သံစုံတီးလုံးလေးမြည်လာသဖြင့် ကိုကိုက ယူ၍ဖွင့်လိုက်ပါသည်။ ဖုန်းနံပါတ်ကို သေချာမကြည့်ဘဲဖွင့်လိုက်သည်မို့ တစ်ဖက်မှ အသံဩဩကိုကြားလိုက်ရ၏။

"ဟဲလို"

"ဟဲလို. . . အစ်ကိုလား. . . ကျွန်တော်ပါ။ အစ်ကိုရေ. . . ကျွန်တော် ဒီညႉ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကလစ်"

ဖုန်းကိုဖျတ်ခနဲပိတ်၍ မေးကြောတွေထောင်ကာ ဒေါသကို ကျိတ်ဖြေနေသည့်ကိုကို့ကို သူမအတော်သနားသွားမိ၏။ ကိုကို ရယ်. . . ချိုနဲ့ပတ်သက်ပြီး သူ့ကိုပါအဆက်အသွယ်မလုပ်တော့တာ တရားမျှတမှုရှိပါရဲ့လား။ တကယ်ဆို သူမှာ ဘာအပြစ်မှရှိတာမှ မဟုတ်ဘဲ၊ သူ့ရင်ထဲမှာရှိနေတဲ့ချစ်သူတစ်ယောက်ကို စိတ်တိုင်း ကျရွေးချယ်သွားတာနဲ့ ကျွန်မကိုယ်စား သူ့ကို ကိုကိုအမုန်းကြီး မုန်းနေရတယ်လို့။

"ကိုကိုကလည်း. . . သူဘာပြောချင်မှန်းမသိ"

"တော်တော့. . . ဖြူလေး။ လောကမှာ ကိုယ်အမုန်းဆုံးလူ နဲ့ အဆက်အဆံမလုပ်ချင်တဲ့လူဆိုတာ သူတို့နှစ်ယောက်ပဲရှိတယ်။ သူတို့နဲ့ပတ်သက်လာရင်. . . ရုပ်လည်းမမြင်ချင်ဘူး၊ အသံလည်း မကြားချင်ဘူး၊ ဒါပဲ"

"သူမှာ အပြစ်မှ. . ."

"တော်ပြီ. . . ကိုကို ဘာမှထပ်မကြားချင်ဘူး"

ကိုကိုက သူမပခုံးကိုဖက်၍ငြိမ်သက်သွားသဖြင့် သူမ မဆက် ရဲတော့ချေ။ နေဝင်ဆည်းဆာနေက ကောင်းကင်ပြာနောက်ခံမှာ





ပုစွန်ဆီရောင် တောက်ပနေလေပြီ။ လေညင်းသွဲ့သွဲ့က သူမတို့ထံ သာသာလေးတိုက်ခတ်ကျီစယ်လေ၏။

မမေ့နိုင်သေးတာအမှန်ပါ. . . ကျော်။ ရှင်က ပိုင်သူမရှိသေး ပေမယ့်. . . ရှင့်ဘေးမှာ ဆိုင်သူရှိနေပြီးသားဆိုတာကိုလည်း ကျွန်မ ဘယ်တော့မှမမေ့ပါဘူး။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

ဖုန်းကို ဒေးကြည့်ရင်း ငိုင်နေမိသည်။ ဘာတွေဘယ်လိုဖြစ်တုန်တာလဲ သူလုံးဝစဉ်းစား၍မရ။ နှုတ်ဖြင့်သွား၍ စေ့စပ်သည့်နေ့က မျက်စိမျက်နှာပျက်၍ စကားပိုင်းမှထထွက်သွားသည့်အစ်တို့တို ညီမအတွက် သဝန်တိုမျက်နှာပူလွန်း၍ရှောင်သွားသည်ဟု၍သာ သူထင်ထားခဲ့မိတာ။

နောက်ပိုင်း. . . မနော့တို့အိမ် သူရောက်သွားတိုင်း အစ်ကိုတို့မမြင်ရတော့။ ဘဘကြီးရဲ့အိမ်သို့ ပြောင်းသွားပြီဟုသိရ၍ ဖုန်းဆက်ပြန်တော့လည်း သူ့ကိုလက်ခံစကားမပြောချေ။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုရယ်. . . အစ်ကို့ညီမကို ကျွန်တော်မေတ္တာစစ်နဲ့ မြတ်မြတ်နိုးနိုးတန်ဖိုးထားပြီးချစ်တာပါ။ ဒါဆို အစ်ကို, မကြည်ဖြူနိုင်ဘူးလား။ ရင်ထဲမှာ တအုံနွေးနွေးဖြင့် စိတ်တိုင်းမကျ။ ချစ်သူဖြစ်ဖြီးသည့်နောက်ပိုင်းမှာ မနောပုံစံလေးက ခပ်ပေါ့ပေါ့ဖြစ်လာသလိုပင်။ အရင်လိုအိမ်မကပ်ဘဲ ဘော်ဒါတွေနှင့် လျှောက်လိမ့်နေတာက များလေ၏။

သူကအတန်းကြီးပြီမို့ စာတွေ ကျုံးဖတ်နေ၊ ကျက်နေရသဖြင့် ညဘက်ဖုန်းဆက်ပြန်တော့ ခါတိုင်းလို အသံချိုချိုလေးဖြင့် မပြောဘဲ အိပ်ချင်မူးတူးဆောင့်ကြီးအောင့်ကြီးလေသံဖြင့် ပြန်ပြောလေသည်။ တစ်ခုခုတော့ မှားကိုမှားနေပါပြီ။ ဒါပေမဲ့. . . သူသေချာမသိ။

စိတ်ထဲမှာ အစ်ကိုကန့်ကွက်၍ သူ့ကို မနော, မကြည်ဖြူတာလားဟု သံသယဝင်မိသော်ငြား မနောနှင့်ဆုံတော့လည်း ဘာမှမထူးခြား။ အင်း. . . ထူးခြားတာဆို၍ သူပေးခဲ့ဖူးသည့်ဆွဲကြိုးလေးကိုမေးမိတော့ အသိမ်းလွန်နေသည်ဟု ပေါ့ပေါ့လေးပြောလေ၏။ မနောရယ်. . . ကိုယ့်ဘက်က အလေးအနက်ထား သလောက် မနောက ကြာလေကြာလေ ကိုယ့်အပေါ်မှာ အချစ်ပေါ့လေသလို





ပါပဲ။

အစ်ကိုနှင့် အေးအေးဆေးဆေးစကားပြောချင်၍ ချိန်းမလို့ပါဆိုမှ ဖုန်းမပြောသဖြင့် သူတစ်ယောက်တည်းထွက်လာခဲ့၏။ Pan Restaurant ရှေ့ ကားပါကင်မှာ ကားကိုရပ်လိုက်ပြီး ဆိုင်ထဲသို့ ဝင်ခဲ့လေသည်။ စားပွဲဝိုင်းအသီးသီးမှာ လူတွေအပြည့်ရှိနေတာမို့ သူအံ့ဩသွားရ၏။ မဟုတ်သေးပါဘူး။ ခါတိုင်း ဒီလောက်လူမှ မများတာ။ ပြီးတော့. . . ဒီ Restaurant က တခြားဆိုင်တွေလို တာရာအိုကေတွေ, အဆိုတော်တွေနှင့် မျက်စိရှုပ်၊ နားရှုပ်၊ စိတ်ရှုပ်ရသည့်ဆိုင်မျိုးမဟုတ်တာမို့ နားအေးအေးနှင့် စားသောက်ချင်သူတွေသာ လာထိုင်တတ်တာလေ။

Waitar လေးရောက်ရှိလာသဖြင့် သူ, ဘီယာတစ်ဘူးနှင့် အာလူးကြော်၊ ကဏန်းလက်မကြော်နှင့် ဝက်သားလုံးကြော်တစ်ပွဲစီ မှာလိုက်ပါ၏။ ရည်းစားရပြီးမှ သူတော်တော်စိတ်လေနေသလို ညနေတိုင်းနီးပါး ဘီယာသံဘူးတစ်ဘူးတော့ သောက်ဖြစ်နေပါရောလား။ မှာထားတာတွေ လာချပေးတော့ သူအသာတီးတိုးမေးလိုက်မိ၏။

"ညီလေး. . . ဒီည ဘာဖြစ်လို့လူများနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အထူးအစီအစဉ်ရှိလို့ပါ အစ်ကို"

"ဘာများလဲ"

"ဩော်. . . ခါတိုင်း Sunday ဆို တယောတို့ စန္ဒရားတို့တီးလေ့ရှိတဲ့အစ်မက တစ်လမှာတစ်ရက် အဆိုပါ တွဲဖက်ဖြေဖျော်ဖေးမှာမို့လို့ပါ"

"ဟော. . . ဒါဖြင့် သူ့မျက်နှာကိုမြင်ရတော့မှာပေါ့လေ"

"ဒါတော့ ကျွန်တော်မသိဘူးအစ်ကိုရေး သူက ရုပ်မလှလို့ သူ့မျက်နှာကိုမပြရဲဘူးလို့ ကြားရတာပဲ"

"ဟုတ်လား"

ည (၉)နာရီထိုးတော့ တစ်ဆိုင်လုံး မီးရောင်မှိန်ကျသွားလေ၏။ State ပေါ်မှ ညမီးပြာပြာလေး ခပ်မှုန်မှုန်ထွန်းလင်းလာသည်၊ စင်ပေါ်သို့ ကောင်မလေးနှစ်ယောက် အတူတွဲ၍တက်လာလေ၏။ မှုန်ပြပြမီးရောင်အောက်မှာ ခပ်ဖြည်းဖြည်းလျှောက်၍တက်လာသည့် ဆံနွယ်စင်းစင်းလေးနှင့်ကောင်မလေးကို မြင်လိုက်ရတော့ သူ့ရင်ထဲမှာ ဒိတ်ခနဲဆောင့်ခုန်သွားရလေသည်။

ဗုဒ္ဓေါ. . . ဘာဖြစ်တာလဲ။

ထောင့်နားမှာချထားသည့် Piano ခုံလေးမှာ သူ့ဘက်သို့





တစောင်းနိုးပါးမျှစောင်းနေသည့်အနေအထားဖြင့် သူမအသာဝင်ထိုင်လိုက်လေသည်။ ဖြူလွလွဂါဝန်ရှည်က ထိုင်ခုံအောက်မှာ ဝဲလျက်သားကျနေ၏။ လက်ကွက်တွေ ခပ်စိပ်စိပ်တီးလိုက်ပြီးနောက် ချိုမြိန်စွဲမက်ဖွယ်ရာအသံလေး ပေါ်ထွက်လာလေတော့သည်။

"နားဆင်တော့ကွယ် ××× မင်းပေးတဲ့သီချင်းလေးတစ်ပုဒ်ပါပဲ ××× ငြိမ်းလွန်းတဲ့ မီးတောက်တွေထဲ ××× အေးချမ်းခဲ့ပါတယ် ××× ထူးဆန်းသွားပါသလား ××× WOH

နားဆင်တော့ကွယ် ××× အသည်းတံခါးများဆွဲဖွင့်သွားတယ် ××× အေးချမ်းသောနေ့, နေ့တိုင်းပေးတယ် ××× ကောင်းသောအချစ်ဟာလည်း ××× မင်းပေးတဲ့သီချင်းလေးတစ်ပုဒ်ပါပဲ ×××

အို ××× သံစဉ်လှိုင်း ××× မင်းရဲ့သီချင်းကို သီဆိုရင်းနဲ့ လွမ်းလို့ဆွေးပြီကွယ် ××× ရင်ခုန်ခြင်း ××× မင်းရဲ့သီချင်းကို သီဆိုခွင့်တော့ပြုဖို့တောင်းချင်တယ် ××× ဆိုချင်ပါတယ် ×××

မင်းရဲ့သတင်း ××× မင်းရဲ့သီချင်း ××× အမုန်းတရားများ ဝေးလို့ငြိမ်းသွားတဲ့ရင်း ××× အေးချမ်းတဲ့သီချင်း ကိုယ်နဲ့မင်း ××× ခွဲခြားမရပါဘူး ××× သီချင်းလေး အမြဲမဆုံးနိုင်ဘူး ××× နားဆင်တော့ကွယ် ×××



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

သူမ ထိုင်ခုံမှအသာထရပ်လိုက်ပြီး ပရိသတ်ကိုဦးညွတ်ပြ၍ နောက်နားမှာ ရပ်စောင့်နေသည့်မိန်းကလေးလက်ကိုတွဲလျှောက်လိုက်စဉ် သူ့နှုတ်မှ တီးတိုးရေရွတ်သံထွက်လာလေ၏။

"မနော. . . ဟုတ်တယ်၊ မနောမှမနောအစစ်ပါပဲ"

သူ ဖျတ်ခနဲထရပ်၍ စင်ရှိရာဆီလျှောက်သွားစဉ် လုံခြုံရေး ဝန်ထမ်းဝတ်စုံနှင့်လူနှစ်ယောက်က သူ့ရှေ့မှာ ပိတ်ရပ်လိုက်လေ၏။

"စင်ပေါ်ကို ဘယ်ဧည့်သည်မှ တက်ခွင့်မရှိပါဘူးခင်ဗျာ"

"ကျွန်တော် ခုနအဆိုတော်မလေးနဲ့တွေ့ချင်လို့ပါ"

"ဝမ်းနည်းပါတယ်၊ ကျွန်တော်တို့ဆိုင်က တခြားဆိုင်တွေလို မျိုး ဖျော်ဖြေသူတွေနဲ့ ဧည့်သည်ကို ရောနှောခင်မင်ခွင့်ပေးလေ့မရှိပါဘူး"

"ကျွန်တော် သူနဲ့ရင်းနှီးပြီးသားပါ"

"ဒါဆိုရင် ပြင်ပမှာပဲ ခေါ်စေချင်ပါတယ်ခင်ဗျာ၊ ဒါ. . . အလုပ်ချိန်မို့ပါ၊ ကျေးဇူးပြု၍ အနှောင့်အယှက်မပေးပါနဲ့"

"ကျွန်တော်"





"တောင်းပန်ပါတယ်ခင်ဗျာ။ တားဆီးလို့မရရင် လူကြီးမင်းကို မန်နေဂျာရဲ့အမိန့်အရ ဆိုင်ထဲက ဆွဲထုတ်ရပါလိမ့်မယ်"

"ကျွတ်"

သူ စားပွဲရှိရာဆီပြန်လျှောက်လာပြီး ကျသင့်ငွေရှင်းကာ ဆိုင်ပြင်သို့ ချက်ချင်းထွက်လာခဲ့သည်၊ ကားပေါ်သို့တက်ထိုင်ရင်း Hand Phone ကို ဖွင့်လိုက်စဉ် ဆိုင်ဝင်းထဲမှထွက်လာသည့်ကားအစ်စီးကိုတွေ့လိုက်ရလေ၏။ သူ ထိုကားနောက်မှ ကပ်မောင်း၍ လိုက်ခဲ့စဉ် တစ်ဖက်မှ ဖုန်းထူးသံကိုကြားလိုက်ရလေသည်၊

"ဟဲလို. . . ကိုလား. . . ပြောလေ"

"မနော. . . အခုဘယ်မှာလဲ. . . ဘာလုပ်နေလဲ"

"အိမ်မှာလေ. . . ဘာလုပ်နေလဲဆိုတော့ Game ဆော့နေတယ်၊ ဘာဖြစ်လို့လဲ. . . ကို"

"ဟင့်အင်း. . . ဘာမှမဟုတ်တော့ဘူး"

"ဟင်. . . ကိုတလည်း. . . ဟဲလို. . . ဟဲလို"

သူ, ဖုန်းကိုပိတ်လိုက်ပြီး ရှေ့မှကားနှင့် ဘေးချင်းယှဉ်နိုင်အောင် ကြိုးစားလိုက်သဖြင့် နောက်ကားတွေထံမှ ဆဲသံဆိုသံ ထွက်လာလေ၏။ မီးပွိုင့်မှာ ဘေးချင်းယှဉ်ရပ်လိုက်တော့ သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ပြတင်းပေါက်မှ အပြင်ကိုငေးနေသဖြင့် မျက်နှာကိုသေချာမတွေ့ရပြန်။

ဟုတ်ပါတယ်. . . မနောပါပဲ၊ ဘယ်လိုတွေဖြစ်ကုန်တာလဲ၊ သူ့မနောက အိမ်မှာ Game ဆော့နေတာတဲ့။ အခုမနောက ဘယ်ကမနောလဲ။ ဆံပင်ရော၊ အရပ်အမောင်းတွေပါ. . . ဒီလောက်တူနေတာကို။

“တီ. . . တီ”

ဟွန်းသံနှိပ်လိုက်သဖြင့် သူမဘေးမှကောင်မလေးက သူ့ကားကို ဖျတ်ခနဲကြည့်လိုက်လေ၏။ သူမကတော့ လှည့်မကြည့်ပါချေ။ ကောင်မလေးက driver ကို ဘာပြောလိုက်သည်မသိ။ အင်းလျားလမ်းခြံကျယ်ကြီးတစ်ခုထဲသို့ ချိုးတွေ့ဝင်ချသွားခဲ့လေ၏။

သူ, ခေါင်းကိုခါယမ်းလိုက်ပြီး ရှစ်မိုင်လမ်းကို ချိုးချလိုက်သည်၊ ရွှေတောင်ကြားလမ်းကိုဝင်၍ အစ်ကိုဘကြီးနေသည့်ထောင့်ခြံကို အသာလေးမောင်းဝင်လာခဲ့၏၊ ခြံဝမှာကားရပ်လိုက်စဉ် ခြံစောင့်က တံခါးဝမှာလာရပ်လေသည်။

“ဘာကိစ္စရှိလို့လဲ၊ ဘယ်သူနဲ့တွေ့ချင်လို့လဲ”

“ဒီအိမ်က ကိုသန့်စင်ဖြူနဲ့ပါ”





“ဘယ်သူလို့ပြောပေးရမလဲ”

“ကျော်ဇေယျာဆိုရင် သူသိပါတယ်”

“ခဏစောင့်ဦးနော်၊ ကျွန်တော်မေးပေးပါ့မယ်”

တအောင့်အကြာမှာ မာလီပြန်ရောက်လာလေ၏၊

သူ သံတံခါးမှာပဲ ရပ်စောင့်နေရသည်မို့ အောင့်သက်သက်စိတ်ဖြင့် သည်းခံနေရလေသည်၊

“အစ်ကို. . . ကိုသန့်စင်ပြန်မရောက်သေးလို့ မနက်မှပဲလာပါတဲ့”

“ကျွန်တော် မနက်လာရင် သူက တကယ်တွေ့မှာမို့လား၊ ဖုန်းဆက်တိုင်း ဖုန်းကိုပိတ်ချပြီး ရှောင်နေတဲ့လူရဲ့စကားကို ယုံရမှာလား”

မာလီကောင်လေး ဘာပြောရမှန်းမသိဘဲ နှုတ်ပိတ်သွားလေ၏၊ ဆင်ဝင်အောက်မှာရပ်ထားသည့် လင်ခရူဇာကားက အစ်ကိုစီးနေကျကားမဟုတ်လား၊ သူ့ကို မတွေ့မမြင်ချင်လောက်အောင် သူက ဘယ်လိုအမှားမျိုးကိုများ လုပ်မိထားလို့ပါလဲ၊

“ကျွန်တော်. . . သူနဲ့လူချင်းတွေ့ပြီး စကားပြောချင်တယ်ဆိုတာ သေချာပြောပေးပါ။ ဒီညမှမပြောရရင် ကျွန်တော်မြန်



www.burmeseclassic.com

www.burmeseclassic.com



ဘူး. . .”

“ဟာ. . . အဲဒီလိုမလုပ်နဲ့လေ”

“သူ့ကိုသွားပြောလိုက်ပါ။ ကျွန်တော်က အခုဆို အခုပဲတွေ့ချင်ပါတယ်လို့”

ကောင်လေးက ဦးနှောက်ခြောက်စွာဖြင့် ခေါင်းကုပ်၍ အိမ်ထဲသို့ နောက်တစ်ခေါက်ပြန်ဝင်သွားလေ၏။ သူ ညစ်ကျယ်ကျယ်ပြုံးလိုက်မိလေသည်။

ကဲ. . . ခင်ဗျားဘာဆက်လုပ်မလဲ. . . ကိုသန့်စင်ဖြူ။ ခဏအကြာမှာ ကိုသန့်စင်နှင့်အတူ မာလီလေးပါ ပြန်ထွက်လာလေ၏။

“ဘာကိစ္စ အချိန်မတော်ကြီးလာရတာလဲ ကျော်ဇေယျာ”

“အခုမှ (၁၀)နာရီပဲ ရှိသေးတာပါအစ်ကို”

“ဘဘကြီးသိသွားရင်မကောင်းဘူး. . . မင်း အိမ်ပြန်တာအကောင်းဆုံးပဲ”

“ဟင့်အင်း. . . ကျွန်တော် အစ်ကိုနဲ့စကားမပြောရမချင်းမပြန်ဘူး”

“ကျွတ်. . . ခက်တာပဲ။ မင်းမူးလာသလား ကျော်ဇေယျာ။ ပြဿနာမရှာချင်ပါနဲ့။ ပြန်ပါတော့ကွာ”





“ကျွန်တော်မူးတာ ဦးနှောက်တင် မဟုတ်ဘူး. . . အစ်ကို။ ကျွန်တော့်နှလုံးသားပါ ချာချာလည်မူးနေတာအမှန်ပါ”

လရောင်အောက်မှာ သန့်စင်ဖြူအပြုံးက အဓိပ္ပာယ်များစွာပျော်ဝင်လျက် ပြုံးလိုက်လေ၏။ ထိုအပြုံးကို သူ့ မဝေခွဲတတ်ပါလေခဲ့။ ထူးဆန်းလိုက်တာ။ အစ်ကို့မျက်နှာမှာ ဒီလိုခနဲ့တဲ့အပြုံးမျိုး ရှိခဲ့ဖူးတာမှမဟုတ်တာဲ။

“မင်းနဲ့မိချိုနဲ့တိစ္စကို ရင်ဖွင့်ဖို့ဆိုရင်တော့ so sorry ပဲ ကျော်ဇေယျာ။ ငါ့နားထောင်ဖို့ အချိန်မပေးနိုင်ဘူး”

“အစ်ကိုညီမနဲ့ကျွန်တော်, ချစ်သူဖြစ်တာကို အစ်ကိုသဘောမတူဘူးပေါ့။ တန့်ကွက်ရှုံမက အိမ်ပါပြောင်းနေတာလား အစ်ကို”

“ပြီးခဲ့တာတွေ ငါပြန်သတိမရချင်ဘူး ကျော်ဇေယျာ။ မင်း, သိထားဖို့က ငါ, မင်းကိုမတွေ့ချင်တော့ဘူး။ ဒီတော့. . . မင်း, ငါ့ကိုခင်ဖို့မကြိုးစားနဲ့တော့။ မင်းနဲ့ငါပြတ်ပြီ”

“ဘာဖြစ်လို့လဲအစ်ကို။ ကျွန်တော် ဘာတစ်ခုမှ နားမလည်ပါလား။ ကျွန်တော့်မှာ ဘာအပြစ်တွေများရှိနေလို့လဲ. . . ပြောပါဦး”

“တော်ပါတော့. . . ကျော်ဇေယျာ။ အိပ်ချင်ယောင်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့လူကို အနှိုးရခက်တယ်ဆိုတဲ့စကားလည်းရှိတာပဲဟာ။ မင်းလုပ်ခဲ့တဲ့လုပ်ရပ်ရဲ့မှားယွင်းချက်ကို မင်း တစ်နေ့တော့သိလာမှာပါ။ အဲဒီအခါမှာမှ မင်း. . . နောင်တမျက်ရည်မကျမိပါစေနဲ့၊ ငါအသည်းနာခဲ့ရတဲ့ဖြစ်ရပ်တစ်ခုကို ငါ. . . ဘယ်တော့မှမေ့ပစ်မှာမဟုတ်ပါဘူး။ ဒီတော့. . . မင်း, ငါ့ကိုမနှောင့်ယှက်ပါနဲ့၊ ငါနဲ့တွေ့ချင်တဲ့ကိစ္စကို ဒီမှာပဲအဆုံးသတ်လိုက်ပါ။ နောက်ထပ် မင်းမျက်နှာကို ငါမမြင်ချင်တော့ဘူး. . . ဒါပဲ"

"အစ်ကို. . . နေပါဦးအစ်ကို"

သူ တကြော်ကြော်အော်ဟစ်ရင်း ခြံဝမှာ တစ်ယောက်တည်းကျန်ရစ်ခဲ့ရ၏။ စိတ်ပျက်အားလျော့စွာဖြင့် ကားပေါ်တက်ကာ မောင်းထွက်လာခဲ့သည်။ လမ်းမကြီးကို ချိုးကွေ့ချလိုက်စဉ် သူ့နောက်ကျောလမ်းမှ ကွေ့ဝင်လာသည့်ပါဂျဲရိုးကားတစ်စီးကို သတိမထားမိလိုက်ချေ။ ထိုကားပေါ်မှာတား. . .

✿ ✿ ✿



## အခန်း ( ၁၉ )

"မဆိုရဘူးဆို လုံးဝမဆိုရဘူး။ ဒီ Restaurant ကိုလည်း နောက်ဘယ်တော့မှ သွားစရာမလိုဘူး။ ဖြူလေး, ကိုကို့စကားကိုနားထောင်ပါ"

"ဘာဖြစ်လို့လဲကိုကို။ မမငြိမ်းတို့ကို အားနာစရာတွေဖြစ်တုန်မှာပေါ့။ စဉ်းစဉ်းစားစားလည်းလုပ်ပါဦး"

"ဘာမှစဉ်းစားစရာမလိုပါဘူး။ ကိုကိုတားတယ်ဆို ဖြူလေးတ ရပ်ပေါ့"

"ဒါဖြင့် ဘာကြောင့်လဲဆိုတာ ကိုကိုပြောရင် ကျွန်မ တို့တို့



www.burmeseclassic.com

www.burmeseclassic.com



စကားကို နားထောင်မှာပါ"

"ခုန သူ့ ခြံဝကိုရောက်လာတယ်"

"ဟင်! "

သူမ တအံ့တသြဖြင့် ကိုကို့ကိုမော့ကြည့်လိုက်မိ၏။ ကိုကို့မျက်နှာက စိတ်ရှုပ်မှုတို့ဖြင့် မှုန်မှိုင်းမှိုင်း. . .

"ဘာကိစ္စလာရတာလဲ"

"ကိုကိုနဲ့တွေ့ချင်လို့လို့ပြောတာပဲ။ သေချာတာ တစ်ခုကတော့ မိချိုနဲ့ပတ်သက်ပြီး သူတော်တော်ညစ်နေပုံရတယ်။ ဘီယာတွေလည်းမူးလို့"

"ဟယ်"

"သူသာ ဖြူလေးကိုမြင်သွားရင် ပြဿနာတွေက ဒီ့ထက်ပိုရှုပ်လာမှာ။ ဒီတော့. . . သူရန်ကလွတ်အောင် ဖြူလေးအိမ်မှာပဲနေတာ အကောင်းဆုံးပဲ"

"ကျွန်မဘဝကို ဒီလိုပဲ အိမ်တွင်းအောင်းဘဝနဲ့ပဲ နစ်မြုပ်ပစ်လိုက်ရမှာလား"

"အခိုက်အတန့်တစ်ခုလေးပါ. . . ဖြူလေးရယ်။ သူ့ကြောင့် ဖြူလေးကို ထပ်ပြီးမခံစားစေချင်လို့ပါ။ ကိုကို့စေတနာတွေကို အသိ





အမှတ်ပြုပါကွယ်"

သူမ ခေါင်းကိုအသာညိတ်ပြလိုက်ပါ၏။ ကိုကိုရယ်. . . သူနဲ့ပတ်သက်လာရင် အကောင်းအဆိုးမှန်သမျှကို ကျွန်မလက်ခံချင်နေတာ ကိုကိုနားမလည်ပါလား။ ပေးဆပ်သူတွေရဲ့နှလုံးသားမှာ အနစ်နာခံခြင်း၊ စွန့်လွှတ်ခြင်းတွေသာ ရှိတတ်တာကို ကိုကိုမှမသိနိုင်ပဲလေ။

အောက်ထပ်ရှိ သူမအခန်းထဲသို့ ခပ်ဖြည်းဖြည်းလျှောက်၍ ဝင်လာခဲ့သည်။ သီချင်းဆိုစဉ်ဝတ်ထားသည့် ပိုးဂါဝန်ဖြူဖြူကို Night dress ဖြင့်လဲလှယ်၍ ချိတ်မှာ စနစ်တကျချိတ်လိုက်၏။ ခုတင်ထက် ထိုင်ချလိုက်စဉ် မှန်ထဲမှာပေါ်လာသည့်ပုံရိပ်လေးကို ငေးနေမိသည်။

အညိုရောင်ဆံနွယ်တွေက ဖြောင့်စင်းရှည်လျားလျက် မျက်ဝန်းညိုတို့က ရီဝေဝေ. . .။ ကျော်ရယ်. . . ကျော်ပြောတုန်းကတော့ ကျွန်မရဲ့မျက်ဝန်းတောက်တောက်လေးတွေကို စမြင်ခဲ့ဖူးတာဆို။ အဲဒီမျက်ဝန်းတွေကို အဓိပ္ပာယ်ပြန်တတ်ခဲ့ပြီး ကျော့်မြတ်နိုးခဲ့တာမဟုတ်ဘူးလား။ ဒါပေမဲ့. . . လက်တွေ့မှာ နီးစပ်ခြင်းမှုသာ ကျော့်ချစ်သူကို ကျော့်ရွေးချယ်ပြီး နှလုံးသားကို အပိုင်စား



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့တာမဟုတ်လားကွယ်။

စိမ့်ခနဲကျလာသည့်မျက်ရည်ပေါက်က ပါးမို့မို့ထက်မှာ စီးကျသွားလေသည်။ မေ့ထားချင်ပါတယ်။ သို့သော်. . . မေ့လို့မရနိုင်တာ ဘာကြောင့်လဲ၊ အချစ်ဆိုတာ ဆူးတစ်ချောင်းလို့ယူဆသတ်မှတ်လို့ရရင် အဲဒီအချစ်ဆူးဟာ ကျွန်မရင်ထဲက နှလုံးသားကို အဆုံးတိုင် ထိုးဖောက်ဝင်ရောက်နေခဲ့တာ ကြာပါပြီ။ ဒီဆူးတိုဘယ်တော့မှ ပြန်နှုတ်လို့ရနိုင်တော့မှာ မဟုတ်တော့ပါဘူး။

သေချာပါတယ်ကျော်။ ကျွန်မရဲ့ ကျော့်အပေါ် ချစ်နေမိတဲ့ချစ်ခြင်းတွေက ထာဝရမပျောက်ပျက်နိုင်တဲ့ ရာသက်ပန်ချစ်ခြင်းတွေပါကွယ်။

"ဘယ်လို. . . ဘာပြောလိုက်တယ်သား"

"ကျွန်တော်တော့ တစ်ခုခုကို မှားနေပြီမေမေ။ ဒါပေမဲ့. . . ကျွန်တော့်ကိုယ်ကျွန်တော် ဘာမှားနေမှန်းကို စဉ်းစားလို့မရဘူး။ မှားနေတာကတော့ သေကိုသေချာပါတယ်"

"ဘုရားရေ. . . မေမေ့သား အတော်မူးနေပြီလား"

သူ့ မရယ်ချင်ရယ်ချင်ဖြင့် ဟက်ခနဲရယ်မောလိုက်မိ၏။ ည (၁၀)နာရီထိုးသံက နံရံကပ်နာရီထံမှ ထွက်ပေါ်လာသေ





သည်။ ညှို့ခန်းထဲမှာထိုင်နေမိတာ မေမေနှင့် သူနှစ်ယောက်တည်း။

"ကျွန်တော် မမူးပါဘူးမေမေ။ စိတ်ရှုပ်လို့ ဘီယာလေး, ဘူးတစ်ဝက်ပဲသောက်မိထားတာပါ"

"နေ့စဉ်လိုလိုဖြစ်နေတာတော့ မကောင်းဘူးလေ. . . သားရယ်"

"ကျွန်တော် အစွဲကြီးမသောက်ပါဘူးမေမေ။ စိတ်ညစ်ပြေရုံပါပဲ"

"သောက်ပြီးတော့လည်း သားစိတ်က အညစ်ရောပြေလို့လားကွယ်"

သူ ငြိမ်ကျသွားလေ၏။ မေမေက သူ့ဆံပင်တိုတိုကိုသပ်တင်ပေး၍ ကျောကိုအသာပွတ်သပ်လိုက်လေသည်။

"မနောဟာ ကျွန်တော့်ရဲ့မနောမဟုတ်တာတော့ သေချာသည်ထက် သေချာနေပြီ"

"ဘာရယ်"

"ကျွန်တော်တွေ့ခဲ့ဖူးတဲ့မနောက တည်ငြိမ်တယ်၊ အေးဆေးတယ်၊ ရင့်ကျက်တယ်မေမေ။ လက်ရှိ ကျွန်တော်တွဲနေတဲ့မနောက



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကိုကွာခြားလွန်းနေတာအမှန်ပဲ”

“သားရယ်. . . သူလည်း စိတ်လွတ်ကိုယ်လွတ်လေး နေခွင့်ရတုန်း နေတာနေမှာပါ”

“တူကိုမတူတာပါ. . . မေမေ။ ကြာလေ ပေါ်တိမ်လာတဲ့သူ့စရိုက်တွေကို ကျွန်တော်အံ့ဩနေခဲ့မိတာ။ ဟိုတစ်ခါ အိမ်လာလည်တုန်း ပူတင်းလေးစားချင်လို့ဖုတ်ပေးပါဆိုတာ ဝယ်ကျွေးမယ်၊ မလုပ်ခိုင်းနဲ့တဲ့”

“သူစိတ်မပါတာမျိုးနဲ့ ကြုံလို့နေမှာပါ. . . သားရယ်”

“မဟုတ်ဘူးမေမေ။ သူ့ လုပ်ကိုမလုပ်တတ်တာ သိသာလွန်းတယ်။ တစ်ခုခုပြောမိတိုင်း ခေါင်းခါတာချည်းပဲ”

“ဒါပေမဲ့. . . သားအပေါ်မှာ သူချစ်တာကိုတော့ သူဘက်ကမလျော့တာ သားအသိပဲမဟုတ်လား”

သူ မျက်နှာကို လက်ဝါးဖြင့်အုပ်ထားလိုက်မိ၏။ မသေချာခြင်းကို သူ လှမ်းဆုပ်လို့မိနိုင်ပါ့မလား။

“ကျွန်တော့်ရဲ့မနောကို ဒီနေ့. . . ကျွန်တော်ပြန်တွေ့ခဲ့တယ်မေမေ”

“ဟဲ့”





“ဟုတ်တယ်. . . Pan Restaurant မှာ မီးမှုန်မှုန်အောက်စန္ဒရားတီးပြီး သူသီချင်းဆိုပြခဲ့တယ်။ သူ့အသံဟာ ကျွန်တော်နဲ့ညစဉ် ဖုန်းထဲကပြောခဲ့တဲ့အသံချိုချိုအေးအေးပဲ။ သူ့ခြုံထဲမှာတစ်ခါမြင်စဉ်တုန်းကလို ဂါဝန်လေးဝတ်ထားတာပါ မေမေ။ သေချာပါတယ်. . . မေမေ၊ ကျွန်တော်ချစ်နေတဲ့မနောက ကျွန်တော်နဲ့ဝေးတဲ့တစ်နေရာမှာ ရှောင်တိမ်းနေပြီ”

“ဘုရား. . . ဘုရား။ မေမေ့သား ဦးနှောက်တွေကောင်းပါသေးတယ်နော်၊ ဘယ့်နှယ်. . . မနောကို နောက်ထပ်တစ်ကိုယ်ခွဲပြီး မြင်ခံနေရတယ်လို့”

“ကျွန်တော်မညာပါဘူး. . . မေမေ၊ တကယ်ပြောနေတာပါ။ မနောကို ကျွန်တော်မေးမိတိုင်း ကျွန်တော်ပေးခဲ့ဖူးတဲ့ဆွဲကြိုးကို အသိမ်းလွန်သလိုဘာလိုလိုနဲ့ ဝေ့လည်ကြောင်ပတ်ပဲဖြေခဲ့တာများပြီ၊ ပြီးတော့. . . အဲဒီမနောက စကတ်တွေ၊ ဘောင်းဘီတွေပဲအဝတ်များတာ၊ ကျွန်တော်သိနေပါတယ်။ ကျွန်တော်စတွေ့ခဲ့ဖူးတဲ့မနောက ဂါဝန်အဝါနုရောင်လေးနဲ့ပါ။ ဟုတ်တယ်. . . ဒီညတွေ့ခဲ့တဲ့မနောဟာ ကျွန်တော့်ရဲ့မနောအစစ်အမှန်ပါပဲ”

“ဟုတ်ရဲ့လား. . . သားရယ်။ နောက်နှစ်ဆို စေ့စပ်ခွဲလုပ်ဒေး



www.burmeseclassic.com

www.burmeseclassic.com



တော့မှာနော်။ မေတို့ဆီမှာ သမီးအမြွာရှိလား မေးရမလိုဖြစ်နေပါရောလား"

"ရှုပ်ကုန်တော့မှာပဲမေမေ။ ကျွန်တော်တော့ လူရွေးမှားခဲ့တာထင်ပါရဲ့။ အမြွာရှိတယ်လို့ သံသယဝင်ရအောင်လည်း သူတို့အိမ်မှာ မနောရဲ့ပုံတစ်ပုံစီပဲ ရှိနေတာလေ။ ဟုတ်နေပါပြီ. . . ဒါကြောင့်. . . အစ်ကို ကျွန်တော့်ကိုစိတ်ခုနေတာပေါ့။ သွားပါပြီ. . . မေမေရယ်။ ကျွန်တော်က. . . ကျွန်တော်က မနောကိုတစ်ယောက်တည်းထင်ပြီး ဓာတ်ပုံကိုညွှန်းပြီးရွေးခဲ့မိတာ အမှားကြီးမှားပြီထင်ပါရဲ့ မေမေရယ်"

သူ ကလေးတစ်ယောက်လိုငိုချလိုက်မိတော့ မေမေက သူ့တို အသာပွေ့ထားရင်း နှစ်သိမ့်ပေးလေသည်။ ရင်ထဲမှာ နာကျင်စွာခံစားနေရတာအမှန်ပါမနောရယ်။ ကျွန်တော့်ကိုနာကြည်းသွားမှာပေါ့နော်။

ကျွန်တော်က မနောမဟုတ်တဲ့မိန်းကလေးကို ကျွန်တော်နဲ့အနီးဆုံးမှာ ထားရစ်ခဲ့မိတာ ပြင်လို့မရနိုင်တော့တဲ့အမှားများဖြစ်နေပြီလား။ ပထမတော့. . . ညီမကို သူလာတောင်းမိလို့ အစ်ကိုစိတ်ဆိုးသွားတာလို့ပဲထင်ခဲ့မိတာ။ အခုတော့, အစ်ကို့အချစ်ဆုံး





ညီမကိုလျစ်လျူရှုခဲ့မိလို့ အစ်ကို ခါးခါးသီးသီးဖြစ်နေတာပါလား မနောရယ်။ ကျွန်တော်ဘာဆက်လုပ်ရမလဲ။

"တိတ်ပါ. . . သားရယ်။ မေတို့ကို ဖုန်းဆက်ပြီး မေးပေးပါ့မယ်"

"မမေးပါနဲ့. . . မေမေ။ ကိုယ်ချစ်နေတဲ့သူကိုတောင် အဖြူအမည်း ဝေဖန်ကာမခွဲနိုင်ခဲ့တာ ကျွန်တော်ရှက်တယ်။ ကျွန်တော့်တိစ္စကို ကျွန်တော်ပဲနိုင်အောင်ဖြေရှင်းမှာပါ"

"ဟိုကလေးမကိုတော့ လျှော့မတွက်နဲ့နော်သား။ သူ့ပုံစံက ခပ်ထက်ထက်ရယ်။ တော်ကြာ. . . ပြဿနာတွေတက်ကုန်တော့မှ လူကြီးချင်း မျက်နှာပျက်စရာတွေဖြစ်နေပါဦးမယ်ကွယ်"

"မဖြစ်စေရပါဘူးမေမေ။ ဒီကိစ္စကို အစ်ကိုနဲ့ထိပ်တိုက်ရှင်းပြီးရင် ပြတ်ပါပြီ. . .။ အစ်ကိုက ဒီအကြောင်းတွေကိုကြိုသိနေပုံပဲ။ ကျွန်တော့်ကိုပြောလိုက်တဲ့စကားထဲမှာ သက်သေပြစကားလုံးတွေ အများကြီးပါနေတာ ကျွန်တော်ခုမှစဉ်းစားမိတယ်"

"သားရယ်"

မေမေ့ထံမှ ညည်းညူသံအဆုံးမှာ သူ့ ထရပ်၍ အပေါ်ထပ်သို့တက်လာခဲ့၏။ ပြတင်းအပြင်မှ နှင်းမှုန်တွေဆိုင်းနေတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပရှုခင်းက မှုန်ရီမှိုင်းဝေနေလေသည်။ မနောရယ်, ကျွန်တော် ဒိတ်ကိုစွတ်ကို အစဘယ်လိုပြန်ဖော်ရပ့ါ။ ကျွန်တော့်ဘက်မှာ မနောရှိနေပါဦးမလား၊ ကျွန်တော့်အသက်ကိုကယ်တင်ခဲ့ဖူးတဲ့ ကျေးဇူးရှင်လေးကိုမှ ဥပေက္ခာပြုထားခဲ့မိလေခြင်း၊

မနောရေ. . . ကျွန်တော်, မနောရှိနိုင်မယ့်နေရာကို အမြန်ဆုံးစုံစမ်းမှာပါ။ ကျွန်တော့်ကိုစိတ်နာမနေပါနဲ့၊ ကျွန်တော်မသိနိုင်သေးခင်ကတည်းက ကြိုခင်မင်နေတဲ့မနောရဲ့သံယောဇဉ်တွေကို ရှည်လျားလက်စနဲ့ရှည်နေပါစေလားကွယ်။ ကျွန်တော်နဲ့မျက်နှာချင်းဆိုင်တွေ့ကြရင် နာကျင်မှုကင်းမဲ့နေတဲ့အပြုံးမျိုးလေးသာ ပြုံးပြစေချင်တာအမှန်ပါ။

နှင်းတို့က တဖြည်းဖြည်း သည်းထန်လာလေ၏။ ခုချိန်ဆို မနောအိပ်ပျော်နေပြီလား။ ကုန်လွန်ခဲ့တဲ့ကာလတွေကို သူပြန်လွမ်းရင်း ရှည်လျားလွန်းလှသည့်ညကို တစ်ယောက်တည်း အထီးကျန်စွာဖြတ်သန်းနေရလေ၏၊ ရင်ခုန်သံတစ်ချက်အကြားမှာ မနောဟုမြည်ဟည်းနေလေသလား။ ဩော်. . . မနောရယ်။

❁ ❁ ❁



အခန်း ( ၂၀ )

"ပြောပါဦး. . . ကို၊ စားသောက်ဆိုင် ညတိုင်းသွားလေ့ရှိတာ တို့အပြစ်တင်ခဲ့လို့လား။ အခုဟာက အဓိပ္ပာယ်မရှိတဲ့လုပ်ရပ်တွေကို လုပ်နေတယ်ကြားလို့ပြောနေရတာပဲ"

"ကိုယ်. . . လူတစ်ယောက်ကို လိုက်ရှာနေတာအမှန်ပဲ"

"ဘယ်သူ့ကိုလဲ"

"ကိုယ့်ရင်ထဲက မိန်းကလေးကို"

သူမထံမှ လှောင်ရယ်သံခပ်ကျယ်ကျယ်ကို ကြားလိုက်ရသည်၊ မနက်ပိုင်းမို့ ကန်ဘောင်မှာ လူရှင်းနေပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းဟင်း. . . ဒါကြောင့် အန်တီဇင်က ပြောတာကိုး၊ သူ့သား ဦးနှောက်တွေချောင်နေပြီတဲ့၊ အဲဒါအဟုတ်ပါပဲလား"

"မလှောင်ပါနဲ့၊ ကိုယ်တကယ်ပြောနေတာပါ၊ ကိုယ်စတွေ့ဖူးတဲ့မိန်းကလေးဟာ မင်းမဟုတ်ခဲ့ဘူး၊ ပြီးတော့ ကိုယ်ရင်ခုန်ခဲ့တာလည်း မင်းမဟုတ်ဘူး၊ အဲဒါအသေအချာပဲ"

"ကျွတ်. . . ကျွတ်. . . ကျွတ်. . . ကိုတော့ စာတွေအရမ်းကျက်ရလွန်းလို့ တကယ်ဂေါက်သွားတာပါပဲလား၊ ကြံကြံဖန်ဖန်ကိုယ့်ချစ်သူကို နံဘေးမှာရှိနေပါလျက် အဝေးကိုလျှောက်ရှာနေရတယ်လို့"

"ကိုယ်မညာဘူး၊ ဒါ. . . အမှန်တရားပဲ"

"စဉ်းစားပြီးပြောနော်, ကို၊ ဒီကိစ္စက, ကလေးကစားသလိုခုလုပ်ခုဖျက်ပစ်လို့ရတာမဟုတ်ဘူး၊ ကို, ဒီလိုစိတ်ပြောင်းနေရင် တို့ကိစ္စကို ဖေဖေတို့ကိုအသိပေးပြီး ဖျက်ပစ်ရလိမ့်မယ်"

"ကောင်းတယ်. . . ပိုကောင်းတာပေါ့၊ ကိုယ်က တော်တော်ရှင်းယူရမယ်မှတ်နေတာ"

"ကိုကျော်ဇေယျာ. . . ရှင်, ကျွန်မကိုဖြတ်ချင်လို့ တမင်ဆင်ဆယ်နေတာများလား"





လွှတ်ခနဲထွက်လာသည့်နာမ်စားလေးကို သူ့ဂရုစိုက်၍နားထောင်မိ၏၊ ဟုတ်ပါတယ်၊ သူ့မနော အမြဲသုံးလေ့ရှိတဲ့ကျွန်မဆိုတဲ့အသံလေးက အေးအေးလေးပါလေ၊

"ထင်ချင်သလိုထင်နိုင်ပါတယ်"

"ကောင်းပြီလေ. . . ရှင်သိထားဖို့က ကျွန်မက လုပ်လက်စအလုပ်တစ်ခုကို လွယ်လွယ်နဲ့အလျှော့ပေး, ရပ်မသွားတတ်ဘူး၊ နိုင်နိုင်ရှုံးရှုံး ပြီးဆုံးအောင်လုပ်တတ်တယ်ဆိုတာပဲ"

"ဒါကတော့ မင်းသဘောပါ၊ ကိုယ်ကလည်း ကိုယ့်လက်ထဲမှာမြဲမြံစွာဆုပ်ကိုင်ထားတဲ့အမှန်တရားကို ဘယ်ဟော့မှပျောက်မသွားအောင် ထိန်းသိမ်းနေမှာအမှန်ပဲ"

"နေစမ်းပါဦး. . . ရှင်က ကျွန်မကိုမရွေးချယ်ချင်လောက်အောင် ကျွန်မမှာ ဘာအပြစ်တွေများ ကြီးကြီးမားမားရှိနေလို့လဲ၊ ကျွန်မသိအောင် ခပ်ရှင်းရှင်းပြောစမ်းပါရှင့်"

"ကောင်းပြီ. . . ကိုယ်မေးမယ်၊ ကိုယ်, ဆေးရုံတက်တုန်းက ကိုယ့်ကိုသွေးသွင်းပေးခဲ့တဲ့ Nurse ကို မင်းသိလား၊ သူ့နာမည်ဘယ်လိုခေါ်လဲ"

"အို. . . ဒီလောက်နှစ်ချီပြီးကြာနေတဲ့ကိစ္စကို အတည်တကျ



www.burmeseclassic.com

www.burmeseclassic.com



ပြီး မမေးပါနဲ့”

“အဲဒီနေ့တာအဖြစ်အပျက်ဟာ မင်းဘဝမှာ မေ့သင့်မေ့ထိုက်တဲ့နေ့မျိုးမှမဟုတ်ဘဲ။ ပြီးတော့. . . မင်းရဲ့ (၂၀)နှစ်မြောက်မွေးနေ့မှာ မှတ်မှတ်ရရသွေးလှူခဲ့တဲ့ဖြစ်ရပ်တစ်ခုပါ။ အဲဒီနေ့အတွက် ရည်စူးပြီး ကိုယ့်နာမည်ပါတဲ့ဆွဲပြားလေးနဲ့ဆွဲကြိုးကို ကိုယ်ပေးခဲ့တာပဲ။ ကိုယ်သိနေပါတယ်၊ မင်းဟာ. . . ကိုယ့်ရဲ့မနောမဟုတ်ဘဲ သူစိမ်းတစ်ယောက်ပဲ၊ အမှန်တရားဆိုတာ တစ်နေ့နေ့မှာ ဘူးပေါ်သလိုပေါ်လာမှာအမှန်ပါ။ ကျီးဟာ. . . ဒေါင်းယောင်ဆောင်နေလို့လည်း သူ့စရိုက်ကိုသူ လုံးဝဖုံးဖိလို့မရပါဘူး”

“တောက်! ”

သူမ, သူ့အနီးမှပြေးထွက်သွားတာ ကန်ဘောင်လှေကားထစ်တွေကို အပြေးဆင်းသွားသော်ငြား သူ့မတားမိ။ ဘာမှန်း မရေရာမိချိန်မှာ သူချိန်းလိုက်ရာကန်ဘောင်ဆီ မိုးပြာရောင်ဝတ်စုံလေးဝတ်လာသည့်သူမထံမှ အဖြေပြန်ရပြီဟူ၍ အပျော်ကြီးပျော်ခဲ့သည့် သူ့အပျော်တို့သည် ယခုတော့ အိပ်မက်ပမာ. . .။

ကြည့်စမ်း. . .၊ ဒါကို သူဘာဖြစ်လို့မတွေးမိတာပါလိမ့်၊ အစ်ကိုပြောင်းနေတဲ့အိမ်မှာ မနောရှိနေမှာပေါ့။ သူသိပ်ချစ်ရတဲ့ မနောရှိနေမှာပေါ့။ ဘုရားရေ. . . ခဏလေးတွေးမိရုံနဲ့ သူ့ရင်ခုန်သံတွေ ခုန်ပေါက်မြည်လာတာ အံ့ဩစရာပါလား။ ကားရှိရာဆီ ပြေးဆင်း၍ ရွှေတောင်ကြားလမ်းကို ဦးတည့်လိုက်သည်၊

မနောရေ. . . မနောရှိနေပါစေကွယ်။

ဟင်းလင်းဖွင့်ထားသည့်ခြံတံခါးကို ချိုးကွေ့ဝင်လိုက်စဉ် ရိပ်ခနဲမြင်လိုက်ရသည့်မိုးပြာရောင်. . .။ သူ့, ဘရိတ်ကိုဆတ်ခနဲနင်းလိုက်သည်နှင့် ကားတာယာနှင့် ကတ္တရာလမ်းပွတ်တိုက်သံက ဝန်းအုံတစ်ဝိုက် ကျယ်လောင်လျက်။ တံခါးကိုအမြန်ဖွင့်၍ဆင်းလိုက်စဉ် သူ့ကားရှေ့မှာ ပုံပုံလေးလဲနေသည့်မိန်းကလေးက သတိလစ်နေမြောလျက်. . .။

“မနော. . . မနောရေ. . . ကျွန်တော်, မနောကိုလိုက်ရှာနေတာကြာပြီ။ ကျွန်တော့်ကိုစကားတွေပြောပါဦး. . . မနောရေ”

မေးစေ့လုံးလုံးလေးကိုကိုင်၍ သူ့, တကြော်ကြော်အော်နေစဉ် သူ့ကားနောက်မှာ ရပ်သွားသည်က လင်ခရူဇာ။

“မင်း. . . မင်း. . . ဖြူလေးကို ကားနဲ့တိုက်လိုက်တာပေါ့လေ။ အယုတ်တမာကောင်. . . ဖြူလေးနှလုံးသားကိုသတ်ရုံနဲ့အားမရလို့ အသက်ကိုပါရန်ရှာတာလား ကျော်ဇေယျာမင်းရဲ့၊ ဒါ. . .”







www.burmeseclassic.com

www.burmeseclassic.com



ခွပ်ခနဲအသံနှင့်အတူ သူ့မျက်နှာ တစ်ဖက်သို့လည်ထွက်သွားလေ၏။ လက်ထဲမှာ ပွေ့ထားသည့်မနော့ကို လွှတ်မပေးဘဲ တင်းတင်းဖက်ထားတော့ အစ်ကိုက သူ့လက်တွေကို အတင်းဖြည်နေလေသည်။

"ဟော့ကောင်. . . လွှတ်စမ်း။ မင်းလက်တွေနဲ့ ငါ့ညီမ,မတန်ဘူး။ ငါ့ညီမ သနကုန်မယ်။ ဖယ်ပေးစမ်း"

"မနော. . . မနောရေ. . . ကျွန်တော်ခေါ်နေတယ်လေ။ မနော"

"ဟာ. . . ဒီကောင်တော့"

"သားကြီး. . . ဘာတွေဖြစ်နေတာလဲ"

"ဘဘကြီး. . . ဒီမှာ, ဖြူလေးသတိလစ်နေတာကို ဒီလူယုတ်မာ လွှတ်မပေးလို့"

"ကျွတ်. . . ဟုတ်သားပဲ။ တဲကဲ. . . မောင်ကျော်ဇေယျာ သမီးကိုသတိရအောင်လုပ်ဖို့က အရေးကြီးတယ်. . . လွှတ်ပေးဝါ။ မောင်ထွန်းရေ. . . ဒေါက်တာမိုးစပယ်ကို ဖုန်းဆက်ခေါ်စမ်း. . . မြန်မြန်လို့"

"ဟုတ်ကဲ့. . . အဘ"





"အင်း. . . ကားနဲ့တိုက်မိပုံတော့မရပါဘူး။ သူ့အစ်ကိုထားလာပြီထင်ပြီး ထွက်ကြိုရင်း လန့်သွားတာပဲဖြစ်မှာ"

အစ်ကိုက မနောကိုပွေ့ချီသွားသဖြင့် သူနောက်မှ အသာအလိုက်လာခဲ့မိ၏။ အောက်ထပ်အခန်းထဲရှိ ခုတင်ပေါ်သို့ တင်လိုက်ပြီး သူဝင်လာတာကိုတွေ့တော့ ဒေါသတကြီးဖြင့် အစ်ကိုက အော်ဟစ်မောင်းထုတ်လေသည်။

"ဟော့ကောင်. . . မင်းကိုငါဘာပြောထားလဲ။ မင်းမျက်နှာနောက်ထပ် ငါမတွေ့ချင်တော့ဘူးလို့ပြောထားတယ်မဟုတ်လား။ မင်း, လူဆို လူစကားနားလည်မှပေါ့ကွ"

"အစ်ကို ကျွန်တော်တောင်းပန်ပါတယ်။ မနောအနားမှာ နေပါရစေ အစ်ကိုရယ်။ ခဏလေးဖြစ်ဖြစ်နေခွင့်ရရင် ကျွန်တော် ကျေနပ်ပါပြီ"

"ကဲပါ. . . သားကြီးရယ်. . . ထားလိုက်စမ်းပါ။ သူလည်း သူ့ကြောင့်ဖြစ်တာမှ စိုးရိမ်ရှာမှာပေါ့။ နေပါစေ. . . ခုံမှာဝင်ထိုင်သား"

"ဟုတ်ကဲ့"

ခဏအကြာမှာ ဒေါက်တာမိုးစပယ်ရောက်လာပြီး သူမတို့



www.burmeseclassic.com

www.burmeseclassic.com



ဆေးထိုးဆေးသွင်းလုပ်ပေးသည်မှ သူအသာထွက်လာခဲ့၏။

အခန်းထဲကို ဝေ့ဝဲကြည့်လိုက်စဉ် မှန်ဗီရိုထဲမှာ အစီအရီ ချိတ်ထားသည့်ဂါဝန်ရောင်စုံတို့ကို တွေ့ရလေသည်။ ဟုတ်ပါတယ်။ သူအမြတ်နိုးဆုံးမိန်းကလေးက အမြဲတမ်းဂါဝန်ရှည်လေးတွေပဲဝတ်လေ့ရှိတာကို သူဘာဖြစ်လို့သတိမထားမိခဲ့တာပါလိမ့်။

ဒေါက်တာမိုးစပယ်နှင့်အတူ အစ်ကိုတို့တူအရီးပါ အိမ်ရှေ့ဧည့်ခန်းသို့ထွက်လာလေ၏။ ဒေါက်တာက ကားကိုမောင်းထွက်ပြီး ပြန်သွားစဉ် အစ်ကို့ထံမှ မီးဝင်းဝင်းတောက်နေသည့် အကြည့်စူးစူးတွေကို သူရလိုက်ပါသည်။

"ကဲ. . . ပြောစမ်းပါဦး။ မင်းဘာရည်ရွယ်ချက်နဲ့ ဒီကိုလာရတာလဲ"

"ကျွန်တော်. . . ကျွန်တော်. . . မနောကိုလာရှာတာပါ"

"မင်းရဲ့မနောက. . . ဖေဖေတို့အိမ်မှာရှိနေတာပဲ။ အဲဒီကိုသွားဘဲနဲ့ ဘာကိစ္စ ဒီကိုလာရတာလဲ"

"အစ်ကို. . .၊ ကျွန်တော့်မနောက အဲဒီမနောမဟုတ်ဘူး အစ်ကို။ အခု. . . ဒီအိမ်က. . . မနောပါ"

"ဘာကွ. . . မင်း တော်တော်မျက်နှာပြောင်တိုက်တဲ့ကောင်





ပါလား။ မင်းဟာမင်း ရွေးချင်တဲ့လူရွေးပြီးမှ ငါ့ညီမဒုက္ခိတလေးကို ဒုက္ခတွေထပ်ပေးဖို့မကြံနဲ့ကွ"

"ကျွန်တော်, မနောကိုပဲချစ်တယ်အစ်ကို"

"မင်း"

"သားကြီး. . . လက်မပါနဲ့လေ။ ပါးစပ်နဲ့ရှင်းအောင်ပြောမှပေါ့"

သူ, အစ်ကို့ခြေထောက်နားမှာ ဒူးထောက်ထိုင်ချလိုက်တော့ အစ်ကိုနှင့်ဘကြီးပါ အံ့သြသွားရလေသည်။

"အစ်ကိုသတ်ရင်လည်း ကျွန်တော်ခံရပါတယ်အဲကိုရယ်။ ကျွန်တော်တကယ်ချစ်နေတာ ဒီအိမ်က မနောကိုပါ။ ကျွန်တော့်ကို သွေးလှူပေးခဲ့တဲ့၊ ကျွန်တော့်အသက်ကိုကယ်တင်ပေးခဲ့ဖူးတဲ့ အစ်ကို့နှလုံးသား. . . မနောကိုပါဗျာ"

"ဒါပေမဲ့. . . မင်းရဲ့ချစ်သူဖြစ်ခွင့်ရခဲ့တာ မနောချိုလေ. . . တော့်ဇေယျာ။ မနော်ဖြူမှမဟုတ်ဘဲ"

"ကျွန်တော်မသိဘူး. . . မနောတို့မှာအမြွှာရှိမှန်း ကျွန်တော် သတယ်မသိခဲ့တာပါ။ ပြီးတော့. . . ပြီးတော့ မနောချိုတလည်း ကျွန်တော်လူမှားတာကိုငြိမ်နေတော့. . ."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုယ်တိုင် ခေတ်ပုံကိုညွှန်ပြပြီးရွေးခဲ့တာပါကျော်ဇေယျာ၊ ဖြူလေးက ငယ်ငယ်ကတည်းက. . . ခေတ်ပုံရိုက်ခဲ့ဖူးတာမှမဟုတ်ဘဲ"

"ကျွန်တော့်အပြစ်ပါပဲအစ်ကိုရယ်. . .။ သူတို့နှစ်ယောက်ကို တစ်ယောက်တည်းထင်နေမိတာကိုက ကျွန်တော့်အမှားပါ။ အစ်ကို့အပြစ်တင်လည်း ကျွန်တော်ခံရမှာပါပဲ။ ဒါပေမဲ့. . . ကျွန်တော် မနောကို အဆုံးရှုံးတော့မခံပါရစေနဲ့အစ်ကိုရယ်၊ ကျွန်တော်အနူး အညွတ်တောင်းပန်ပါတယ်ခင်ဗျာ"

မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည့်သူ့ကိုကြည့်၍ သန့်စင်ဖြူနှုတ်ဆိတ်သွားလေ၏။

ခက်တော့တာပဲ. . .၊ ဒါကြောင့် ဖြူလေးပြောခဲ့ဖူးသားပဲ။ သူက ဖြူလေးတို့နှစ်ယောက်ကို တစ်ယောက်တည်းလို့ထင်နေတာ တကယ်ပဲဖြစ်နေပါရော့လား။

"အဲဒါ. . . သားသတိမထားမိလို့ပါ။ သူတို့နှစ်ယောက်ကို အမှတ်အသားတွေနဲ့ ခွဲလို့မရနိုင်ပေမယ့် မျက်လုံးနဲ့ဆံပင်အရောင်ကိုသေချာကြည့်ပြီး ခွဲလို့ရပါတယ်။ ဖြူလေးက မျက်ဆံရော၊ ဆံပင်ရော အညိုသန်းတယ်၊ အကြည့်ထဲမှာကိုက ကရုဏာပါတယ်၊ ဒေး





တယ်. . . မိချိုက မျက်ဆံနဲ့ဆံပင်နက်တယ်၊ အကြည့်စူးတယ်၊ သော်တယ်. . ."

"ကျွန်တော်က မနောကို ခပ်လှမ်းလှမ်းကပဲ တွေ့ခဲ့ဖူးတော့ သိပ်မခွဲတတ်ခဲ့ဘူး ဘဘကြီးရဲ့"

"နောက်တစ်ခုက ဖြူလေးက ခုနစ်တန်းတုန်းက ခြေနှစ်ဖက်စလုံးကြေခဲ့ဖူးလို့ စတီးချောင်းတွေထည့်ထားရတာ၊ ခြေမသန်လို့ ဂါဝန်တွေပဲဝတ်လေ့ရှိတယ်။ ပြီးတော့. . . သူ့ကိုယ်သူ 'ကျွန်မ'လို့ပဲ အမြဲသုံးတယ်။ မိချိုက 'ချို'လို့ပဲပြောလေ့ရှိတယ်"

"ကျွန်တော်နဲ့ဆုံတော့ 'ကျွန်မ'လို့မပြောဘဲ 'တို့'လို့သုံးခဲ့တာ ဘဘကြီးရဲ့"

"ကဲ. . . ထိုင်ခုံမှာပြန်ထိုင်ပါ မောင်ကျော်ဇေယျာ"

"ဟုတ်ကဲ့"

သူ၊ အစ်ကို့ရှေ့ခုံမှာပြန်ထိုင်လိုက်တော့ အစ်ကို့မျက်နှာက မသက်မသာဖြစ်နေလေ၏။

"ဖြူလေးက ဒုက္ခိတနှလုံးရောဂါသည်ပါ. . . ညီ၊ ဒီတော့ ခုကတည်းက နောက်ဆုတ်လိုက်တာ အကောင်းဆုံးပါပဲ၊ မိချိုက ဒီအကြောင်းတွေသိသွားရင် ပြဿနာရှာမှာ၊ ဖြူလေးကိုနောင်



www.burmeseclassic.com

www.burmeseclassic.com



ထပ် ဘယ်လိုဝေဒနာမျိုးမှ ထပ်မခံစားစေချင်ဘူး။ အဲဒါ ကိုယ့်ရင်ထဲက ဆန္ဒအမှန်ပဲ"

"ကျွန်တော် နားလည်ပါတယ်. . . အစ်ကို။ မနော့ချိုကို ကျွန်တော်အပြတ်ရှင်းခဲ့ပြီးပါပြီ၊ ဘာပြဿနာမှ ထပ်မဖြစ်စေရပါဘူး"

"သူက ငြိမ်နေမယ့်မိန်းကလေးမဟုတ်ဘူး"

"ကျွန်တော့်နေရာကိုလည်း ဝင်ကြည့်ပေးပါဦး အစ်ကိုရယ်၊ ကိုယ်ချစ်တဲ့သူမဟုတ်ဘဲနဲ့ အဲဒီမိန်းကလေးကိုလက်ထပ်ပြီး စိတ်ဆင်းရဲနေရမယ့် အိမ်ထောင်သည်ဘဝထက် ကိုယ့်ချစ်သူနဲ့လက်ထပ်ခွင့်မရနိုင်ပေမယ့်. . . အဝေးကချစ်ခွင့်ရရုံလေးနဲ့ ကျွန်တော်ကျေနပ်နှစ်သိမ့်နိုင်ပါတယ်ခင်ဗျာ"

"ဖြူလေးရဲ့အဆုံးအဖြတ်ကပဲ ပဓာနကျပါတယ်ညီ။ ပြီးတော့ သူ့လိုရောဂါသည်ဒုက္ခိတလေးကို မင်းတစ်သက်လုံးကြင်နာနိုင်ပါ့မလားဆိုတာကို ထည့်စဉ်းစားဖို့မမေ့ပါနဲ့"

"ကျွန်တော်ကတိပေးပါတယ်အစ်ကို။ ကျွန်တော်, မနောကို ရာသက်ပန်ရိုးမြေကျ ကြင်နာယုယသွားမှာပါ. . .၊ ကျွန်တော့်ရဲ့ယောက်ျားမာနတွေကို အကုန်စုပုံပေးပြီး ဒီကတိကိုပေးတာပါ





အစ်ကို"

ကျေးဇူးတင်ပါတယ်. . . ကျော်၊ ဒါပေမဲ့. . . တျော်, ရှော်လင့်ထားသလို ကျွန်မက, ကျော့်လက်ထဲကိုမျှား ဒီဒုက္ခိတရောဂါသည်ဘဝကြီးကို ထည့်ပေးလိမ့်မယ်လို့ထင်မထားလိုက်ပါနဲ့၊

နှလုံးသားကို ဦးစားပေးမိလိုက်တာနဲ့ ကျွန်မအတ္တတွေ သိပ်ကြီးသွားမှာပေါ့. . . ကျော်ရယ်၊ ရင်ထဲမှာ ထာဝရရှိနေမယ့်ချစ်သူတစ်ယောက်ကို ပိုင်ဆိုင်ခွင့်မရရှိနိုင်တော့ပေမယ့် ကျွန်မအပေါ်မှာထားရှိတဲ့ ကျော့်ရဲ့ချစ်ခြင်းတွေကိုသိရုံနဲ့တင် ဒီလောကကြီးထဲမှာ ကျွန်မသေပျော်ပါပြီ. . . ကျော်။

အဲဒါ. . . တကယ်ပါကွယ်၊

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၁ )

ရှည်လျားသည့်မျက်တောင်တွေကို ဖွင့်ကြည့်လိုက်စဉ် သူမ တို စိုးရိမ်တကြီးငုံ့ကြည့်နေသည့်မျက်ဝန်းတွေကို တွေ့လိုက်ရလေ၏။

"ဖြူလေး . . . သတိရလာပြီလား။ ကိုယ်ထဲမှာ နာနေသေး လားဟင်"

သူမအပြုံးတစ်ခုကိုဖန်တီး၍ ခေါင်းကိုဖြည်းညင်းစွာခါယမ်း ပြလိုက်ပါ၏။ ဘဘကြီးက သူမနဖူးပေါ်မှာတင်နေသည့်ဆံစလေး များကို အသာသပ်တင်ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး. . . နေလို့ကောင်းရဲ့လား"

"ဟုတ်ကဲ့ဘဘကြီး"

"ဒီမှာကြည့်ပါဦး၊ သူဘယ်သူလဲ. . . သမီးသိတယ်မဟုတ်လား"

"ဟင့်အင်း. . . ကျွန်မမသိပါဘူး"

"ဟင်. . ."

ကွက်ခနဲပျက်သွားပါသည့်သူ့မျက်နှာက ပြင်၍မရနိုင်တော့အောင် ပျက်ယွင်းနီရဲသွားလေ၏။ မနောရယ်. . . လုံးဝကိုမမှတ်မိတော့တာလား. . .။

"စဉ်းစားကြည့်ပါဦး. . . ဖြူလေးရဲ့၊ သူ့ကို ဖြူလေးရဲ့အသက်နှစ်ဆယ်ပြည့်မွေးနေ့မှာ သေသေချာချာတွေ့ခဲ့ဖူးတာပါ"

"ကျွန်မ တကယ်မသိတာပါကိုကို။ တစ်ခါမှမတွေ့ခဲ့ဖူးတာ သေချာပါတယ်"

"မနောရယ်. . . မနောဆီမှာ ကျွန်တော့်နာမည်လေးထွင်းထားတဲ့ရွှေဆွဲကြိုးလေးရှိနေတယ်လေ။ သေချာ ခေါင်းအေးအေးထားပြီး စဉ်းစားကြည့်ပါဦး"

"ကျွန်မတကယ်ပြောနေတာပါရှင်။ ရှင့်ကို တစ်ခါမှမတွေ့





ဖူးတာအမှန်ပါပဲ၊ ကိုကိုရယ်. . . ကျွန်မခေါင်းတွေမူးလာပြီ။ ဘာဖြစ်လို့ ခေါင်းမူးအောင် စဉ်းစားခိုင်းနေကြတာလဲ. . . ကျွန်မတို့မသနားတော့ဘူးလား"

"အင်းပါ. . . အင်းပါ. . . ဖြူလေး နားချင်နားတော့နော်၊ ကိုကိုတို့ဘာမှမပြောတော့ပါဘူး"

ကိုကိုက ထရပ်လိုက်ပြီး သူ့ပခုံးကို ဖတ်ခနဲပုတ်လိုက်လေ၏၊ သူ့မျက်ဝန်းထဲမှမျက်ရည်တစ်ပေါက် စီးကျလာလေသည်၊ သူမက သူ့ကိုတစ်ချက်ကြည့်လိုက်ပြီး မျက်လုံးလေးတွေကို ပြန်မှိတ်ထားလိုက်လေ၏။

သူ, အစ်ကိုခေါ်ထုတ်ခဲ့ရာ နောက်လိုက်ခဲ့ပြီး၊ ညှိုးခန်းနံရံမှာ မျက်နှာအပ်၍ ကျောတသိမ့်သိမ့်လှုပ်သည်အထိ ဝမ်းပန်းတနည်းငိုချလိုက်မိသည်၊ မနောရယ်. . . ကိုယ့်ကြောင့် အတိတ်ကိုဝါမေ့သွားပါရောလား၊ ကိုယ်, ဘယ်လိုဖြေဆည်ရပါ့မလဲကွယ်၊

"ညီ. . . စိတ်ကိုလျှော့ပါကွာ"

"အစ်ကိုရယ်. . . ကျွန်တော့်ကြောင့် မနော, ခုလိုအတိတ်မေ့သွားရတာပါ။ ကျွန်တော့်အပြစ်ပါ. . . ကျွန်တော်. . . ကျွန်တော် ကိုယ့်ကိုယ်ကိုခွင့်မလွှတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မလုပ်နဲ့လေ"

သူ, နံရံကိုခေါင်းဖြင့်ဆောင့်လိုက်မိစဉ် အစ်ကိုက သူ့ကို အတင်းဆွဲဖက်ထားလိုက်လေ၏။ သူ, အစ်ကို့ရင်ခွင်ထဲမှာ ကလေးလေးလိုပင် ငိုကြွေးနေမိလေသည်။

"တိတ်ပါညီရယ်. . . ညီ, တိုက်မိတုန်းက သမံတလင်းပေါ် သူလဲကျသွားပြီး ရိုက်မိသွားတာပဲနေမှာပါ။ ဘာပဲဖြစ်ဖြစ် သူမေ့နေတဲ့အတိတ်ကို တစ်နေ့နေ့တော့ပြန်သတိရလာမှာပါ။ အဲဒီနေ့ကို အစ်ကိုတို့ စိတ်ရှည်ရှည်နဲ့စောင့်ကြတာပေါ့ကွာ. . . နော်"

"ကဲ. . . သားလည်း လူရောစိတ်ပါပင်ပန်းလွန်းလှပြီ၊ အိမ်ပြန်ပြီးနားပါတော့ကွယ်။ စာမေးပွဲလည်း နီးနေပြီမဟုတ်လား၊ စိတ်ချမ်းသာအောင်နေမှပေါ့"

"ဟုတ်ကဲ့"

သူ, အစ်ကိုတို့ကိုနှုတ်ဆက်၍ အားတင်းကာ အိမ်သို့ပြန်လာခဲ့လေသည်။ မနော့ရယ်. . . မနော ကိုယ့်ကိုမှတ်မိတဲ့အချိန်အထိ ကိုယ်သည်းခံပြီးစောင့်နေမှာပါလေ. . .။

အခန်းထဲပြန်ဝင်လာသည့်ကိုကိုက သူမနှာခေါင်းချွန်ချွန်လေးကို အသာဆွဲလိမ်လိုက်ပါ၏။





"အား. . . နာတယ်ကိုကိုရ"

"ဖြူလေး. . . သူများကိုသာ ညာလို့ရမယ်၊ ကိုတို့ကိုညာလို့မရဘူး၊ အဲဒါ. . . မြဲမြဲမှတ်ထား"

"သူပြန်သွားပြီလား"

"ပြန်သွားပြီပေါ့. . . ဝမ်းနည်းပြီးငိုချလိုက်တာမှ ချုံးပွဲချပဲ၊ သနားပါတယ်ဖြူလေးရယ်"

"ဟင်. . . ကိုကိုပဲ အမျိုးမျိုး၊ အစကတော့ မုန်းတယ်၊ ကြည့်မရဘူးဆို"

"အင်းလေ. . . ဒါပေမဲ့. . . ဖြူလေးကိုတော့ သူအတော်ချစ်ပုံရတယ်ကွ။ ဖြူလေး, သူ့ကိုမမှတ်မိဘူးလို့လည်းပြောလိုက်ရော. . . ဣန္ဒြေမဆည်နိုင်အောင်ကို မျက်နှာပျက်ယွင်းသွားတာပဲ၊ အဲဒီလောက်တော့ မနှိပ်စက်ပါနဲ့ညီမလေးရယ်,နော်"

"လောကမှာ ဖြစ်ချင်တိုင်းဖြစ်လာတာမှမဟုတ်တာဘဲကိုကိုရယ်၊ ကျွန်မက ဖြစ်သင့်တာကိုရွေးချယ်လိုက်တာပါ။ ကျွန်မ, သူ့ကိုသိပ်ချစ်ပါတယ်၊ ဒါပေမဲ့. . . လွတ်လပ်ပျော်ရွှင်နိုင်မယ့်ဘဝကိုတော့ သူ့ကို ကျွန်မ, မဖန်တီးပေးနိုင်ဘူး။ လူကြားထဲ၊ လူတောထဲမှာ ယ်တင့်မယ့်မိန်းမမျိုးထဲမှာ. . . ကျွန်မမှမပါနိုင်တာဘဲကိုကို။



www.burmeseclassic.com

www.burmeseclassic.com



အရေးအကြောင်းဆို အမြန်ပြေးလွှားလို့မရနိုင်တဲ့ ဒီဒုက္ခိတမလေးကို ဘယ်သူက, ဘယ်လောက်ထိ သည်းခံစိတ်ရှည်နိုင်မှာတဲ့လဲ။ ဒီကြားထဲ. . . ရောဂါက မကြာမကြာထဖောက်တတ်သေးတာတော်ပါပြီ. . . ကိုကိုရယ်။ အတူတူနေပြီးမှ စိတ်ကုန်လမ်းခွဲရရင် ကျွန်မတစ်ခါတည်း အသက်ပါသွားမှာ သေချာပါတယ်။ ဒီတော့ ခုလိုအတိုင်းလေးပဲ ဝေးဝေးကနေ ချစ်နေလွမ်းနေရုံလေးနဲ့တင် ကျွန်မကျေနပ်လိုက်ပါတော့မယ်လေ"

"ဖြူလေးရယ်. . . ဒီလိုခွဲနေရတော့ရော ဖြူလေးပျော်နိုင်လို့လား၊ သူရော ပျော်ရွှင်နေမယ်လို့ထင်လား။ မှားမယ်နော်၊ သူ ဖြူလေးအပေါ်မှာ 'တကယ့်ကိုစွဲစွဲလမ်းလမ်းနဲ့ချစ်ရှာတာပါ"

ကိုကို့ Hand Phone မှ သံစုံမြည်လာသဖြင့် ဖုန်းကိုဖွင့်နားထောင်လိုက်လေ၏။

"တဲ. . . ကိုကို side ထဲမှာ အရေးကြီးလို့တဲ့၊ ကိုကိုသွားဦးမယ်. . . ဖြူလေး။ အခန်းထဲမှာပဲနေနော်၊ အပြင်ကိုမထွက်နဲ့၊ ညနေစောင်းလေ, ရာသီဥတုကအေးစိမ့်လေပဲ"

"ဟုတ်"

ကိုကိုထွက်သွားပြီးနောက် ဘဘကြီးကပါ Dinner ရှိ၍ ရွှေ





ဆင့်နောက်ဆင့်ကားတွေထွက်သွားသံ ကြားလိုက်ရ၏။ အိပ်ရာထဲမှာ ခွေနေရတာကြာပြီမို့ ကိုယ်လက်တွေညောင်းလာသဖြင့် အခန်းထဲမှာ ဟိုဒီလျှောက်နေမိသည်။ ဂါဝန်အနီရဲရဲလေးဝတ်ထားတာမို့ လည်တိုင်သွယ်သွယ်ထက်မှာ ရှိနေသည့်ရွှေဆွဲကြိုးလေးတဝိုဝင်းနေသလိုပင်၊ လော့ကတ်လေးကိုကိုင်၍ သူမနှစ်ခြိုက်စွာ ပြုံးနေမိစဉ် မှန်ထဲမှာ သူမလို နောက်ထပ်ပုံရိပ်တစ်ခုပေါ်လာလေ၏။

"ဟင်. . . ချို"

ဆတ်ခနဲလှည့်ကြည့်လိုက်တော့ သူမ,နောက်မှာ မားမားကြီးရပ်နေသည့်မနော်ချိုနှင့် မျက်နှာချင်းဆိုင်ဖြစ်သွားလေ၏။ မနောချို၏အကြည့်တွေက သူမလည်တိုင်ထက်မှ ဆွဲကြိုးလေးဆီမှာ တစိုက်မတ်မတ်။

ဘုရားရေ. . . သူ. . . သူ. . . ဘာလုပ်မလို့ပါလိမ့်။

"ချို. . . နှင်"

"ဟုတ်တယ်. . . နင့်ဘဝမှာ အမြဲရှုံးနိမ့်ပေးခဲ့ရတဲ့ မနောချိုလေ၊ ငါ့နှလုံးသားကို ငါမရရအောင်ပြန်ယူပြမယ် ဖနောချိုဒီတစ်ခါ ငါမရှုံးစေရဘူး။ ငါ နိုင်ကိုနိုင်ရမှဖြစ်မယ်၊ နင်. . . ဒီနေ့သေနေ့စေ့ပြီမှတ်"



www.burmeseclassic.com

www.burmeseclassic.com



"အား. . . ကိုကိုရေ"

လည်တိုင်သွယ်သွယ်ထက် ညှစ်လာသည့်လက်အစုံကို ဖယ်ရှားခြင်းမရှိဘဲ လော့ကတ်သီးလေးကိုသာ သူမ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလျက် ရှန်းနေမိသည်။ အသက်ရှူမွန်းကြပ်လာသည်နှင့်အတူ နှလုံးဆီမှအောင့်သက်လာမှုက အခံရခက်လေစွ။

ရှန်းကန်လှုပ်ရှားလျက် ခုတင်ထက် ဝုန်းခနဲပစ်ကျသွားစဉ် အိမ်ခန်းထဲသို့ လူရိပ်ဝင်လာသည်ကိုသာ နောက်ဆုံးသိလိုက်ရလေ၏။ ကျော်ရေ. . .၊ ကျော်ပေးထားတဲ့အမှတ်တရပစ္စည်းလေးတို ကျွန်မဆီက သူ့ယူသွားတော့မှာ။ ဒီပစ္စည်း သူ့လက်ထဲမှာတွေ့နေရပေမယ့် သူဟာ ကျော်ရဲ့မနောပါလို့ မျက်စိမှိတ် မယုံကြည်လိုက်ပါနဲ့. . . ကျော်ရယ်. . . နော်။

မိနန်း ဖုန်းခေါ်လိုက်သဖြင့် သန့်စင်ဖြူရော၊ ဦးဘဆက်နိုင်ပါ လမ်းတစ်ဝက်နှင့်ပင် လှည့်ပြန်ခဲ့ရ၏။ ခုတင်အောက်မှာ လဲကျ၍ သတိလစ်နေသည့်မိချိုနှင့် ခုတင်ပေါ်မှာ မေ့မြောနေပါသည့် ဖြူလေးတို့ပါ ဆေးရုံသို့အမြန်ခေါ်ခဲ့ရလေသည်။

နှလုံးနှိုးစက်အကူအညီဖြင့် နှလုံးကိုနှိုးပြီးမှ အောက်ဆီဂျင်ပေးထားသည့်ဖြူလေးအနီးမှာ ဆွေမျိုးမိဘတွေပါ အစုံအလင်ရှိ





နေပါ၏။ တစ်ဖက်ခန်းမှာ သတိပြန်လည်လာသော်လည်း စိတ်နောက်သွားရှာသည့်မနောချိုကို ဆေးရုံပြောင်းတင်ရန် ဖေဖေတို့အမြန်စီစဉ်နေစဉ် သန့်စင်ဖြူ Hand Phone ခလုတ်တွေကို နှိပ်လိုက်မိလေ၏။

ညီမလေးရယ်. . .။ နှုတ်ဖျားက ဘယ်လောက်ပဲ ငြင်းဆန်တယ်ပြောပြော၊ သူ့နှလုံးသားကိုလုယူဖို့ကြံစည်တာကို အသက်မေးကာကွယ်ခဲ့တဲ့ ညီမလေးရဲ့ချစ်ခြင်းတွေကိုတော့ ဘယ်သူမှမငြင်းအောင် ဖုံးကွယ်ထားလို့မရပါဘူးကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



*All love is sweet, given or returned.*

*(Percy Bysshe Shelly)*

ပေးရတာပဲဖြစ်ဖြစ်. . .ပြန်ရတာပဲဖြစ်ဖြစ်. . . အချစ်တွေအားလုံးဟာ ချိုမြိန်တယ်. . .

(ပါစီဘစ်ရှယ်လီ)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

Special Room ထဲမှာ လူနှစ်ဦးသာ ရှိနေပါ၏၊ တစ်ဦးက ခုတင်ထက်မှာ အိပ်ပျော်နေသည့် လူမမာလှလှကလေးဖြစ်သလို နောက်တစ်ဦးက ထိုလူနာမလေးကို တစိုက်မတ်မတ်မျက်တောင်မခတ်ငေးကြည့်နေသည့် ခပ်ဖြောင့်ဖြောင့်တောင်လေးတစ်ယောက်ဖြစ်လေသည်၊

Nurse မလေးက Drip ပိုက်တွေကို ဖြုတ်သိမ်း၍ ပြန်ထွက်သွားစဉ် ကောင်လေးက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထား[illegible] သည့် ကောင်မလေး၏လက်သီးဆုပ်လေးကို ခဝ်တင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်လိုက်လေ၏။

ဖျတ်ခနဲပွင့်လာသည့် မျက်ဆံညိုလေးများက သူ့ထံ ဒိုင်းခနဲ ရောက်လာစဉ် အချိုမြိန်ဆုံးသောအပြုံးကို သူပြုံးပြလိုက်ပါ၏။ တောင်မလေး၏လက်ကလေးကို ဖျတ်ခနဲ သူ့ယူနမ်းလိုက်စဉ် လက်သီးဆုပ်ထဲမှ ရွှေကြိုးမျှင်မျှင်လေးက သူ့လက်ထဲရောက်လာလေသည်။

သူ့ အသာထရပ်လိုက်ပြီး သူမလည်တိုင်မှာ ဆွဲကြိုးကိုပြန်တပ်ပေးတော့ သူမ အသာလေးငြိမ်နေလေ၏။ ဝင်းမို့မို့ပါးပြင်ကို ငုံ့နမ်းလိုက်စဉ် သူမထံမှ ‘အို’ ဟူသည့်အာမေဋိတ်သံတစ်ခုနှင့်အတူ နှင်းဆီရောင်ပန်းခင်းတစ်ခု ဖူးပွင့်သွားလေတော့သည်။

လေးစားလျက်…

မမသဒ္ဒါမောင်
4th April 2008
pm (9:50)

# “ပရိသတ်များထံမှစေးစာ”

## ခင်မမနိုင်

သို့

မမသဒ္ဒါမောင်

ကျွန်တော်က မမသဒ္ဒါမောင်ရဲ့ ပရိသတ်တစ်ဦးပါ။ ‘မမသဒ္ဒါမောင်’ဆိုတဲ့နာမည်ကို သဘောကျပါတယ်။ နာမည်က ရှည်ပေမယ့် ခေါ်လို့ကောင်းပါတယ်။ ကျွန်တော်ကတော့ ‘မမသဒ္ဒါမောင်’ လို့ပဲခေါ်မယ်။ ကျွန်တော်ကလို့ရေးထားပေမယ့် ယောကျ်ားလေးမဟုတ်ပါဘူး။ အစ်ကိုတွေနဲ့ဆိုတော့ ကျွန်တော်လို့ပြောတာ အကျင့်ပါနေလို့ပါ။ နာမည်ကတော့ ‘ခင်မမနိုင်’ ပါ။ ‘မမသဒ္ဒါမောင်’ရဲ့ ဝတ္ထုကို ‘ရုန်းထွက်ခွင့်’ ကနေစပြီး ဖတ်ဖူးတာပါ။ အရမ်းကြိုက်ပါတယ်။ ကျွန်တော် ‘မမသဒ္ဒါမောင်’ရဲ့ဝတ္ထုတွေထဲမှာ အင်္ဂလိပ်သီချင်းလေးတွေပါတဲ့အတွက် အရမ်းကြိုက်တယ်။ ‘ရုန်းထွက်ခွင့်’၊ ‘အနားသတ်မညီသော’၊ ‘ရော့---ယူပါ ၁၅၀၀’ ထဲမှာပါတဲ့ အင်္ဂလိပ်စာသားတွေကို ကျွန်တော်ကူးထားတယ်။ အဲဒီသီချင်းတွေက ကျွန်တော်တို့အိမ်မှာ အမြဲနားထောင်တဲ့သီချင်းတွေပါ။ ကျွန်တော် ‘မမသဒ္ဒါမောင်’ရဲ့ဝတ္ထုတော်တော်များများဖတ်ပြီးသွားပြီ။ ‘ရုန်းထွက်ခွင့်’၊ ‘သဲမြသွာ’၊ ‘တံလျှပ်ကိုမှရေထင်’၊ ‘ရင်ကိုပစ်ခွင်းခဲ့သော်လည်း’၊ ‘အိမ်တဆိတ်လေး’၊ ‘အသက်လို’၊ ‘အနားသတ်မညီသော’၊ ‘ရော့---ယူပါ

www.burmeseclassic.com

၁၅၀၀' ဆိုတဲ့စာအုပ်တွေပါ။ 'မမသဒ္ဒါမောင်'ရဲ့ ဝတ္ထုထဲက ဇာတ်ကောင်တွေကို သဘောကျပါတယ်။ ဇာတ်သိမ်းခန်းမှာ ပျော်ရွှင်စရာလေးတွေနဲ့ ဇာတ်သိမ်းပေးပါ။ အဲဒီလိုလေးတွေဖတ်ရတာ စိတ်ချမ်းသာတယ်။ နောက်ထွက်မယ့် စာအုပ်တွေမှာလည်း အင်္ဂလိပ်သီချင်းလေးတွေထည့်ရေးပေးပါဦး။ 'မမသဒ္ဒါမောင်'ရဲ့ထွက်သမျှစာအုပ်တွေကို အမြဲအားပေးနေမှာပါ။ ကျွန်တော်စာရေးတာ အမှားပါရင် နားလည်ခွင့်လွှတ်ပေးပါ။ ကျွန်တော့်ကို ခင်ရင်စာပြန်စေချင်ပါတယ်။

'မမသဒ္ဒါမောင်'စာတွေများများရေးနိုင်ပါစေ။ ဒီ့ထက်မက အောင်မြင်ပါစေ။ ကျန်းမာပါစေ။ လိုအင်ဆန္ဒများပြည့်ဝပါစေလို့ ဆုတောင်းပေးပါတယ်။

'မမသဒ္ဒါမောင်'ရဲ့ စာအုပ်တွေကို အမြဲအားပေးနေမယ့်သူ
ခင်မမနိုင်
(စိုးစံ ဒိုင်နမိုမော်တာပြုပြင်ရေး)
ဦးညာဏ်လင်း ၊ ဒေါ်လှကြည်
ရွှေစိတ်ကြည်ကွက်သစ်၊
ချင်းတွင်းတံတားမြောက်ဘက်၊
အလုံတပ်မြို့၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်း။

ဖြိုးလေး

သို့

မင်္ဂလာပါ၊ မမသဒ္ဒါမောင်

'မမသဒ္ဒါ'လို့ပဲ ခေါ်မယ်နော်။ 'မမသဒ္ဒါ'ရဲ့ မနက်နိုးထတိုင်း ပျော်ရွှင်မှု များစွာရပါစေလို့ ညီမလေး ဆုတောင်းလိုက်ပါတယ်။ ညီမလေးရဲ့နာမည်က 'ဖြိုးလေး' လို့ခေါ်ပါတယ်။ ဖြိုးလေးက 'မမသဒ္ဒါ'ရဲ့ပရိသတ်တစ်ဦးပါ။ 'မမသဒ္ဒါ'ရဲ့ စာအုပ်တွေက အရမ်းဖတ်လို့ကောင်းတယ်။ 'မမသဒ္ဒါ'ရဲ့စာအုပ်ကို 'သဲမြည်သာ' ကနေ စဖတ်ရတယ်။ နောက်ပြီးတော့ 'ရှုန်းထွက်ခွင့်' ကိုလည်းကြိုက်တယ်။ 'မမသဒ္ဒါ'ရဲ့စာအုပ်တိုင်းလိုလိုဖတ်တယ်။ နောက်ဆုံးစာအုပ်အထိ ဖတ်ပြီးပြီ။ 'မောင့်ရင်ထဲကနှင်းသန်းနိုင်' ဇာတ်လမ်းလေးကိုလည်း ကြိုက်တယ်။ 'မမသဒ္ဒါ' နောက်ထွက်မယ့် စာအုပ်တွေမှာ ကောင်လေးနဲ့ ကောင်မလေး မတည့်တာလေးတွေ နောက်ပိုင်းမှာညားတာတွေ ရေးပေးပါနော်။ အမှားပါရင်ခွင့်လွှတ်ပါ။ 'မမသဒ္ဒါ'ရဲ့ လိပ်စာနဲ့ဓာတ်ပုံလေးပြန်ပေးပါနော်။ လက်ရေးမလှလို့ သည်းခံပြီးတော့ ဖတ်ပေးပါ။ 'မမသဒ္ဒါ' စာပေလောကမှာ အောင်မြင် ကျော်ကြားဆုံး စာရေးဆရာမကောင်းဖြစ်ပါစေလို့ ဖြိုးလေးဆုတောင်းလိုက်ပါတယ်။ ဖြိုးလေးတို့ ပြည်ကိုရောက်ရင် အလည်ဝင်ခဲ့နော်။

'မမသဒ္ဒါ'ရဲ့ စာကို စောင့်မျှော်လျက် –
ထာဝရအားပေးနေမယ့်
ဖြိုးလေး
ဦးခင်မောင်ဝင်း၊ ဒေါ်သော်သော်
ထီး၊ ဖိနပ်၊ အိတ်ဆိုင်
အမှတ် (၄၆/၄၇/၄၈) ဈေး[illegible]
(၃)ရပ်နောက်ဘက်ထိပ်၊ [illegible]

www.burmeseclassic.com

www.burmeseclassic.com

## လရိပ်မေ

သို့

မင်္ဂလာပါ

"မမသဒ္ဒါမောင်"

'မမ' လို့ပဲခေါ်မယ်နော်။ ညီမလေးက မမရဲ့ပရိသတ်တစ်ယောက်ပါ။ မမရဲ့စာအုပ်တိုင်းလိုလို ဖတ်ဖြစ်တယ်။ အဲဒီထဲမှာ ပိုပြီးကြိုက်တဲ့စာအုပ်လေးက 'အနားသတ်မညီသော' စာအုပ်လေးပဲ။ မမ နောက်ထုတ်မယ့်စာအုပ်တွေမှာ ကောင်လေးနဲ့ကောင်မလေး မတည့်တာလေးတွေ ရေးပေးပါ။ ပြီးရင်လည်း ဇာတ်သိမ်းခန်းမှာ ညားပေးပါနော်။ 'အနားသတ်မညီသော' စာအုပ်လေးမှာလေ ကောင်လေးနဲ့ကောင်မလေးက ချစ်ရဲ့သားနဲ့မညားဘူး။ မမ အဲဒီစာအုပ်လေးက အရမ်းကောင်းတယ်။ ကောင်မလေးက သနားဖို့လည်းကောင်းတယ်။ မမရယ် နောက်တစ်ခါကျရင် အဲဒီလိုမျိုးစာအုပ်တွေ သိပ်မရေးပါနဲ့။ သနားလို့ပါ။ မမရေ ညီမလေးစာရေးတာ အမှားပါရင် ခွင့်လွှတ်ပါနော်။ မမ၊ ညီမလေးဆီကို စာလေးနဲ့ဓာတ်ပုံလေးပြန်ပေးပါနော်။

'မမ'ရဲ့ စာကို အမြဲစောင့်မျှော်လျက် –

မမရဲ့ ထာဝရပရိသတ်

လရိပ်မေ

ဟိန်း (ကြက်စာဆိုင်)

(၃) ရုံထိပ်၊ ဈေးကြီး၊ ပြည်မြို့။

## ခင်နှိုသင်း

ဆရာမ 'မမသဒ္ဒါမောင်' ဆီသို့

ခင်မင်လေးစားစွာဖြင့် –

'မ' လို့ပဲခေါ်မယ်နော်။ ညီမက ဝတ္ထုဖတ်ဂျပိုးတစ်ယောက်ပါ။ ဇာတ်သိမ်းညားတဲ့ ဝတ္ထုမှန်သမျှ အကုန်ဖတ်ပါတယ်။ စာရေးဆရာ မရွေးပါဘူး။ ဒါပေမဲ့ 'မ' ရေးတဲ့ စာအုပ်တွေကိုကြိုက်တယ်။ ဇာတ်လမ်းကောင်းလေးတွေရေးလို့ 'မ'ရဲ့ဝတ္ထုတွေက အရမ်းဖတ်လို့ကောင်းတယ်နော်။ တစ်အုပ်ဖတ်ပြီးရင် နောက်တစ်အုပ်ထပ်ထပ်ဖတ်ချင်အောင် အရမ်းကို ဆွဲဆောင်မှုရှိတယ်။ ဇာတ်အိမ်ဖွဲ့ကောင်းတယ်။ နာမည်ပေးမိုက်တယ်။ 'မ'ရဲ့ရှေ့မျက်နှာဖုံးတွေက design မိုက်တယ်နော်။ ညီမ သတိထားကြည့်မိသမျှတော့ အကုန်ကောင်းပါတယ်။ ညီမလေ 'မ'ရဲ့စာအုပ်တွေထဲက First အဖြစ် 'တိတ်တဆိတ်လေး' ကို စဖတ်ခဲ့ဖူးတာပါ။ ကောင်းတယ်။ အရမ်းကြိုက်တယ်။ Second အဖြစ် 'ရှန်းထွက်ခွင့်'၊ Third ဖတ်ဖြစ်ခဲ့တဲ့ 'ရင်ကိုပစ်ခွင်းခဲ့သော်လည်း' လည်းကောင်းတယ်။ 'မ'စာအုပ်တွေထဲမှာ 'တိတ်တဆိတ်လေး' ကို အကြိုက်ဆုံးပါပဲ။ 'အနားသတ်မညီသော' ကိုဖတ်ရတာ ကောင်းတော့ အရမ်းကောင်းတယ်။ ဒါပေမဲ့ ငိုရတယ်နော်။ 'မ'ရဲ့စာအုပ်တွေကို ဆက်ဆက်ဖတ်နေဦးမှာပါ။

အရေးအသားရော Idea ပါကောင်းတဲ့ 'မ' ကို လေးစားခိုင်းကျူးပါတယ်။ 'မ'ဆီကို မိတ်ဆက်စာရေးမယ်လို့စိတ်ကူးထားသာကြာပြီ။ ဒါပေမဲ့ မရေးဖြစ်ခဲ့ပါဘူး။ 'မ'ရဲ့ စာအုပ် (၄)အုပ်လောက် ဖတ်ပြီးပြီ ဆိုတော့ အရမ်းစာရေးကောင်းတဲ့ 'မ'ဆီကို မိတ်ဆက်ခိုင်းရတာ အရမ်း

www.burmeseclassic.com

ကို ရေးချင်လာခဲ့ပါတယ်။ ဇာတ်လမ်းထဲက ဇာတ်ကောင် (တစ်နည်းအားဖြင့် 'မ'ရဲ့အရေးအသား) စကားပြောတွေက အရမ်းမိတယ်။ ဝတ္ထုထဲမှာပါတဲ့ကဗျာတွေကလည်း ကောင်းတယ်နော်။ English meaning တွေကို ကြားညှပ်သဘောမျိုးနဲ့ အများသိအောင် ရေးပေးတာကို သဘောကျ ကျေးဇူးတင်ပါတယ်။ 'မ'က အင်္ဂလိပ်သီချင်းတွေ နားထောင်ပုံရတယ်နော်။ အလွတ်ရေးပေးတာလားဟင်။ 'မ' ကို အကြံပေးချင်တာက အရမ်းစတတ်နောက်တတ်တဲ့ကောင်လေးတစ်ယောက်အကြောင်းကို အချစ်ဟာသဝတ္ထုအဖြစ် စမ်းရေးကြည့်ပါလားဟင်။ ဥပမာ – 'အနားသတ်မညီသော' Page (78) ထဲက 'ပြန်လာတာနဲ့ ဆုံးမတာက အရင်။ ဟုတ်ကဲ့ပါအမေ၊ သားမေ့သွားလို့ပါ' အဲဒီလိုမျိုး ကြည်နူးစရာကောင်းတဲ့ စကားပြောလေးတွေနဲ့ အချစ်ဟာသတစ်အုပ်လောက် ဖြစ်ဖြစ် စာစီစေချင်ပါတယ်။ 'မ'စာရေးရင် ဇာတ်သိမ်းခန်းပေါင်းတဲ့ ဇာတ်လမ်းမျိုးပဲ ရေးပေးပါနော်။ ဇာတ်သိမ်းမညားရင် ခံစားရတယ်။ ဇာတ်သိမ်းညားမှ ဖတ်ချင်တာ။ ညီမက အသည်းနုတယ် 'မ'ရဲ့။ ညီမစိတ်ကူးယဉ်ကြည့်တယ်။ 'မ'ရဲ့စာအုပ်တွေကို ဇာတ်လမ်းရိုက်ရင် ကောင်းမှာပဲနော်။ ဒါရိုက်တာတွေက ဇာတ်လမ်းလာမဝယ်ဘူးလားဟင်။ 'မ' ဝတ္ထုကို မင်းသား၊ မင်းသမီးကောင်းကောင်းလေးနဲ့ ဇာတ်လမ်းရိုက်ရင် အရမ်းကောင်းမှာပဲနော်။

'မ'ရဲ့အကြောင်းတွေသိချင်တယ်။ 'မ'နာမည်အရင်း၊ 'မ' အသက်---ပြီးတော့ 'မ'က Physics နဲ့ ကျောင်းပြီးတာလားဟင်။ ကိုယ်လေးစားတဲ့အနုပညာသည်လေးတစ်ဦးရဲ့အကြောင်းကို သိခွင့်ရမယ်ဆိုရင် သိချင်ပါတယ်။ သချာပါတယ်၊ 'မ' ရေးပုံနဲ့ဆိုရင် အောင်မြင်ကျော်ကြားမှုသရဖူကိုဆောင်းရမှာ အမှန်ပါ။ 'မ'ရဲ့အောင်မြင်မှုအတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ 'မ'က ညီမမိတ်ဆက်စာရေးသားပေးပို့ခြင်းကို First ရရှိခဲ့သူပါ။ 'မ' ရဲ့ဝတ္ထုတွေကို မျှော်နေမယ်နော်။ ဆက်ဆက်ဖတ်နေမှာပါ။ ဆက်လက်အားပေးနေပါမယ်။ အရမ်းအရမ်းကောင်းတဲ့ဝတ္ထုဇာတ်လမ်းများကို Idea ကောင်းကောင်းနဲ့ ဆက်လက်ရေးဖွဲ့နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်'မ'။ ဒါပါပဲရှင်။

ရှင်သန်ခွင့်ရှိတဲ့အချိန်လေးတိုင်းမှာ
'မ' ကို
အမြဲတာဝရအားပေးနေမယ့်
ညီမလေးတစ်ယောက်
(13-5-2009) (Wed)

ဖင်နိုသင်း (ZNT)
First Year (English)
Rakokku
အမှတ် (၃)၊ သီရိဖေယျာလမ်း၊
ပခုက္ကူမြို့၊ မကွေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## တင်နီလာမွန်

သို့

"မမသဒ္ဒါမောင်"တဲ့။ အရမ်းကြာနေပါပြီ။ ဝတ္ထုဇာတ်လမ်းလေး နာမည်တောင် အခုထိ အမှတ်ရနေတုန်း။ ဒါပေမဲ့ အရမ်းကြာနေပြီမို့ သိပ်မသဲကွဲချင်တော့ဘူး။ 'သဲမြည္ဘာ' ဆိုတာလေ၊ မမှတ်မိတာကိုတော့ 'မမ'ခွင့်လွှတ်ပေးနော်။ အဲဒီဇာတ်လမ်းလေးကို အရမ်းသဘောကျခဲ့တာ။ 'မမ'ရဲ့စာအရေးအသားလေးတွေကို သဘောကျခဲ့တာပေါ့။ ကျောင်းစာတွေနဲ့ မအားလပ်တဲ့ကြားထဲကနေ 'မမ'စာအုပ်တချို့တလေကို ဖတ်မိအောင် ဖတ်ရတာ အမောပါပဲ။ တချို့စာအုပ်တွေလည်း မဖတ်ရသေးဘူး။ နာမည်လေးက လှသလို လူကလည်း အရမ်းလှမှာပဲနော်။ ဓာတ်ပုံရှိရင် ပေးပါလား 'မမ'။ 'မွန်လေး' က စာတော့ သိပ်ပြီးဖွဲ့ဖွဲ့နွဲ့နွဲ့မရေးတတ်ဘူး။ 'မမ'ကို အားပေးနေတယ်ဆိုတာကိုတော့ ယုံနော် 'မမ'။ ညီမလေးဆီကိုတော့ စာပြန်ပါနော်။ ဖြစ်နိုင်ရင် 'မမ' ဆီက စာအုပ်တစ်အုပ်လောက် လက်ဆောင်လိုချင်ပါတယ်။ ဖြစ်နိုင်ရင်ပေါ့။

'မမ' တစ်ယောက် စာပေလောကမှာ အောင်မြင်မှုတွေ ထာဝရရရှိပါစေ။ ပျော်ရွှင်စွာ အခက်အခဲမရှိ လျှောက်လှမ်းနိုင်ပါစေလို့ 'မမ'ရဲ့ ပရိသတ်တစ်ယောက်ဖြစ်တဲ့ 'မွန်လေး' ဆုတောင်းပေးလိုက်ပါတယ်။

တင်နီလာမွန်
တောင်ပြင်ရပ်၊ အလုံတပ်မြို့၊
ချင်းတွင်းတံတားအနီး၊
မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်း။

# မမသဒ္ဒါမောင်

## ထွက်ပြီးစာအုပ်များ

၁။ ရင်ကိုပစ်ခွင်းခဲ့သော်လည်း
၂။ တံလျှပ်ကိုမှရေထင်
၃။ အသက်လို
၄။ သဲမြည္ဘာ
၅။ တိတ်တဆိတ်လေး
၆။ ငြိုးသူ့ရင်မှာ
၇။ ရှန်းထွက်ခွင့်
၈။ ရွှေရင်ခုန်တအုံနွေးနွေး
၉။ အနားသတ်မညီသော
၁၀။ ရော့...ယူပါ...၁၅၀၀
၁၁။ နှလုံးသားရဲ့ကွန်းခိုရာ
၁၂။ မောင့်ရင်ထဲက နှင်းပန်းခိုင်
၁၃။ မြားနှစ်စင်း၏ဆုံမှတ်တစ်နေရာ
၁၄။ ရှင့်ကိုမုန်းတယ်
၁၅။ ပိုင်ဆိုင်တာအားလုံး ပုံပေးပါရစေ
၁၆။ ပင်လယ်သမုဒ္ဒရာထက် ကျယ်ဝန်းနက်ရှိုင်းသော

ယခုလထုတ် ( ၂၀၀၉ ဩဂုတ် )

## "ရင်ထဲမှာ ထာဝရ"

www.burmeseclassic.com

www.burmeseclassic.com

# မယ်နိုင်

## သဲမုန်တိုင်းရဲ့ နှလုံးသားစိန်ခေါ်သံ

စတုတ္ထမြောက်လုံးချင်းဝတ္ထုသစ်

ဩဂုတ်လ ၂၀၀၉ တွင် ထွက်မည်။

**ထွက်ပြီးစာအုပ်များ**

ချစ်သူ့ပေဖူးလွှာ

ရည်းစားဦးကျိန်စာ

ထစ်ချုန်းမိုး

**ထွက်မည့်စာအုပ်များ**

အိုအေစစ်ကိုရှာဖွေကြသူများ

နှလုံးသားတွန်သံ

ဆူးမဲ့နှင်းဆီ

# မမသဒ္ဒါမောင်

**ထွက်ပြီးစာအုပ်များ**

၁။ ရင်ကိုပစ်ခွင်းခဲ့သော်လည်း

၂။ တံလျှပ်ကိုမှရေထင်

၃။ အသက်လို

၄။ သဲမြည္ဘာ

၅။ တိတ်တဆိတ်လေး

၆။ ငြိုးသူ့ရင်မှာ

၇။ ရုန်းထွက်ခွင့်

၈။ ရွှေရင်ခုန်တအုံနွေးနွေး

၉။ အနားသတ်မညီသော

၁၀။ ရော့...ယူပါ...၁၅၀၀

၁၁။ နှလုံးသားရဲ့ကွန်းခိုရာ

၁၂။ မောင့်ရင်ထဲက နှင်းပန်းခိုင်

၁၃။ မြားနှစ်စင်း၏ဆုံမှတ်တစ်နေရာ

၁၄။ ရှင့်ကိုမုန်းတယ်

၁၅။ ပိုင်ဆိုင်တာအားလုံး ပုံပေးပါရစေ

၁၆။ ပင်လယ်သမုဒ္ဒရာထက် ကျယ်ဝန်းနက်ရှိုင်းသော

ယခုလထုတ် ( ၂၀၀၉ ဩဂုတ် )

## "ရင်ထဲမှာ ထာဝရ"

www.burmeseclassic.com